# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၉၂)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၈

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

**လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား** စာ ၆

**ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြား** စာ ၆




မြန်မာ့အလင်း

# စိတ်စေတနာနှင့် သိက္ခာသမာဓိ

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ကူညီမှု ငါးမျိုးစီကို ဧပြီ ၁၀ ရက်မှ စတင်၍ အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၅၀ ယူနစ်အထိကို ဧပြီလကုန်အထိ အခမဲ့ပေးသွားမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ဧပြီလ ၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဤသည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နိုင်ငံအနှံ့အပြားမှ ပြည်သူများ၏ တင်ပြချက်များကိုစိစစ်၍ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှာဖွေသုံးသပ်ခဲ့ခြင်းမှ ထွက်ပေါ်လာသည့်ရလဒ်ဖြစ်ပြီး ပြည်သူများအထူးသဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရ၏ စေတနာ၊ မေတ္တာ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုအတွက် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန် (၁) ပိဿာ ပါဝင်သည့် ထောက်ပံ့ကူညီမှု (၅) မျိုးကို ရက်တိုတိုအတွင်း အခမဲ့ ဖြန့်ဖြူးထောက်ပံ့ရာတွင် မလိုလားအပ်သည့် လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းစသည်တို့ကို ပြုလုပ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ကြီးကြပ်ကွပ်ကဲကာ ဌာနဆိုင်ရာများ၊ ကုန်သည်/စက်မှုအသင်းချုပ်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟူ၍လည်း သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

နိုင်ငံအနေဖြင့် ဓနအင်အားတောင့်တင်း၍ ချမ်းသာကြွယ်ဝသည့် နိုင်ငံမဟုတ်စေကာမူ နိုင်ငံသူ နိုင်ငံသား ပြည်သူတို့ တင်ပြလာသည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမှုမှာ ပြည်သူများအတွက် ပြည်သူ့အစိုးရ၏ အစီအမံပင်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင်ရှိနေသော အမှန်တကယ် လိုအပ်နေသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများထံ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ရောက်ရှိသွားရန် ဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ လိုမည်ဖြစ်သည်။

မိမိတို့ ပြည်သူတစ်ရပ်လုံး ရင်ဆိုင် ဖြတ်သန်းနေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေး ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဒေသအလိုက် အသွားအလာကန့်သတ်မှုများ ပြုလုပ်နေရချိန်တွင် နိစ္စဓူဝ စားဝတ်နေရေးအတွက် အထိအနာဆုံး ထိခိုက်ခံစားကြရမည့်သူများမှာ ပုံမှန်ဝင်ငွေမရှိကြသည့် မိသားစုများက ထိပ်ဆုံး၌ ရှိနေကြလိမ့်မည်ဖြစ်သည်။ ထို့အပြင် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်နှင့်ပါ တိုက်ဆိုင်လာသည့်အခါ အခြေခံလူတန်းစားများအဖို့ နေ့ရက်တိုင်းမှာ အခက်အခဲကြီးစွာ ရင်ဆိုင်ကြရမည် ဖြစ်သည့်အလျောက် နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားကုန် (၅)မျိုးမှာ အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိသည်။ အထူးအားဖြင့် ဆိုဖွယ်ရှိသည်မှာ “ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား” မိသားစုများ စာရင်းကောက်ယူခြင်းနှင့် ပစ္စည်းများဖြန့်ဝေခြင်းတို့တွင် တာဝန်ယူဆောင်ရွက်ကြရသည့် ပုဂ္ဂိုလ်များ၏ လုပ်ရည်ကိုင်ရည်၊ စိတ်စေတနာနှင့် သိက္ခာသမာဓိတို့ကို မူတည်၍ အောင်မြင်မှုအနိမ့်အမြင့်တို့ ဖြစ်ပေါ်လာနိုင်ခြင်းပင်ဖြစ်သည်။

အခြေခံလူတန်းစားပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ကြရသည့်အခါ အကျင့်ပျက်၊ ဘက်လိုက်၊ သမာသမတ်မရှိပါက မကျေနပ်မှုများ၊ ပဋိပက္ခများ ပေါ်ပေါက်လာနိုင်သလို ချမှတ်ပေးထားသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးသည့်တိုင်ကြေငြာခံမှုများ၊ ဝိရောဓိများလည်း ရှိနိုင်သည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပုံမှန်ဝင်ငွေမရှိကြသည့် အခြေခံလူတန်းစားများ ကာလတစ်ရပ်အတွက် စားရေးမခက်ရအောင် ကရုဏာစိတ်ထားကာ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာကို ထိထိရောက်ရောက် ဖြန့်ကြက်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၈)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၈-၄-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ဦးမောင်ကြူ (OK ဂျုံမှုန့်) + ဒေါ်သန်းသန်းဌေး သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများ | ၁၁၀၀.၀၀ |
| ၂။ | ဦးဝင်းမြင့်မောင် မိသားစုနှင့် သူငယ်ချင်းမိသားစုများ | ၅၀၀.၀၀ |
| ၃။ | ဦးအောင်လင်း+ ဒေါ်စန်းစန်းမြင့် သား ဦးမျိုးသန့်၊ ဒေါက်တာဖေယျာလင်း မင်းထင်ပဲင်ပြာရည်လုပ်ငန်း | ၂၀၀.၀၀ |
| ၄။ | ဟန်စိန်သန့် ကုမ္ပဏီ | ၁၅၀.၀၀ |
| ၅။ | မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | ၁၀၀.၀၀ |
| ၆။ | ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)နှင့် စေတနာရှင်များ | ၁၀၀.၀၀ |
| ၇။ | စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ | ၅၄.၀၀ |
| ၈။ | ပညာရေးဝန်ကြီးဌာန | ၃၇.၀၀ |
| ၉။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဝန်ထမ်းများ | ၁၉.၀၀ |
| ၁၀။ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ | ၁၅.၀၀ |
| ၁၁။ | 1982 ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ ကျောင်းသူကျောင်းသားများ | ၁၅.၀၀ |
| ၁၂။ | Mr Fahmid Bhulya (PGMF) | ၁၀.၀၀ |
| ၁၃။ | Light House မှ ကိုထွန်းဝင်းအောင်နှင့် မောင်နှမများ | ၁၀.၀၀ |
| ၁၄။ | စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း | ၁၀.၀၀ |
| | စုစုပေါင်း | ၂၃၂၀.၀၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

## ကိုဗစ်-၁၉ စောင့်ကြပ်ကြည့်ရှုရေးနေရာများအတွက် ရောဝတီဖောင်ဒေးရှင်းမှ ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်း

**ဘားအံ ဧပြီ ၈**

ကရင်ပြည်နယ် အစိုးရအဖွဲ့ထံသို့ ရောဝတီဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်နေရာများအတွက် ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရောဝတီဖောင်ဒေးရှင်း အထွေထွေမန်နေဂျာ ဦးသန့်ဇော်စိုးက ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံရန်ပုံငွေ မတည်ပေးခြင်းနှင့် နေထိုင်စားသောက်သွားလာရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံသုံးကာကွယ်ရေးပစ္စည်းများ လှူဒါန်းခြင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် အသွားအလာကန့်သတ်သည့်နေရာများနှင့် အကျွေးအမွေး ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ဆန်အိတ် ၁၀၀၀ အား ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❏ Home Quarantine မှ လာကြသူများသည် ကိုယ့်မိသားစုအပေါ်တွင် တာဝန်ကြီးသွားပြီဆိုသည်ကို သဘောပေါက်ကြစေလိုကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် မနေထိုင်ဘဲ နေချင်သလိုနေမည်ဆိုပါက ကိုယ့်မိသားစုအတွက် အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ကြရမည်ဖြစ်၊ ထို့ပြင် ကိုယ့်မိသားစုမှတစ်ဆင့် ကိုယ့်ရပ် ကိုယ့်ရွာအတွက်လည်း အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ရမည်ဖြစ်

❏ ကျေးရွာတိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက အများတွေ့မြင်နိုင်သည့် နေရာများတွင် COVID–19 နှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေကို ကြေညာပေးစေလို

❏ တစ်ဦးချင်း တစ်ဦးချင်း မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက ယခု COVID–19 ရောဂါစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဖြစ်

❖ *ရွှေ့ဖုံးမှ*

ထို့နောက် ချောက်မြို့နယ် စလေတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်ဒေါက်တာခင်မာလွင်က စလေတိုက်နယ်ဆေးရုံအောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် COVID–19 ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများရှိသည့် ကျေးရွာများ၌ ကျန်းမာရေးပညာပေးခြင်း၊ အဖျားတိုင်းခြင်းနှင့် စာစောင်များဖြန့်ဝေခြင်း၊ တိုက်နယ်ဆေးရုံနယ်မြေရှိ Community Based Facility Quarantine site (၅) ခု၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် (၉၁) ဦးအား သီးခြားစောင့်ကြည့်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ယင်း Quarantine site များတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ Hand Speaker ဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေကို လည်းကောင်း၊ ရွှေပါရမီပညာရေးဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးအေးကိုကိုက "တိုက်ရိုက်ထိ တိုက်ရိုက်တွေ့၊ ပြည်သူမှပြည်သူသို့ အစီအစဉ်များဖြစ်သည့်" မကွေးပြည်သူ့ဆေးရုံ၊ မင်းဘူးပြည်သူ့ဆေးရုံနှင့် သင်ကြားရေးဆေးရုံတို့ရှိ အထူးကြပ်မတ်ဆောင်၌ တာဝန်ကျ ဆရာဝန်၊ ဆရာမ၊ လုံခြုံရေးဝန်ထမ်းနှင့် Volunteer တို့အား စားသောက်စရိတ် (၃) လစာ ထောက်ပံ့နေမှုနှင့် ရွှေပြည်နန်းကုမ္ပဏီမှ မတည်ပေါင်းစပ်ပြီး အခြားအလှူရှင်များနှင့်အတူ စားသောက်စရိတ်များ ထောက်ပံ့လှူဒါန်းခဲ့မှု၊ Quarantine ဧရိယာရှိ ဝန်ထမ်းများ၏ စားသောက်စရိတ်ကို အလှူရှင်မရှိသည့်နေ့များ၌ တာဝန်ယူလှူဒါန်းခဲ့မှု၊ တိုက်ရိုက်ထိတိုက်ရိုက်လှူစနစ်ဖြင့် မကွေးပြည်သူ့ဆေးရုံ နား၊ နှာခေါင်း၊ ရောဂါဗေဒဌာနသို့ PPE ဝတ်စုံနှင့် ECG စက်တို့ လှူဒါန်းခဲ့မှု၊ မကွေးပြည်သူ့ဆေးရုံတွင် ကျွေးမွေးစရိတ် (၁၂) သိန်းလှူဒါန်းခဲ့မှု၊ မင်းဘူးပြည်သူ့ဆေးရုံ၌ အသက်ရှူစက် လှူဒါန်းခဲ့မှု၊ မကွေးမြို့ပေါ်ရှိ လူမှုရေးပရဟိတအသင်းအဖွဲ့များသို့ PPE ဝတ်စုံများနှင့် Mask များလှူဒါန်းခဲ့မှု၊ ဧပြီ ၄ ရက်မှစတင်၍ Mask တစ်သောင်းကျော် သီးသန့်ချုပ်၍ မကွေးမြို့ပေါ်ရှိ ပြည်သူများသို့ လှူဒါန်းခဲ့မှုအခြေအနေများကို လည်းကောင်း၊ အောင်လံမြို့နယ် ဗိုလ်လုကုန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က တရုတ်နိုင်ငံစက်ရုံများတွင် ပိတ်မိနေသော အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာများမှ ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း (၁၅၀) ခန့်ကို ချင်းရွှေဟော်မြို့ နယ်စပ်ဂိတ်အထိ သွားရောက်ကြိုဆိုရာ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှု၊ ပြန်လည်ရောက်ရှိလာသော အဆိုပါပြည်တော်ပြန်များကို ဆေးစစ်ခြင်းနှင့် ဗိုလ်လုကုန်းကျေးရွာ အထက(ခွဲ)ရှိ Facility Quarantine Centre ၌ ထားရှိ၍ ကြီးကြပ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### မိသားစုထံမှ ပြန်လည်ကူးစက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်ပြောကြားရာတွင် Home Quarantine ကိုလည်း မိမိအနေဖြင့် စိတ်ပူပါကြောင်း၊ ယခုမနက်ဆုံးပါးသွားသူသည် မိသားစုထံမှ ပြန်လည်ကူးစက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ Home Quarantine မှ လာကြသူများသည် ကိုယ့်မိသားစုအပေါ်တွင် တာဝန်ကြီးသွားပြီဆိုသည်ကို သဘောပေါက်ကြစေလိုကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် မနေထိုင်ဘဲ နေချင်သလိုနေမည်ဆိုပါက ကိုယ့်မိသားစုအတွက် အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုယ့်မိသားစုမှတစ်ဆင့် ကိုယ့်ရပ် ကိုယ့်ရွာအတွက်လည်း အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ကျေးရွာနှင့် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်မှု ရှိ၊ မရှိကို ကျေးရွာများ တိုးတက်မှု ရှိ၊ မရှိကို ကြည့်ရမည် ဖြစ်ပါကြောင်း၊ လက်ကိုင်အော်လန်များ မရှိသည့် ကျေးရွာများကို မိမိအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ စေတနာအင်အားကြောင့် ဝိုင်းဝန်းလှူဒါန်းကြမည့်သူများ ရှိမည်ဟု ထင်ပါကြောင်း၊ ယင်းကိစ္စကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာတိုင်း တစ်နေ့လျှင် သုံးကြိမ် COVID–19 နှင့် ပတ်သက်၍ အသိပေးဆော်ဩရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကျေးရွာတိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက အများတွေ့မြင်နိုင်သည့် နေရာများတွင် COVID–19 နှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေကို ကြေညာပေးစေလိုပါကြောင်း၊ ယင်းမှာ သတိပြုရန်ဖြစ်ပါကြောင်း၊ အစိုးရိမ်မလွန်ကြစေလိုပါကြောင်း၊ မိမိအတွက် စဉ်းစားရာတွင် မိမိအသိုင်းအဝိုင်းအတွက်ပါ စဉ်းစားကြစေလိုကြောင်း၊ အုပ်ချုပ်ရေးအနေဖြင့် တစ်ခါတစ်ရံ အမုန်းခံရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဆိုလျှင် အကောင်းမမြင်ကြပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေကြောင့် ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်ပါက ရေရှည်တွင် နားလည်လာမည် ဖြစ်ပါကြောင်း၊ နောင်တွင် ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကို ပြည်သူများက "ငါတို့အားကိုးစရာ၊ ငါတို့အတွက် ရှိနေတဲ့အဖွဲ့ဖြစ်တယ်။ ငါတို့ပြည်သူတွေကို ကာကွယ်ဖို့ အကျိုးဆောင်တဲ့အဖွဲ့ဖြစ်တယ်" ဆိုတဲ့ စိတ်ဓာတ်ဖြစ်အောင် ယခုအချိန်တွင် တန်ဖိုးရှိရှိ အသုံးချစေလိုကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရိမ်မလွန်ကြစေရန် အသိပေးရမည် ဖြစ်ပါကြောင်း။

ယခု ရက်သတ္တပတ်အတွင်း၊ နောင်လာမည့် ရက်သတ္တပတ်အတွင်း Quarantine မှ ထွက်လာမည့်သူများအား ပညာပေးရန်နှင့် စည်းကမ်းဖြင့် နေထိုင်ရန်မှာ စိန်ခေါ်မှုဖြစ်မည်ထင်ပါကြောင်း၊ ပြန်လည်ရောက်ရှိလာကြသူများထဲမှ ရောဂါပါရှိသူများအနေဖြင့် လက္ခဏာပြမည့်အချိန်ဖြစ်ပါကြောင်း၊ ယင်းကိစ္စမှာ ကြောက်စရာကိစ္စ မဟုတ်ပါကြောင်း၊ သတိ၊ စည်းကမ်းဖြင့် ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြင်ဆင်မှုများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ပရဟိတအဖွဲ့အစည်းများအနေဖြင့်လည်း အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအကြား သဟဇာတဖြစ်အောင်၊ အစိုးရ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများနားလည်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်း မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက ယခု COVID–19 ရောဂါစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ကူညီကြရန် လိုအပ်ပါကြောင်း၊ "တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်၊ အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်" ဆိုသည့် စိတ်ဓာတ်ကို ဆောက်တည်သွားရန် လိုအပ်ပါကြောင်း၊ ယနေ့တွင် မြောက်ဥက္ကလာပဆေးရုံ၌ အသက် (၆၃) အရွယ်တစ်ဦး ဆုံးပါးသွားပါကြောင်း၊ ၎င်းမှာ အခြေခံအားဖြင့် သွေးတိုး၊ ဆီးချိုရှိပါကြောင်း၊ ရောဂါအခံရှိသူမှာ ပို၍အန္တရာယ်ရှိပါကြောင်း၊ ထို့ကြောင့် သတိထားကြစေလိုကြောင်း၊ တစ်ဦးတစ်ယောက် ဆုံးပါးခြင်းသည်လည်း မိမိတို့နိုင်ငံအတွက် ဆုံးရှုံးခြင်းဖြစ်ပါကြောင်း၊ နောင်ထပ်မံဆုံးရှုံးမှုမရှိစေရန် အတတ်နိုင်ဆုံး ကူညီဝိုင်းဝန်းကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ရောက်ရှိ

**ရန်ကုန် ဧပြီ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးရန် မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သွားရောက်ကြိုဆိုတွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ၎င်းတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းသွားမည့် တရုတ်ယွမ်ငွေ ၄၃၃၇၃၃၄ ဒသမ ၂၅ တန်ဖိုးရှိ ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲကိရိယာများ၊ စက်ပစ္စည်းများကို ကြည့်ရှုသည်။

"ဆွေမျိုးပေါက်ဖော်မေတ္တာနက်ရှိုင်း၍ အပြန်အလှန်ကူညီဖေးမပေး၊ ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ လက်တွဲတိုက်ဖျက်၊ အခက်အခဲအတူရင်ဆိုင်ကျော်လွှား" ဆောင်ပုဒ်ဖြင့် ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့တွင် Yunnan Administration of Traditional Chinese Medicine မှ စီမံအုပ်ချုပ်သူ၊ The First Affiliated Hospital of Kunming Medical University မှ ရင်ခေါင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်၊ ကူးစက်ရောဂါအထူးကုဆရာဝန်၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အထူးကုဆရာဝန်၊ ကျန်းမာရေးစီမံခန့်ခွဲမှုအရာရှိ၊ အကြီးတန်းသူနာပြု၊ Yunnan Center for Disease Control and Prevention မှ ကပ်ရောဂါဗေဒပညာရှင်များ၊ ဓာတ်ခွဲပညာရှင်များနှင့် Yunnan Provincial Hospital of Traditional Chinese Medicine မှ တရုတ်တိုင်းရင်းဆေးပညာရှင်တို့ပါဝင်ပြီး မြန်မာနိုင်ငံတွင် ၁၅ ရက်တာနေထိုင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှုအတွေ့အကြုံများ ဝေမျှခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဆေးပညာရှင်များအဖွဲ့သည် ၎င်းတို့လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း တစ်ပါတည်း ယူဆောင်လာခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အာဆီယံကျန်းမာရေးဝန်ကြီးများနှင့် အာဆီယံအပေါင်း(၃) ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference တွင် ပါဝင်ဆွေးနွေး

**နေပြည်တော် ဧပြီ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် ဧပြီ ၇ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသော အာဆီယံကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference နှင့် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသော အာဆီယံအပေါင်း(၃) ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference များကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အရေးပေါ်တုံ့ပြန်ရေးဌာနမှ ပါဝင်တက်ရောက်သည်။**(အောက်ဝဲပုံ)**



ယင်းသို့ တွေ့ဆုံရာတွင် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference အတွက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး (ASEAN Health Ministers Meeting) ၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံမှ ဦးဆောင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များက သက်ဆိုင်ရာ နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ကျန်းမာရေးဆိုင်ရာပညာရှင်များ စွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းများနှင့် ပညာသင် လဲလှယ်ရေးအစီအစဉ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် State of Art Hospital အဖြစ် နေပြည်တော်တွင် ဆေးရုံကြီးတစ်ခု တည်ဆောက်ရေးအစီအစဉ်၊ ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သောဆေးဝါးများ ဝယ်ယူရာတွင် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများ၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှုကုန်များ ကွပ်ကဲရေးလုပ်ငန်းစဉ်များနှင့် အဆိုပါပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ Special Video Conference တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာ သီတာလှနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့်မိုးစပါးစိုက်ပျိုး ထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင် လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

ဒုတိယညွှန်ကြားရေးမှူး - ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈

လက်ထောက်ညွှန်ကြားရေးမှူး - ၀၉-၂၅၆၀၈၈၅၂၅

ဦးကျော်ဆန်း (အတွင်းရေးမှူး) - ၀၉-၄၂၀၇၅၀၁၈၄

အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု ကော်မတီ (ပျဉ်းမနား)

ဦးသန်းနွဲ့(အတွင်းရေးမှူး) - ၀၉-၇၉၈၃၄၃၆၂၂

လယ်ဝေးမြို့နယ်သမဝါယမအသင်းစု

ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) - ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅

လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှု အသင်း

**သမဝါယမဦးစီးဌာန**

# တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ကျောင်းသုံးစာအုပ်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၈**

ကျောင်းသုံးစာအုပ်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ Video Conferencing ဖြင့် ချိတ်ဆက်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနက အပ်နှံထားသည့် ကျောင်းသုံးဖတ်စာအုပ်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စာအုပ်အမှာစာ စောင်ရေမှာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းကျော် ပုံနှိပ်ပြီးစီးနေပြီဖြစ်၍ သတ်မှတ်ကာလအတွင်း ပုံနှိပ်ထုတ်လုပ် ဖြန့်ချိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပြင်ပပုဂ္ဂလိက ပုံနှိပ်တိုက်များသို့ အပ်နှံဆောင်ရွက်သော ကျောင်းသုံးစာအုပ်များအနက် အများစုမှာ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု သိရှိရသော်လည်း ပုံနှိပ်စက်အချို့က လတ်တလော ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုအခြေအနေကြောင့် ပြီးစီးရန် အခက်အခဲရှိနိုင်သည်ဟု တင်ပြလာခြင်းများအပေါ် စဉ်းစားသုံးသပ်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်သည့် အရေအတွက်၊ လက်ရှိ ပြီးစီးနေသည့် အရေအတွက်နှင့် သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ဆောင်ရွက်လျက် ရှိသည့် အခြေအနေတို့ကို လည်းကောင်း၊ ပြင်ပပုဂ္ဂလိက ပုံနှိပ်တိုက်များအနက် သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည့် ပုံနှိပ်တိုက်များ၊ နှောင့်နှေးနိုင်သည့် ပုံနှိပ်တိုက်များ၏ အခြေအနေတို့ကို လည်းကောင်း အသေးစိတ်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လောလောဆယ်အထိ ကျောင်းများဖွင့်ရန် သတ်မှတ်ရက်မှာ ဇွန် ၁ ရက် ဖြစ်ပါကြောင်း၊ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ခြင်းနှင့်ဖြန့်ဝေခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် သတ်မှတ်ကာလတွင် ဖြန့်ချိနိုင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ဒေါက်တာဝင်းထွန်းတို့က ကျောင်းသုံးစာအုပ်ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိမှုများ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများနှင့် ပတ်သက်၍ ဖြည့်စွက် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**







ကျောင်းသုံးစာအုပ်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## နေပြည်တော်ကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID- 19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ကော်မတီမှ ပေးအပ်လာသည့် တာဝန်များကို ကော်မတီအဖွဲ့ဝင်များက အလေးအနက်ထားပြီး လုပ်ဆောင်ကြရန် လိုကြောင်း၊ နေပြည်တော်အတွင်း ပြည်ပမှနေရပ်သို့ ပြန်လည်ဝင်ရောက်လာသူများအား သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်၍ ၁၄ ရက် စောင့်ကြည့်ခြင်း လုပ်ငန်းများကို နေပြည်တော်စည်ပင်ရိပ်သာ၊ အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ဆေးရုံများတွင် ဆောင်ရွက်လျက်ရှိပြီး ထားရှိသည့် သတ်မှတ်နေရာများ စီမံဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူးတို့က Contact Tracing နည်းလမ်းများနှင့် လုပ်ဆောင်ချက်များ၊ လူထုအခြေပြုနေရာများ သတ်မှတ်ခြင်း၊ သီးသန့်ထားရှိမည့်ယာယီဆေးရုံများ သတ်မှတ်ပေးခြင်း၊ ရိက္ခာများ စီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးအစီအမံများ၊ လှုံ့ဆော်ပြန်ကြားရန်ကိစ္စရပ်များ၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်ရန်ကိစ္စ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်အားပေးများ၊ ကျန်းမာရေး ကိစ္စရပ်များ၊ ဈေးဆိုင်များကြီးကြပ်ဆောင်ရွက်ရန်ကိစ္စများနှင့် သန့်ရှင်းရေးကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# လူမျိုးပြုန်းစေမှုကိုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

**လူမျိုးပြုန်းစေမှုကိုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) ကို ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ၁၉၅၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အတည်ပြုခဲ့သည့်အလျောက် ယင်းနိုင်ငံတကာသဘောတူစာချုပ်နှင့် အခြားအပြည်ပြည်ဆိုင်ရာဥပဒေများအရ လိုက်နာရမည့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် မိမိတို့၏ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်၏ အပိုဒ် ၂ နှင့် အပိုဒ် ၃ ပြဋ္ဌာန်းချက်များပါ ပြစ်မှုများကို ကျူးလွန်ခြင်းမပြုစေရန် စီမံဆောင်ရွက်ရမည်။ (အဆိုပါသဘောတူစာချုပ် အပိုဒ် ၂ နှင့် ၃ တို့၏ ပြဋ္ဌာန်းချက်အပြည့်အစုံကို နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။)

၃။ လူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသောသူများကဖြစ်စေ အထက်အပိုဒ် ၂ တွင် ဖော်ပြသည့် ပြစ်မှုကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ကြောင်း သို့မဟုတ် ကြိုတင်ကြံစည်ကြောင်း သို့မဟုတ် အားပေးလှုံ့ဆော်မှုပြုကြောင်း သို့မဟုတ် အဆိုပါပြစ်မှုကို ပူးပေါင်းကျူးလွန်ကြောင်း ခိုင်လုံသော သတင်းရရှိသူမည်သူမဆို ယင်းကိစ္စရပ်အား ၎င်း၏အထက်အရာရှိထံမှတစ်ဆင့်ဖြစ်စေ၊ ၎င်းကိုယ်တိုင်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းလမ်းဖြင့်ဖြစ်စေ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်။

၄။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသည် အထက်အပိုဒ် ၂ ပါ ပြစ်မှုများကို ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော သတင်းအချက်အလက်များကို ယင်း၏လက်အောက်ခံရုံးများမှ ရရှိပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသည် ဤညွှန်ကြားချက်နှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို နိုင်ငံတော်သမ္မတရုံးသို့ သုံးလတစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

အမိန့်အရ

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**

**နောက်ဆက်တွဲ**

**လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်**
**အပိုဒ် ၂ နှင့် ၃**

**အပိုဒ် ၂**

ယခုစာချုပ်တွင် လူမျိုးပြုန်းစေမှုဆိုသည်မှာ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး သို့မဟုတ် ဘာသာရေးဆိုင်ရာအုပ်စုစသည်တို့အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော အောက်ဖော်ပြပါဆောင်ရွက်မှုတစ်ခုခုဖြစ်သည် –

(က) အုပ်စုတစ်စု၏ အဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း၊
(ခ) အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်သောထိခိုက်နာကျင်မှုကို ဖြစ်စေခြင်း၊
(ဂ) အုပ်စုတစ်စုတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုဖြစ်စေရန် တွက်ချက်အကွက်ချ၍ ယင်းတို့၏ ဘဝရပ်တည်မှုအခြေအနေအား ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်စေခြင်း၊
(ဃ) အုပ်စုတစ်စုအတွင်း မွေးဖွားမှုများကို တားမြစ်ပိတ်ပင်ရန်ရည်ရွယ်၍ နည်းလမ်းများ ချမှတ်ကျင့်သုံးခြင်း၊
(င) အုပ်စုတစ်စု၏ ကလေးများကို အခြားအုပ်စုတစ်စုသို့ အဓမ္မလွှဲပြောင်းခြင်း။

**အပိုဒ် ၃**

အောက်ပါဆောင်ရွက်မှုများကို အပြစ်ပေးရမည် –

(က) လူမျိုးပြုန်းစေမှု၊
(ခ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် ပူးပေါင်းကြံစည်ခြင်း၊
(ဂ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် ညွှန်ကြားခြင်းနှင့် အများပြည်သူအား လှုံ့ဆော်ခြင်း၊
(ဃ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် အားထုတ်ခြင်း၊
(င) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် အလိုတူအလိုပါဖြစ်ခြင်း။

# ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၂ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

**ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်း၍ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များ၊ ယင်းနှင့်သက်ဆိုင်သည့်ကိစ္စများကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခဲ့ရာ ကော်မရှင်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ထံ ပေးပို့လမ်းညွှန်ခဲ့ပြီးနောက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့သည် ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ဖြစ်စဉ်များကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၃။ အပိုဒ် ၂ ပါ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ကူညီပံ့ပိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ၊ ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ဌာနများ၊ ရုံးများနှင့် ဝန်ထမ်းများအား အောက်ပါတို့ကို ဖျက်ဆီးခြင်းဖြစ်စေ၊ ဖယ်ရှားခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို ခွင့်ပြုခြင်းဖြစ်စေ မပြုရန် တားမြစ်လိုက်သည် –

(က) လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြထားသည့် ဖြစ်စဉ်များအတွက် သက်သေအထောက်အထားဖြစ်စေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဧရိယာတစ်ခုခုအတွင်းရှိ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊
(ခ) အောက်ပါတို့နှင့် စပ်လျဉ်း၍ သက်သေအထောက်အထားဖြစ်စေသည့် အရာတစ်ခုခု –
   (၁) လူ့အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း၊
   (၂) လူ့အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်သော ထိခိုက်နာကျင်မှုဖြစ်စေခြင်း၊
   (၃) လူ့အုပ်စုတစ်စုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုဖြစ်စေရန် အကွက်ဆင်၍ ယင်းတို့၏ ဘဝရပ်တည်မှုအခြေအနေကို ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်စေခြင်း၊
   (၄) လူ့အုပ်စုတစ်စုအတွင်း ကလေးမွေးဖွားမှုကို တားမြစ်ပိတ်ပင်ရန် ရည်ရွယ်၍ အစီအမံများ ချမှတ်ကျင့်သုံးခြင်း၊
   (၅) လူ့အုပ်စုတစ်စု၏ ကလေးများကို အခြားအုပ်စုတစ်စုသို့ အဓမ္မလွှဲပြောင်းခြင်း။

   **ရှင်းလင်းချက်။** "လူ့အုပ်စု" ဆိုသည်မှာ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ ဇာတိခွဲခြားမှုမရှိစေဘဲ မည်သည့်လူ့အုပ်စုကိုမဆို ဆိုသည်။

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အပြီးသတ်အစီရင်ခံစာပါ ဖြစ်စဉ်များဖြစ်ပွားသည့်နေရာများ၏ လက်ရှိအခြေအနေကို မှတ်တမ်းတင်ရန်နှင့် စာရင်းပြုစုရန် မြေပြင်တွင် လည်းကောင်း၊ ဂြိုဟ်တုပုံရိပ်များသုံး၍ လည်းကောင်း လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံသွင်းယူချက်များနှင့် အခြားသော သတင်းအချက်အလက်များကို ထိန်းသိမ်းထားရန် ညွှန်ကြားလိုက်သည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ဤညွှန်ကြားချက်ကို ဖောက်ဖျက်သော မည်သည့်ပုဂ္ဂိုလ်ကိုမဆို သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုရမည်။

၆။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ဤညွှန်ကြားချက်ကို လိုက်နာရေးအတွက် စီမံဆောင်ရွက်မှုများကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြရမည်။

အမိန့်အရ

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**

## ဗမ္မူသီရိမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား စားသောက်ကုန်ငါးမျိုး ပေးဝေနိုင်ရန် စာရင်းများကောက်ယူ

**ဇမ္ဗူသီရိ ဧပြီ ၈** – ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီက မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ငါးမျိုး ပေးဝေနိုင်ရန် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းများ လိုက်လံကောက်ယူလျက်ရှိသည်။ အဆိုပါ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို ဧပြီ ၁၀ ရက်မှစ၍ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်များ အချိန်မီဖြန့်ဝေပေးနိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ယမန်နေ့မွန်းလွဲပိုင်းမှ စတင်၍ စာရင်းများကောက်ယူခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် စာရင်းများအပြီး ကောက်ယူကြောင်း သိရသည်။ **ဟိန်းသူအောင်(ပြန်/ဆက်)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဧပြီ ၈**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက တစ်ဦးချင်းသော် လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ ကုမ္ပဏီအလိုက်သော်လည်းကောင်း အလှူငွေများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ လှူဒါန်းမှုများသည် ကျန်းမာရေးဝန်ထမ်းများအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ အလှူရှင်များလှူဒါန်းသည့် လှူဒါန်းငွေနှင့် စက်ပစ္စည်းကိရိယာများကို အသုံးပြုကာ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများလည်း ပြုလုပ်သွားမည်ဖြစ်သဖြင့် ကိုဗစ်–၁၉ လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက်လည်း များစွာအကျိုးပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း(quarantine) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာထိုင်ခင်း၊ အဆောက်အဦပံ့ပိုးရခြင်းအကြောင်းရင်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါလှူဒါန်းပွဲ၌ ရာဇဌာနီ (အကျိုးတူ) ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ နန်းထိုက်ပြည့်ပိုင်ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း၅၀၀၊ ရောရတနာကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ ထွန်းတောက်ဇမ္ဗူ ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၃၃၅ သိန်းနှင့် အငြိမ်းစား ဆရာ/ဆရာမကြီးများ ကျန်းမာရေးအထူး



စောင့်ရှောက်မှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကော်မတီ (ကဘက– အထက(၆)၊ (စိန်ပေါလ်) ကျောင်းသားဟောင်းများ ဗိုလ်တထောင်) က ငွေကျပ်သိန်း ၇၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်–၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကျရောက်စဉ် ကာလအတွင်း ပုံမှန်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကြိုတင်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကျရောက်စဉ်ကာလအတွင်း ဝန်ကြီးဌာနက ပုံမှန်ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရှိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများနှင့် ယနေ့မွန်းလွဲပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါသည် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ရင်ဆိုင်နေရသော ကာလဖြစ်ကြောင်း၊ ပုံမှန်ကျရောက်လျက်ရှိသော သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ရလျက်ရှိကြောင်း၊ ပုံမှန်ဖြစ်ပွားလေ့ရှိသော မီးလောင်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် ရေကြီးရေလျှံဖြစ်ခြင်းတို့အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် အလျင်အမြန်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံချက်များရေးဆွဲရာတွင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များပါ ထည့်သွင်းရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍




ရင်ဆိုင်နေရချိန်ကာလအတွင်း ငလျင်ဘေးအန္တရာယ်ကျရောက်ပါက ကပ်ရောဂါနှင့် ဆက်စပ်၍ ထိခိုက်ဆုံးရှုံးမှုပိုမိုများပြားနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်ရာတွင် ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းများကို အသုံးပြုနိုင်ရန် စနစ်တကျ စုဆောင်းထားရှိရန် လိုအပ်ပါကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ သဘာဝဘေးစီမံခန့်ခွဲရာတွင် ဖြည့်ဆည်းဆောင်ရွက်ထားရမည့်အစီအမံများ၊ လိုအပ်သော ကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရန် ကိစ္စရပ်များ၊ သဘာဝဘေးကျရောက်လာပါက အရေးပေါ်တုံ့ပြန်ရေး စီစဉ်ထားမှုများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆွေးနွေးကြရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာရန်ပုံငွေ ဆေးနှင့်ဆေးပစ္စည်းများ (စတုတ္ထအကြိမ်) လှူဒါန်းပေးအပ်

**မကွေး ဧပြီ ၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အောက်ထပ်) အစည်းအဝေးခန်းမ၌ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ ဆေးနှင့် ဆေးပစ္စည်းများ (စတုတ္ထအကြိမ်) လှူဒါန်းပေးအပ်ပွဲကို ဧပြီ ၈ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။



ရှေးဦးစွာ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက လှူဒါန်းရရှိမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြောကြားခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် Max Highway ကုမ္ပဏီမှ ဆန်အိတ် ၁၀၀၀၊ 5BB က PPE ဝတ်စုံ ၁၀၀ နှင့် Mytel ကုမ္ပဏီက နှာခေါင်းစည်း ၁၀၀၀ ကိုလည်းကောင်း၊ ဦးဝင်းဗိုလ်၊ ဒေါ်အေးပိုက် (ဝင်း)အိမ်ဆောက်ပစ္စည်းမိသားစုက အလှူငွေကျပ် ငါးသိန်း၊ Ever Sunny Industrial ကုမ္ပဏီက လက်သန့်ဆေးရည် ၁၅ ဘူး၊ ဆန်းဒေးကော်ဖီမစ်၊ တီးမစ် ၂၀ ထုပ်ပါ စက္ကူသုံးပုံးနှင့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဦးမိုးကျော်သန့်၊ ဒေါ်ဖြူလတ်မို့မို့မိသားစုကုမ္ပဏီက လက်သန့်ဆေးရည် 525 ml ၁၀၀၊ အလှူငွေကျပ် ငါးသိန်းနှင့် ဒေါက်တာဘိုဘိုမောင်(စော်ဘွားလေးဘိုဘိုမောင်)က PPE ဝတ်စုံ ၂၀၊ လက်သန့်ဆေးရည် ၂၂ ဘူးနှင့် နှာခေါင်းစည်း ၁၀၀ တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အသီးသီးပေးအပ်လှူဒါန်းကာ(ဝဲပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စေတနာရှင် အလှူရှင်များအား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ မြင်းခြံမြို့၊ တပ်ကုန်းမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပေါက်ခေါင်းမြို့နယ်မှ ကျန်ရှိသည့် ရောဂါပိုးကူးစက်ခံ မိသားစုဝင်များကို မိခင်ဖြစ်သူ၏ ဆန္ဒအရ ရန်ကုန် ဝေဘာဂီဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူမည်

**နေပြည်တော် ဧပြီ ၈**

ပေါက်ခေါင်းမြို့နယ်တွင် ကျန်ရှိသည့် ရောဂါပိုးကူးစက်ခံ မိသားစုဝင်များကို မိခင်ဖြစ်သူ၏ဆန္ဒအရ ပြည်ဆေးရုံမှ ရန်ကုန်မြို့ရှိ ဝေဘာဂီဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူရန် ယနေ့(ဧပြီ ၈ ရက်)တွင် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်ပြီး Transfer လုပ်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ထိုသို့ Transfer ပြုလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အခု လူမှုကွန်ရက်မှာ တင်ထားတဲ့အတိုင်း ကျန်ရစ်တဲ့ မိသားစုဝင်တွေကို ဝေဘာဂီကို ပို့ပေးဖို့ မိခင်ဖြစ်သူရဲ့ဆန္ဒနဲ့ တောင်းဆိုမှုတွေ တွေ့ရှိရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ဆေးရုံမှာ တက်ရောက်နေတဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအခြေအနေကောင်းမွန်တယ်၊ ခရီးသွားဖို့ ခွင့်ပြုနိုင်တယ်ဆိုရင် လူမှုရေးရှုထောင့်အရ သူ့အမေ တက်ရောက်ကုသနေတဲ့ ဝေဘာဂီဆေးရုံကို Transfer လုပ်ပေးဖို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ညွှန်ကြားခဲ့ပါတယ်" ဟု ပြောသည်။

"ကျန်းမာရေး တာဝန်ရှိသူတွေ အခုစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ကလေးနှစ်ဦးရော၊ တူမဖြစ်သူရော ကျန်းမာရေးအခြေအနေ ကောင်းမွန်တယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာ လူနာတင်ကား အသင့်ပြင်ထားပြီး သူနာပြု အစောင့်အရှောက်နဲ့ လိုအပ်တာတွေ ပြင်ဆင်ထားပါတယ်။ မမှောင်ခင် မောင်းနိုင်ဖို့အတွက် ခဏနေ(ယနေ့ မွန်းလွဲပိုင်းတွင်) ရန်ကုန်ကို စတင်ထွက်ခွာမှာ ဖြစ်ပါတယ်။ ဒီကနေ့(ဧပြီ ၈ ရက်)ညဦးပိုင်းလောက် ရန်ကုန်မြို့ ဝေဘာဂီဆေးရုံကို ရောက်ရှိမှာဖြစ်ကြောင်း သိရှိရပါတယ်" ဟု ဦးဇော်ဌေးက ပြောသည်။

**ထက်လျှံ**

# ပညာရေးဝန်ကြီးဌာနကို Lock Down ချထားခြင်းမရှိ

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနကို Lock Down ချထားခြင်း မရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ပြောကြားသည်။

ဖေ့စ်ဘွတ်လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့နေသည့် ပညာရေး ဝန်ကြီးဌာနက နေ့စားဝန်ထမ်းတစ်ဦး၌ ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိ၍ ၎င်းဝန်ကြီးဌာနကို Lock Down ချထားကြောင်း ရေးသားမှုများအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ပညာရေးဝန်ကြီး ဌာနမှ နေ့စားဝန်ထမ်း အသက် ၆၅ ရှိ အမျိုးသားတစ်ဦးဟာ ဇမ္ဗူသီရိမြို့နယ်ရှိ နေအိမ်၌ နေထိုင်စဉ် ဧပြီ ၇ ရက် ည ၁၀ နာရီ ၅ မိနစ်တွင် ဖျားနာချောင်းဆိုးလာတဲ့အတွက် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံ ကြီး အရေးပေါ်ဌာနကို ပို့ဆောင်ခဲ့ပြီး လက်ရှိ အထူးကူးစက်ရောဂါ ကုသဆောင်မှာ ကုသနေပါတယ်။ လူနာဖြစ်သူဟာ မူလကတည်းက အဆုတ်ရောင် ရောဂါရှိသူဖြစ်ပြီး အတိအကျသိရှိရအောင် သူ့ရဲ့ Swab Test ကို ရန်ကုန်ကို ပို့ထားပါတယ်။ ဒီကနေ့ (ဧပြီလ ၈ ရက်) ညပိုင်းတော့ ဓာတ်ခွဲအဖြေကို သိရပါမယ်။ ၎င်းရဲ့ သမီး အသက် ၁၉ နှစ် ရှိသူဟာ လွန်ခဲ့တဲ့ ဧပြီလ ၄ ရက် ညနေပိုင်းမှာ ရန်ကုန်မြို့ကနေ နေပြည်တော်ကို ရောက်ရှိလာခဲ့တယ်လို့ သိရှိရပါတယ်" ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာန၏ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "လက်ရှိကာလမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရုံးလုပ်ငန်းတွေကို ဝန်ထမ်းအင်အား အနည်းဆုံး၊ Video Conferencing, Online တို့နဲ့ အလုပ်မပျက်ဆောင်ရွက်နေကြောင်းကို ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးကို တင်ပြထားပါတယ်။ ရုံးအမှတ်(၁၃)မှာ DG တချို့လည်း ရုံးတက်နေတုန်း ဖြစ်ပါတယ်။ စိတ်ချရအောင်နဲ့ ရုံးပိတ်ရက် နီးကပ်နေတဲ့အတွက် မရှိမဖြစ် ဝန်ထမ်းကလွဲလို့ ကျန်တဲ့ဝန်ထမ်းတွေကို Home Stay နေခိုင်းထားကြောင်းနဲ့ Lock Down ချထားတာမဟုတ်ကြောင်း ပညာရေးဝန်ကြီးဌာနက သိရှိရပါတယ်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)က ဓာတ်ခွဲအဖြေထွက်ရှိမှုပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ဖို့ ရှိပါတယ်" ဟု ရှင်းပြသည်။

အဆိုပါ အမျိုးသား၏ Swab Test ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်အရ ရောဂါပိုးမရှိကြောင်း ယနေ့ ညပိုင်းတွင် သိရသည်။

**ထက်လျှံ**

# ကိုဗစ် - ၁၉ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့နိုင်ရန် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ပစ္စည်းများ ထပ်မံလှူဒါန်း

**နေပြည်တော် ဧပြီ ၈**




မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော နိုင်ငံသားများအား ကျန်းမာရေး စစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကာကွယ်ကုသပေးခြင်း ဆောင်ရွက်နေသော တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများရှိ ကျန်းမာရေး ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ်မှ ထပ်မံလှူဒါန်းကြောင်း သိရသည်။

**လှူဒါန်းသွားမည်**

လှူဒါန်းမှုတွင် ပါဝင်သောပစ္စည်းများမှာ CE Standard PPE ဝတ်စုံများ၊ N95 Mask များ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများနှင့် လက်သန့်ဆေးရည်ဘူးများဖြစ်သည်။ ဧပြီ ၈ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် ရွှေညောင်မြို့သို့ လည်းကောင်း၊ ဧပြီ ၇ ရက်က ကျောက်မဲဆေးရုံသို့ လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ရွှာင်မြို့၊ ပင်းတယမြို့နှင့် မြိုင်မြို့များသို့လည်းကောင်း လှူဒါန်းလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့များသို့ အဆက်မပြတ် လှူဒါန်းသွားမည် ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသို့ ငွေကျပ် သိန်း ၂၀၀၀ မတည်လှူဒါန်းထားပြီး အများပြည်သူများ၏ ပါဝင်လှူဒါန်းမှုများကို စုပေါင်းကာ တစ်ဦးလျှင် ဆန် သုံးပြည်၊ ကုလားပဲတစ်ပိဿာ၊ ဆီ ၁၈ ကျပ်သား ပါဝင်သော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို လိုအပ်လာပါက အသုံးပြုနိုင်ရန် အဆင်သင့် ပြင်ဆင်ထားသည်။ ထို့အပြင် ငွေကျပ် ၁၄၆၂၄ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို လေကြောင်း၊ ကုန်းကြောင်းမှတစ်ဆင့် ဝယ်ယူလှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ခွဲပေးအပ်ပြီး ဖြစ်သည်။

**စီစဉ်ဆောင်ရွက်ထား**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ငွေကျပ်သိန်းပေါင်း ၁၉၆၂၄ သိန်းကို လှူဒါန်းထားပြီး ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင် လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားသည်။ ယနေ့လှူဒါန်းမှုတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို လက်ခံပြီး**(အပေါ်ဝဲပုံ)** ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးစိုးညွန့်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ကိုဇော်**

# ဘားအံမြို့တွင် ကိုဗစ်-၁၉ စောင့်ကြည့်ရေးစခန်းများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အင်အားပြလှည့်ကင်းများ ဆောင်ရွက်

**ဘားအံ ဧပြီ ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် မှုခင်းကျဆင်းရေးနှင့် လုယက်မှု၊ ဒုစရိုက်မှုများ လျော့နည်းကျဆင်းရေးအတွက် ဘားအံမြို့ပေါ် ရပ်ကွက်များအတွင်းနှင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းများတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့က ဧပြီ ၇ ရက် ည ၆ နာရီမှ စတင်ကာ အင်အားပြလှည့်ကင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များ၊ ဘားအံမြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းများဖြစ်သည့် လှာကမြင် မူလတန်းလွန်ကျောင်း၊ အုန်းတပင်အထကကျောင်း၊ တောင်ကလေးအထကကျောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းတို့တွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် အောင်မြတ်မိုး၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီး လင်းထွဋ်၊ ဘားအံ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးသန့်တို့ဦးစီး၍ မော်တော်ယာဉ် ၁၇ စီးဖြင့် အင်အားပြလှည့်ကင်း ဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းများတွင် လုံခြုံရေး တာဝန်ကျ တပ်ဖွဲ့ဝင်များအား စစ်ဆေးကာ ကြက်ဥများ၊ ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ အလားတူ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်မြို့နယ်တို့တွင်လည်း အင်အားပြလှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

▼ *ကျောဖုံးမှ*

ဖားကန့်မြို့နယ် ဝေခါကျေးရွာ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များရှိ ရွှေ့ပြောင်းအလုပ်သမားများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို လက်ကမ်းစာစောင်များဝေငှခြင်း၊ နံရံကပ်ပိုစတာများ ဖြန့်ဝေခြင်းနှင့် လက်ကိုင်အသံချဲ့စက်များဖြင့် နှိုးဆော်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဖားကန့်ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများကို ဧပြီ ၁၀ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ထိန်းချုပ်ရေး ဗဟိုကော်မတီသို့ ယွမ်ငွေ တစ်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ နှာခေါင်းစည်းအခုရေ တစ်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ နှာခေါင်းစည်းအခုရေ တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးပိုင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ- တရုတ်ချစ်ကြည်ရေးအသင်း(မူဆယ်ရုံးခွဲ)ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း (နမ့်ခမ်း)**

✻ *ကျောဖုံးမှ*

ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။ "မုံရွာနည်းပညာတက္ကသိုလ်ကျောင်းသား လေးဦးရဲ့ နည်းပညာနဲ့ထုတ်လုပ်တာဖြစ်ပြီး Save Monywa အဖွဲ့က ငွေကြေးထောက်ပံ့ပေးပြီး ကိုယ်ထည်ပိုင်းကို ကျွန်တော်တို့က တည်ဆောက်ပေးကာ နည်းပညာပိုင်းကို သူတို့ကလုပ်တာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းလုပ်တဲ့အခါမှာ အစိုးရက အဓိကကျတဲ့အတွက် လှူဒါန်းရခြင်း ဖြစ်ပါတယ်။ ထပ်ပြီးလိုချင်တယ်ဆိုရင်တော့ အစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆက်လက်လုပ်ဆောင်ပေးဖို့အစီအစဉ်လည်း ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်တွေကို ဖြန့်ဝေပေးဖို့နောက်ထပ်ဆေးဖျန်းစက် ၁၀ ခုလည်း ဆက်လက်မှာယူထားပါတယ်။ အဲဒီထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်၊ လိုအပ်တဲ့ပစ္စည်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပေးမှာဖြစ်ပြီး ကျွန်တော်တို့က တည်ဆောက်မှုနဲ့ နည်းပညာအကူအညီတွေပေးသွားမှာ ဖြစ်ပါတယ်" ဟု Save Monywa အဖွဲ့ကို ဦးဆောင်တည်ထောင်သူ ကိုအောင်နေမျိုးက ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြန့်ဝေပေးနိုင်ရန် အလိုအလျောက်ဆေးဖျန်းစက် ၁၀ ခုကို ထပ်မံမှာယူထားကြောင်း ကိုအောင်နေမျိုး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# Channel K ရုပ်သံလိုင်းက သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ပုံမှန်ပြသနေသည့် အစီအစဉ်များအပြင် အစီအစဉ်သစ်များ ထုတ်လွှင့်ပြသသွားမည်

ရန်ကုန် ဧပြီ ၈

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၏ Content Provider တစ်ခုဖြစ်သည့် Channel K ရုပ်သံလိုင်းက ယခုနှစ် သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ကြည့်ရှုအားပေးသူ ပရိသတ်များအတွက် ပုံမှန်ထုတ်လွှင့်နေကျ အစီအစဉ်များအပြင် ထူးခြားဆန်းသစ်သည့် အစီအစဉ်သစ်များကို ဧပြီ ၁၃ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

"အခု လက်ရှိမှာ အေးမြတ်သူ ခရီးသွား Solo Myanmar အစီအစဉ်ကို စနေပါပြီ။ နောက်ထပ်လည်း Chit Chat with Ni Ni ဆိုတဲ့ အစီအစဉ်သစ်လေးတစ်ခုကိုလည်း ထုတ်လွှင့်တင်ဆက်ဖို့ လုပ်နေပါတယ်။ ရုံးပိတ်ရက်တွေမှာ အိမ်မှာပဲနေကြမယ့် ပြည်သူတွေအားလုံးအတွက် ဖျော်ဖြေရေး အစီအစဉ်တွေကို ထည့်ထားတာပါ။ ရုပ်သံဇာတ်လမ်းတွဲတွေကတော့ ပုံမှန်အတိုင်းပြသွားမှာပါ " ဟု Channel K ရုပ်သံလိုင်းမှ တာဝန်ရှိသူ ဒေါ်ခင်နီတာထွန်းက ပြောသည်။

**နှစ်သစ်ကူးရုံးပိတ်ရက်များအတွက် Chit Chat with Ni Ni အစီအစဉ်**

ပရိသတ်များ၏ အချစ်တော် နာမည်ကျော် အဆိုတော် နီနီခင်ဇော်က သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်ဖွယ်ရာ ဂိမ်းများ ဆော့ကစားခြင်း၊ သိလိုသမျှ မေးမြန်းမှုများ ဖြေကြားခြင်းနှင့် ဖိတ်ခေါ်ထားသည့် အနုပညာရှင်များ၏ ပါဝင်ဖျော်ဖြေမှုများကို ကြည့်ရှုခံစားရမည့် Chit Chat with Ni Ni အစီအစဉ်ကို Channel K ရုပ်သံလိုင်းတွင် တင်ဆက်ပေးသွားမည်ဖြစ်သည်။

၎င်း Chit Chat with Ni Ni အစီအစဉ်ကို ဧပြီ ၁၃ ရက်မှ စတင်ကာ အပတ်စဉ် (တနင်္လာနေ့) ညနေ ၅ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး သောကြာနေ့ ညနေ ၅ နာရီခွဲတွင် ပြန်လည် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သင်္ကြန်ကာလအထူးအစီအစဉ် 10 AM Show အစီအစဉ်အသစ်**

နောက်ထပ် အထူးအစီအစဉ်အနေဖြင့် မေလအတွင်း ပြသရန် စီစဉ်ထားသည့် 10 AM Show အစီအစဉ်သစ်အား Channel K Facebook Page တွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီအချိန်တိုင်း တင်ဆက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် ခေတ်နှင့်အညီ ထွက်ပေါ်လာသည့် နည်းပညာအသစ်အဆန်းများအကြောင်း၊ အမျိုးသားများအတွက် Fashion ၊ Make –up နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာ အကြောင်းအရာများ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကျန်းမာ၊ ကြံ့ခိုင်မှုရှိစေမည့် လေ့ကျင့်နေထိုင်နည်းများ၊ အမျိုးသမီးငယ်လေးများအတွက် Fashion ၊ မိတ်ကပ်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာအကြောင်းအရာများ၊ ကလေးငယ်လေးများ ဖွံ့ဖြိုးမှုဆိုင်ရာ အရေးပါသည့် အချက်အလက်များ၊ အားကစားလှုပ်ရှားမှုများနှင့် သင်တန်းဆရာများ၏ လေ့ကျင့်သင်ကြားပေးမည့် ကျန်းမာလှပခြင်းဆိုင်ရာ နည်းလမ်းကောင်းများ အစရှိသည့်အမျိုးအစားစုံလင်သည့် အစီအစဉ်ကောင်းများကို Channel K ရုပ်သံလိုင်းတွင် အပတ်စဉ် တနင်္လာမှ သောကြာနေ့အထိ နံနက် ၁၀ နာရီတွင် နယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသူများနှင့်အတူ တင်ဆက်ပေးသွားမည်ဖြစ်သည်။

**စိတ်ဝင်စားဖွယ်အကြောင်းအရာများဖြင့် Solo Myanmar အစီအစဉ်**

နှစ်သစ်ကူးကာလတွင် မိမိအိမ်တွင်နေထိုင်ရင်း သာယာလှပသည့် ရေမြေတောတောင်သဘာဝအလှတရားများ၊ စိတ်ဝင်စားဖွယ်ကောင်းလှသည့် လူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှု ၊ ရှင်သန်ရပ်တည်မှု၊ ထူးခြားဆန်းပြားမှုများ၊ သမိုင်းဝင်အမွေအနှစ်တို့တည်ရှိရာ နေရာဒေသများ၊ သွားရောက်လည်ပတ်ချင်စရာကောင်းလှသည့် နေရာဒေသများ၊ ရိုးသားပွင့်လင်းမှုများနှင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်စွန့်စားမှု ပြကွက်များကို ကြည့်ရှုခံစားနိုင်မည့် အေးမြတ်သူ ခရီးသွား Solo Myanmar အစီအစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ည ၇ နာရီတွင် ပြသလျက်ရှိပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့် ပြသပေးမည်ဖြစ်သည်။

**မြန်မာနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ**

ထို့ပြင် ဧပြီ ၁၃ ရက် ည ၁၀ နာရီတွင် တန်ခူးရင်ခွင်၊ ဧပြီ ၁၄ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ကညာပျိုနဲ့ ဇရာအို၊ ဧပြီ ၁၅ ရက် ည ၁၀ နာရီတွင် မောင်တို့ချယ်ရီမြေ စသည့် မြန်မာဇာတ်ကားကောင်းများကို ပြသပေးမည်ဖြစ်သည်။

Channel K ရုပ်သံလိုင်းမှ ပြသနေဆဲ ဇာတ်လမ်းတွဲများအနက် ပရိသတ်အကြိုက်တွေ့နေသည့် ကဝေပျိုရဲ့အမုန်း(အိန္ဒိယ ဇာတ်လမ်းတွဲ)၊ ခေးသွားထက်က ပျားရည်(ဖိလစ်ပိုင် ဇာတ်လမ်းတွဲ) ၊ တော်ဝင်ပန်းတစ်ပွင့် ဒဏ္ဍာရီ (တရုတ်ဇာတ်လမ်းတွဲ) စသည့် ပြသနေဆဲ ဇာတ်လမ်းတွဲများအပြင် အိန္ဒိယဇာတ်လမ်းတွဲဖြစ်သည့် ရာဇဝင်ထဲက မောရိယဇာတ်လမ်းတွဲသစ်ကို ဧပြီ ၂၁ ရက်မှစ၍ ပြသသွားရန် စီစဉ်ထားပြီးဖြစ်သည်။ **သီသီမင်း**





















# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

နေပြည်တော် ဧပြီ ၈

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို ဧပြီ ၃၀ ရက် အထိ တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App - Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ -



အဖေတစ်ခု၊ သားတစ်ခု

စိန်မြင့်၊ ဇော်လင်း၊ အောင်ထွန်းလေး၊ ဆွေဇင်ထိုက်



သရဖူ

ရဲအောင်၊ မို့မို့မြင့်အောင်၊ ထက်ထက်မိုးဦး၊ နွဲ့နွဲ့စန်း



နှလုံးသားမှာ အထာရှိတယ်

ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ နဝရတ်



ကျောက်စက်ရေ

မြင့်မြတ်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို



နုနုငယ်ငယ်

ဝင်းညွှန့်၊ ကျော်ဟိန်း၊ ကြည်ကြည်ဌေး၊ စန္ဒာ



မေတ္တာရှင်မလေးငြိမ်းငြိမ်းအိ

ထွန်းထွန်းဝင်း၊ ခင်သန်းနု၊ အင်္ဂလန်စိန်



မာယာပရောဂျက်

နေတိုး၊ ကျော်ကျော်၊ သက်မွန်မြင့်၊ ဖွေးဖွေး



ငါမင်းကို

လူမင်း၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကို



မှုပိုင်ချစ်သူ

ကျော်သူ၊ မေသန်းနု၊ ခင်စိုးပိုင်



သမီးရှင်(ပ+ဒု)

ဒွေး၊ ရန်အောင်၊ ခင်သန်းနု၊ အိန္ဒြာကျော်ဇင်



အမေ့ခြေရာ

ဒွေး၊ ချိုပြုံး၊ မေသန်းနု၊ ဟန်နီထွန်း



အဖေ့နေရာ

ဒွေး၊ သားညီ၊ မေသန်းနု၊ မျိုးသန္တာထွန်း၊ ကြည့်လွဲလွဲဦး



ဝေလည်းမွေး ကြွေလည်းမွေး

ကျော်ဟိန်း၊ ဒွေး၊ မြင့်မြင့်ခင်၊ တင့်တင့်ထွန်း



ယောက္ခမနှင့်တစ်ထောင့်တစ်ည

နေတိုး၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်



မိုးကုတ်စက်ဝိုင်းကိုကျော်လွှန်၍

လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင်

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သစ် တန် ၈၀၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ မှ ဧပြီ ၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၄၃ ဒသမ ၂၇၄၄ တန်၊ သစ်မာ ၂၇၆ ဒသမ ၇၈၂၄ တန်၊ အခြား ၂၂၅ ဒသမ ၉၄၈၇ တန် စုစုပေါင်း ၈၄၆ ဒသမ ၀၁၅၅ တန်၊ တရားခံ ၄၅ ဦး၊ ယာဉ်/ ယန္တရား ၃၉ စီးဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**



# သီပေါမြို့၌ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**သီပေါ ဧပြီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ မြို့ဦးကျောင်းတိုက်အပေါ်ထပ် အဆောက်အအုံတွင် ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်ကာ နမ့်လန်နယ်မြေမီးသတ်စခန်း တာဝန်ခံလက်ထောက်ဦးစီးမှူးရဲဖော်ဦးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ ငြိမ်းသတ်ကြ၍ အနီးပတ်ဝန်းကျင်အိမ်များသို့ ကူးစက်လောင်ခြင်းမရှိဘဲ နံနက် ၃ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ - Breakfast News
၈:၃၅ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ" (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)
၉:၄၀ - ခါသကြ်န်အဆို၊ အကများ
၉:၅၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၂:၃၀ - **"Coronavirus Disease 2019(COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်Facebook Account မှတစ်ဆင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးခြင်းအစီအစဉ်"**
၁၃:၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၂၈)

**ညပိုင်း**

၁၆:၃၅ - "ဧပြီလ လပတ် မိုးလေဝသ အစီအစဉ်"
၁၇:၂၀ - ခါသကြ်န်အဆို၊ အကများ
၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)
- **တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ** (အားကစားပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်းကော်မတီ)
- ဟိုးတုန်းက....ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "ရယူလိုသောဆု"
- တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် နေအိမ်အတွင်းမှပစ္စည်းများခိုးယူမှုဖြစ်

**မန္တလေး ဧပြီ ၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ခရေလမ်း ဗ(၂၃/၂၀)နေအိမ်အား ပိုင်ရှင်ဖြစ်သူက အိမ်ငှားထားရှိခဲ့ပြီး အိမ်ငှားနေထိုင်သူများ မရှိသည့်အချိန်တွင် မူလအိမ်ပိုင်ရှင်က နေအိမ်အတွင်းရှိ ပစ္စည်းများအား ခိုးယူခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေအိမ်အား ငှားရမ်းနေထိုင်ခဲ့သူ ဦးရန်ရှီးကျူ(ခ) ဦးဇော်ဝင်းရှိန်သည် ဇနီးသည်ဖြစ်သူနေထိုင်သည့် မြစ်ကြီးနားမြို့သို့ သွားရောက်နေထိုင်စဉ် နေအိမ်မူလပိုင်ရှင်နှင့် ကျန်နှစ်ဦးပေါင်း၍ မတ် ၂၃ ရက်က နေအိမ်အတွင်းရှိ လူသုံးကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာမျိုးစုံကာလတန်ဖိုး ကျပ်သိန်း ၉၀၀၀ ကျော်ခန့်နှင့် အခြားပစ္စည်းများအား ခိုးယူခဲ့သဖြင့် ငှားရမ်းနေထိုင်သူ ဦးရန်ရှီးကျူ(ခ)ဦးဇော်ဝင်းရှိန်က ဧပြီ ၁ ရက်တွင် အောင်ပင်လယ်နယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အဆိုပါ အမှုအား မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ကွပ်ကဲမှုဖြင့် မန္တလေးတိုင်း မှုခင်းအကူဌာနစိတ်တာဝန်ခံ ရဲအုပ်ဝင်းကျော်ဦးနှင့်အဖွဲ့၊ နယ်မြေခံတာဝန်ရှိသူများက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သော လီလျှူခွမ်း(ခ)ဇော်လင်း၊ ဘိုတင့်(ခ) ချစ်မိုးဝေ (ခ) ကျော်မိုးနှင့် ကောင်းထက်မိုးတို့အား ခိုးယူခဲ့သည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# ငဖဲမြို့နယ်၌ ၁၂ဘီးယာဉ် ဘရိတ်ပေါက်၍ ပေ ၁၅၀ နက်သည့် ချောက်ထဲကျကာ လူ နှစ်ဦးသေဆုံး

**ငဖဲ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မင်းဘူး-အမ်းကားလမ်းရှိ ဂုတ်စီးရိုးရွာအနီးတွင် ဧပြီ ၇ ရက် ညနေပိုင်းက လမ်းခင်း ကျောက်မှုန့်များ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်တစ်စီး ဘရိတ်ပေါက်၍ ပေ ၁၅၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ကာ နတ်မောက်မြို့နေ ယာဉ်မောင်း ဦးတိုးဝင်း(၄၇ နှစ်)နှင့် ငဖဲမြို့နေ မျိုးမင်းဇော်(ခ)မျိုးသီဟအောင် (၁၈ နှစ်)တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဒါန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# တပ်ကုန်းမြို့နယ်၌ ဆိုင်ကယ်ဖြင့် ခြောက်ဘီးယာဉ်ကို ဝင်တိုက် နှစ်ဦးသေ

**နေပြည်တော် ဧပြီ ၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၄၉/၃)အနီး၊ တပ်ကုန်း - ပုဗ္ဗသီရိ သွားကားလမ်းဆုံ၌ ဧပြီ ၇ ရက် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က ဆိုင်ကယ်ဖြင့် ခြောက်ဘီးယာဉ်ကို ဝင်ရောက်တိုက်မိပြီး နှစ်ဦးသေဆုံးသွားသည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့ဘက်မှ တပ်ကုန်းမြို့ဘက်သို့ တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်နေ မြင့်ဇော်မိုး(၁၈နှစ်) မောင်းနှင်ပြီး မိုးထက်ဦး(၁၈နှစ်)နှင့် မင်းခန့်ကျော်(၁၈နှစ်)တို့ လိုက်ပါလာသော ၁၂ယ/--- ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် ပျဉ်းမနားမြို့ဘက်မှ ဦးကျေးရပ်ကွက်နေ ညီညီအောင် (၂၈နှစ်) မောင်းနှင်လာသော MDY 8G/--- မစ်ဆူဘီရှီကန်တာ ခြောက်ဘီးယာဉ်ကို ဝင်ရောက်တိုက်မိပြီး မိုးထက်ဦးနှင့် မင်းခန့်ကျော် တို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် မြင့်ဇော်မိုးအား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆော်မာရေးကို ခေါ်ယူရေးတွင် လီဗာပူးအသင်း ပါဝင်လာ

လီဗာပူးအသင်းသည် လိုင်လီကွင်းလယ်ကစားသမား ဆော်မာရေးကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းများထဲမှ တစ်သင်းဖြစ်လာကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ အသက် ၂၁ နှစ်အရွယ် ပြင်သစ် ယူ-၂၁ ကစားသမားကို ရီးရဲမက်ဒရစ်၊ မန်ယူ၊ ချယ်လ်ဆီးနှင့် နယူးကာဆယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။ အသက် ၂၁ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမားသည် ယခုနှစ် လီဂူးဝမ်းတွင် ခြေစွမ်းပြနေသည့်အတွက် ယခုကဲ့သို့ နာမည်ကြီးအသင်းများက ၎င်းကို စိတ်ဝင်စားနေခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် လိုင်လီအသင်းမှ နီကိုးလပ်စ်ပီပီသည် အာဆင်နယ်အသင်းက ခေါ်ယူစာချုပ်ချုပ်ပြီးနောက် ယခုအခါ ဆော်မာရေး၏ အပြောင်းအရွှေ့သည် နွေရာသီအပြောင်းအရွှေ့ ကာလတွင် ဖြစ်မြောက်လာဖွယ်ရှိနေသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အဆိုပါ ကစားသမားနှင့် ဆွေးနွေးခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပြင်သစ်တွင် ကစားလိုနေခြင်းဖြစ်သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်း ဖြစ်သည်။ ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဆော်မာရေး၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၄၀ ရှိပြီး ယခုအချိန်တွင် ကိုဗစ် - ၁၉ ကြောင့် ပြောင်းရွှေ့ကြေးမှာ လျော့ကျလာဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နယူးကာဆယ် အသင်းသည် ဆော်မာရေးကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းများထဲမှ တစ်သင်းဖြစ်ပြီး ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်းကလည်း ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဆော်မာရေးကို ခေါ်ယူရန် စိတ်ဝင်စားခဲ့ကြောင်း သိရသည်။

ဆော်မာရေးသည် ယခုနှစ်ရာသီတွင် လိုင်လီအသင်းအတွက် ပွဲ ၃၀ ကစားထားသော်လည်း နောက်ပိုင်းတွင် အသင်း၏ အရန်ခုံတွင် ခြောက်ပွဲဆက် ထိုင်နေရသူဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ပွဲစဉ်များ မရွှေ့ဆိုင်းမီ နောက်ဆုံးပွဲစဉ်အဖြစ် လိုင်ယွန်အသင်းနှင့်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် မိနစ်အနည်းငယ် ပါဝင်ကစားခဲ့ကြောင်း သိရသည်။ ၎င်းသည် ပီအက်စ်ဂျီ အကယ်ဒမီမှ လိုင်လီအသင်းသို့အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်သည်။

ရီးရဲမက်ဒရစ် အသင်းကလည်း ဆော်မာရေး၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေသည်။ သို့သော်လည်း ၎င်းတို့ ဦးစားပေးခေါ်ယူမည့် ကစားသမားမှာ မန်ယူအသင်းမှ ပေါလ်ပေါ့ဂ်ဘာဖြစ်ကြောင်း သိရသည်။

အခြားသတင်း တစ်ရပ်တွင် လီဗာပူးအသင်းသည် ဆီဗီလာအသင်းမှ ဘရာဇီးခံစစ်ကစားသမား ဒီယေဂိုကားလို့စ် (၂၇နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

**အောင်ဇော်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မိခင်နိုင်ငံ ဥရုဂွေးသို့ ပြန်ပြီး ပီနာရိုးအသင်းနှင့် ကာဗာနီ စာချုပ်ဖွယ်ရှိ**

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီသည် ယခုနွေရာသီတွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက မိခင်နိုင်ငံ ဥရုဂွေးသို့ ပြန်ပြီး ပီနာရိုးအသင်းနှင့် စာချုပ်ချုပ်ဆိုသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆေးလ်ဗားကို ခေါ်ယူရန် အေစီမီလန် ချဉ်းကပ်**

အေစီမီလန်အသင်းသည် မန်စီးတီးကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားကို ခေါ်ယူရန် ချဉ်းကပ်မှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၄ နှစ်အရွယ်ရှိ စပိန်ကစားသမားဟောင်း ဆေးလ်ဗားသည် ရာသီကုန်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်လည်း ဖြစ်သည်။

**ကာဗန်နာကို အာဆင်နယ်၊ ချယ်လ်ဆီး၊ ဆဲလ်တစ် ခေါ်ယူရန် စိတ်ဝင်စား**

အာဆင်နယ်၊ ချယ်လ်ဆီး၊ ဆဲလ်တစ်အသင်းတို့သည် မစ်ဒယ်ဘရော့အသင်းမှ ကာဗန်နာ (၁၆နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆန်ချိုကို ခေါ်ယူနိုင်မည်ဟု ယုံကြည်**

မန်ယူအသင်းသည် ယခုနွေရာသီတွင် ဒေါ့မွန်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဆန်ချို (၂၀နှစ်) ကို ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာတီနက်ဇ်ကို ခေါ်ယူရန် ဆန္ဒပြင်းပြ**

ဘာစီလိုနာအသင်းသည် အင်တာမီလန်အသင်းမှ မာတီနက်ဇ် (၂၂နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း၊ သို့သော် အဆိုပါ အာဂျင်တီးနားတိုက်စစ်ကစားသမားအတွက် ရီးရဲမက်ဒရစ်၊ မန်စီးတီးအသင်းတို့နှင့်အပြိုင် ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နွေရာသီတွင် ပစ်မှတ်ထားခေါ်ယူမည့် ကစားသမားမှာ အူနိုင်း ဈူနက်စ်ဖြစ်**

အာဆင်နယ်အသင်းသည် ၎င်းတို့အနေဖြင့် နွေရာသီတွင် ပစ်မှတ်ထားခေါ်ယူမည့် ကစားသမားမှာ ဘီလ်ဘာအိုအသင်းမှ ခံစစ်ကစားသမား အူနိုင်း ဈူနက်စ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၂၃ နှစ်အရွယ် စပိန်ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးသည် ယူရို သန်း ၃၀ (ပေါင် ၂၆ သန်း) သာရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တောရက်စ်ကို ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်**

လီဗာပူး၊ မန်စီးတီးနှင့် မန်ယူအသင်းတို့သည် ဗလင်စီယာအသင်းမှ အသက် ၂၀ အရွယ် စပိန်တောင်ပံကစားသမား ဖာရန် တောရက်စ်ကို ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ယခုနွေရာသီတွင် အသင်းမှ လင်ဂတ် ထွက်ခွာဖွယ်မရှိ**

မန်ယူကွင်းလယ်ကစားသမား လင်ဂတ် (၂၇နှစ်) သည် ယခုနွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်မရှိကြောင်း၊ အဆိုပါ ကစားသမားကို အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့က ခေါ်ယူချိတ်ဆက်ခြင်းခံနေရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဇာကာ ရီယာနှင့် သူရမ်တို့ကို ခေါ်ယူရန် ချိန်ရွယ်**

လီဗာပူးအသင်းသည် ဒေ့ါမွန်အသင်းမှ ကွင်းလယ်ကစားသမား ဇာကာရီယာနှင့် သူရမ်တို့ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

◆*ကျောဖုံးမှ*

ကစားသမားနည်းတဲ့ ကလပ်ဆိုရင်နည်းသလို ထောက်ပံ့ပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ အဆိုပါရိုးရာလက်ဝှေ့ကလပ်များသည် ရန်ကုန်၊ တွံတေး၊ ပဲခူးရှိ ကလပ်များမှ ကစားသမားနှင့် နည်းပြ ၁၂၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် အလှူရှင်များသည် မန္တလေး၊ ကရင်၊ မွန်ပြည်နယ်ရှိ ကလပ်များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဝူဟန်မြို့၌ အဝင်အထွက်ပိတ်ဆို့ထားမှုကာလပြီးဆုံး၍ ပြင်ပခရီးသွားလာမှု ကန့်သတ်ချက်များကို ရုပ်သိမ်း

**ဝူဟန် မေ ၈**

တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ရက်သတ္တ ၁၁ ပတ်ကြာအောင် အဝင်အထွက်ပိတ်ဆို့မှု ချမှတ်ထားသည့်ကာလ ပြီးဆုံးသွားပြီးနောက် မေ ၈ ရက်မှစတင်ကာ ပြင်ပခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီဖြစ်ရာ အဝေးပြေးလမ်းမပေါ်ရှိ တိုးဂိတ်များတွင် မော်တော်ယာဉ်များ စီတန်းစောင့်ဆိုင်းလျက်ရှိပြီး ရထားဖြင့် ခရီးထွက်ခွာကြမည့် ခရီးသည်များမှာလည်း ဝူဟန်မှထွက်ခွာမည့် ရထားတွဲများပေါ်သို့ တက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။


ညသန်းခေါင်အချိန်တွင် လမ်းမပေါ်မှ အရံအတားများကို ဖယ်ရှားလိုက်ပြီးနောက် ဝူဟန်မြောက်ပိုင်း ဖူးဟေးတိုးဂိတ်၌ မော်တော်ယာဉ်များက ဟွန်းများတီးလျက် ထွက်ခွာမောင်းနှင်နေကြသည်။ ဝူဟန်မြို့၌ ယာဉ်မောင်းအဖြစ် လုပ်ကိုင်နေသည့် ဂိုလီက ည ၈ နာရီအချိန်လောက်ကတည်းက ၎င်း၏ကားပေါ်တွင် လူခြောက်ဦးကို တင်ဆောင်ကာ တိုးဂိတ်ဆီသို့ ထွက်ခွာလာခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ ဇာတိမြို့ဆီသို့ ပြန်ရန် မစောင့်ဆိုင်းနိုင်တော့ကြောင်း တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ်တွင် နေထိုင်သည့် ၎င်းကပြောသည်။ ဂိုလီသည် ဝူဟန်မြို့၌ နှစ်ပေါင်းရှစ်နှစ်ကြာအောင် နေထိုင်ခဲ့ပြီး နွေဦးပွဲတော် အားလပ်ရက်ကာလအတွင်း ၎င်းထံသို့ လာရောက်ခဲ့သည့် မိသားစုဆွေမျိုးများမှာလည်း ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၎င်းနှင့်အတူ ဝူဟန်မြို့၌ သောင်တင်နေခဲ့ကြကြောင်း ပြောပြခဲ့သည်။

မေ ၈ ရက်တွင် မြို့တွင်းရှိ အမြန်လမ်းမများပေါ်၌ ပြင်ပသို့ထွက်ခွာမည့် မော်တော်ယာဉ်များဖြင့် ပြည့်သိပ်နေမှုကို တွေ့မြင်ရကြောင်း ဝူဟန်ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းစုများမှာလည်း လုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ရာ ပြီးခဲ့သည့် လဝက်အတွင်း ခရီးဝေးသွားရောက်မည့် မော်တော်ယာဉ်ပေါင်း ၄၀၀၀၀၀ နီးပါး တိုးပွားလာသည်ကို တွေ့ရပြီး ယခုအခါ မော်တော်ယာဉ်အရေအတွက်သည် မေ ၈ ရက်ပြီးလျှင် ၁ ဒသမ ၈ သန်းအထိ ရှိလာမည်ဟု ခန့်မှန်းရကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဝူဟန်ရှိ ဝူချန်မီးရထားဘူတာ၌ မေ ၈ ရက်အစောပိုင်းက တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးသို့ထွက်ခွာမည့် K81 ရထားပေါ်သို့ ခရီးသည်ပေါင်း ၄၄၂ ဦး အလုအယက်တက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါနေ့တစ်ရက်တည်း၌ပင် ဝူဟန်မှ မီးရထားဖြင့်ခရီးထွက်ခွာမည့် ခရီးသည် ၅၅၀၀၀ ကျော်ရှိခဲ့ပြီး ၎င်းတို့အနက် ၄၀ ရာခိုင်နှုန်းမှာ ပုလဲမြစ်ဝကျွန်းပေါ်ဒေသသို့ သွားရောက်ကြမည့်သူများဖြစ်ကြောင်း သိရသည်။ ဝူဟန်မှ ရှန်ဟိုင်း၊ ရှန်ကျန်းနှင့် အခြားမြို့ကြီးများသို့ ထွက်ခွာမည့် ရထားပေါင်း ၂၇၆ စင်းအထိရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဆင်ဟွာ



ပြင်ပခရီးသွားလာမှု ကန့်သတ်ချက်ရုပ်သိမ်းပြီးနောက် ဝူဟန်အနောက်ပိုင်းရှိ တိုးဂိတ်ကိုဖြတ်ကျော်ရန် ကားများ စီတန်းစောင့်ဆိုင်းနေစဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ အမေရိကန်၏ ရန်ပုံငွေထည့်ဝင်မှုကို ရပ်ဆိုင်းပစ်မည်ဟု ထရမ့် ခြိမ်းခြောက်




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**ဝါရှင်တန် မေ ၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လုပ်ဆောင်ချက်များသည် တရုတ်နိုင်ငံအပေါ် အလွန်မျက်နှာသာပေးရာရောက်နေသည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဝေဖန်လိုက်ပြီး အကယ်၍ ထိုသို့ ဘက်လိုက်နေပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွက် အမေရိကန်၏ ရန်ပုံငွေထည့်ဝင်နေမှုကို ရပ်ဆိုင်းရဖွယ်ရှိနေကြောင်း သမ္မတထရမ့်က အရိပ်အမြွက်ပြောကြားလိုက်ကြောင်းသိရသည်။

အိမ်ဖြူတော်၌ မေ ၇ ရက်ကပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းမှုအတွင်း သမ္မတထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသားများကို အမေရိကန်အစိုးရက ခရီးသွားလာခွင့်ပိတ်ပင်မှုနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထွေထွေ ညွှန်ကြားရေးမှူး တက်ဒရိုစ်အက်ဒဟာနွန် ဂီဘရီရက်ဆပ်က စိုးရိမ်ပူပန်မိကြောင်း ဖော်ပြခဲ့မှုကို သမ္မတထရမ့်က ရည်ညွှန်းပြောဆိုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဝေဖန်ချက်သည် မှားယွင်းနေပြီး တရုတ်နိုင်ငံဘက်သို့သာ မျက်နှာမူရာရောက်နေကြောင်း ထရမ့်က ပြောသည်။ သို့ဖြစ်ရာ အမေရိကန်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွက် ရန်ပုံငွေဆက်ထည့်သင့် မထည့်သင့် ပြန်လည်စဉ်းစားသုံးသပ်ရတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အမေရိကန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လည်ပတ်နေသည့် ဘတ်ဂျက်၏ လေးပုံတစ်ပုံကို ငွေကြေးထည့်ဝင်ထားသည်။

အင်န်အိတ်ချ်ကေ

## သန်းချီတန်ဖိုးရှိ ကိုဗစ်-၁၉ စမ်းသပ်ကိရိယာများဝယ်ယူရန် တရုတ်ကုမ္ပဏီနှင့် အစ္စရေး သဘောတူညီမှုရ

**ဂျေရုဆလင် မေ ၈**

အစ္စရေးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်း တန်ဖိုးရှိ ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်ကိရိယာများဝယ်ယူရန် တရုတ်နိုင်ငံ ဇီဝနည်းပညာကုမ္ပဏီတစ်ခုနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံတွင် တစ်ရက်လျှင် ကိုရိုနာဗိုင်းရပ်စ်ရှိ မရှိ လူပေါင်း ၁၀၀၀၀ ကို တိုးမြှင့်စမ်းသပ်မှုပြုလုပ်ရန် ခွင့်ပြုပေးလိမ့်မည်ဖြစ်ကြောင်း၊ ယခင်က တစ်ပတ်လျှင် လူပေါင်း ၈၃၀၀ ကျော်ကို စမ်းသပ်နိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

စမ်းသပ်ကိရိယာများကို ကာကွယ်ရေးဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက်ဖြင့် ဝယ်ယူခြင်းဖြစ်ပြီး လာမည့် နှစ်ပတ်သုံးပတ်အတွင်း ဓာတ်ခွဲစမ်းသပ်စက်ကြီး ခြောက်လုံးရောက်ရှိလာရန် မျှော်လင့်ထားသည်။ တရုတ်နိုင်ငံ ဆန်းကျန်မြို့အခြေစိုက် ဘီဂျီအိုင် ကုမ္ပဏီသည် မျိုးရိုးဗီဇပြောင်းလဲမှုနှင့် ပရိုတိန်းဓာတ်များထောက်ပံ့မှုဆိုင်ရာ ရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး လတ်တလောတွင် တစ်ကမ္ဘာလုံးအတွက် ကိုဗစ်-၁၉ စမ်းသပ်ကိရိယာများ အဓိကတင်ပို့ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် လေယာဉ်တင်သင်္ဘောကပ္ပတိန်ကို တာဝန်ရပ်ဆိုင်းခဲ့သည့် အမေရိကန်ရေတပ်အကြီးအကဲ နုတ်ထွက်

**ဝါရှင်တန် မေ ၈**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည့် အမေရိကန်လေယာဉ်တင်သင်္ဘော သီအိုဒိုရုစဗဲ့၏ ကပ္ပတိန်ကို တာဝန်မှ ရပ်ဆိုင်းလိုက်သည့်အမေရိကန်ရေတပ်ခေတ္တအကြီးအကဲ သောမတ်စ်မော့ဒလေသည် ယင်းကိစ္စနှင့်ပတ်သက်၍ ဖိအားပေးမှုများပေါ်ထွက်လာပြီးနောက် မေ ၇ ရက်တွင် ရာထူးမှနုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည့် သီအိုဒိုရုစဗဲ့ လေယာဉ်တင်သင်္ဘောပေါ်မှ အမှုထမ်းများကို ကယ်ဆယ်ရွှေ့ပြောင်းပေးရန် အဆိုပါသင်္ဘော၏ ကပ္ပတိန် ဘရက်ခရိုဇီယာက အဆင့်မြင့်အရာရှိများထံသို့ အီးမေးလ်ပေးပို့ကာ အကူအညီတောင်းခံမှုပြုလုပ်ခဲ့သည်။ မော့ဒလေက သင်္ဘောကပ္ပတိန် ဘရက်ခရိုဇီယာ အပေါ် ရှုံ့ချင်းကြမ်းတမ်းသည့် မှတ်ချက်ချပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုဇီယာသည် အလွန်ညံ့ဖျင်းနုံချာလွန်းသည့်အတွက် နျူကလီးယားစွမ်းအင်သုံး စစ်သင်္ဘောတစ်စင်းကို အမိန့်ပေး ညွှန်ကြားရန် မထိုက်တန်ကြောင်း ပြောကြားခဲ့သည်။ ထိုသို့မှတ်ချက်ပေးခဲ့ပြီးနောက် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီအပါအဝင် ဒီမိုကရက်တစ်ဥပဒေပြု အမတ်များက မော့ဒလေကို ရာထူးမှဖယ်ရှားရန် ဖိအားပေး မှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

မေ ၅ ရက်တွင် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါ၏ တိုက်တွန်းမှုဖြင့် မော့ဒလေက ၎င်း၏စကားလုံးအသုံးအနှုန်းများအတွက် တောင်းပန်ကြောင်း၊ ၎င်း၏မှတ်ချက်ချပြောဆိုခဲ့သည့်စကားလုံးများကြောင့် ထိခိုက်နာကျင်မှုဖြစ်စေခဲ့သည့် ကပ္ပတိန်ခရိုဇီယာ၊ ၎င်း၏မိသားစုဝင်များနှင့်တကွ သီအိုဒိုရုစဗဲ့ သင်္ဘောတစ်စင်းလုံးကို တိုက်ရိုက်တောင်းပန်လိုပါကြောင်း စာဖြင့်ရေးသားခဲ့ကြောင်းသိရသည်။

အမေရိကန်ရေတပ်ခေတ္တအကြီးအကဲ သောမတ်စ် မော့ဒလေ၏ နုတ်ထွက်စာကို အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက လက်ခံခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာအများအပြားက ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ



အမေရိကန်ရေတပ်အကြီးအကဲ သောမတ်စ်မော့ဒလေ

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် အထူးကြပ်မတ်ဆောင်၌ ဆေးကုသမှုခံယူနေသော်လည်း အခြေအနေတည်ငြိမ်လျက်ရှိ

**လန်ဒန် မေ ၈**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသော ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်၌ ဒုတိယမြောက်ညကို ကောင်းမွန်စွာ ဆက်လက်ဖြတ်သန်းနေထိုင်ခဲ့ကြောင်းနှင့် ၎င်း၏အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း ဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါလက္ခဏာ ပိုမိုဆိုးရွားလာပြီးနောက် ဝန်ကြီးချုပ်ကို မေ ၆ ရက် ညပိုင်းတွင် လန်ဒန်မြို့ရှိ စိန့်သောမတ်စ်ဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်သို့ ပို့ဆောင်ပေးခဲ့ရခြင်းဖြစ်သည်။

ဝန်ကြီးချုပ်သည် လက်ရှိတွင် အောက်ဆီဂျင်ရယူနေရသော်လည်း အသက်ရှူအထောက်အကူပြု ကိရိယာကို အသုံးပြုခြင်း မရှိသေးကြောင်း သိရသည်။

ဝန်ကြီးချုပ်၏ အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း၊ ၎င်းအား အထူးကြပ်မတ်ကုသဆောင်တွင် အနီးကပ်စောင့်ရှောက်ကုသမှုပေးနေကြောင်းနှင့် ကျန်းမာရေးမှာ ကောင်းမွန်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ခ်ရာ့ဘ်က ဝန်ကြီးချုပ် ဂျွန်ဆင်သည် အကောင်းဆုံး ဆေးဘက်ဆိုင်ရာအဖွဲ့၏ ပြုစုစောင့်ရှောက်မှုကို ခံယူနေကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်တွင် အသက်ရှူအထောက်အကူပြု ကိရိယာ အကူအညီမပါဘဲ ကောင်းစွာ အသက်ရှူနိုင်ကြောင်း ပြောကြားလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ဆေးရုံတက်ရောက်ကုသမှုခံယူနေစဉ် တာဝန်မထမ်းဆောင်နိုင်ချိန်တွင် ဝန်ကြီးချုပ်၏ လုပ်ငန်းများကို နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ခ်ရာ့ဘ်က တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

အသက် ၅၅နှစ်ရှိ ဗြိတိန်ဝန်ကြီးချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ၁၀ ရက်အကြာတွင် ရောဂါလက္ခဏာ ပိုမိုဆိုးရွားလာသဖြင့် လန်ဒန်ရှိ စိန့်သောမတ်စ်ဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူနေခြင်းဖြစ်သည်။

ဗြိတိန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးသူ ၆၁၅၉ ဦးရှိပြီး၊ မေ ၇ ရက်တွင် သေဆုံးသူ ၇၈၆ ဦးဖြင့် အများဆုံး စံချိန်တင်ခဲ့ကြောင်း ဗြိတိန်ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဌာနက ပြောကြားလိုက်သည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံတွင် ရောဂါကူးစက်ခံထားရသူပေါင်း ၅၅၂၄၂ ဦးရှိပြီး စုစုပေါင်းသေဆုံးသူ ၆၁၅၉ ဦးရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**




ဗြိတိန်ဝန်ကြီးချုပ် တက်ရောက်ကုသမှုခံယူနေသည့် စိန့်သောမတ်စ်ဆေးရုံကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ ဟူပေပြည်နယ်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာထပ်မံတိုးလာခြင်းမရှိ

**ဟူပေ မေ ၈**

တရုတ်နိုင်ငံ ဟူပေပြည်နယ်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာသစ်ထပ်မံတိုးလာခြင်းမရှိသလို ယင်းနေ့တွင် ပြည်ပမှ ဝင်ရောက်လာသော အတည်ပြုလူနာလည်း မရှိကြောင်း ဟူပေပြည်နယ် ကျန်းမာရေးကော်မရှင်က ပြောကြားလိုက်သည်။

ဟူပေပြည်နယ်တစ်ခုလုံးတွင် မေ ၇ ရက်တွင် ထပ်တိုးသေဆုံးသူ တစ်ဦးရှိပြီး ၎င်းမှာ ဝူဟန်မြို့မှ ဖြစ်ကြောင်း၊ ကျန်ခရိုင် ၁၆ ခရိုင်တွင် သေဆုံးသူ မရှိကြောင်းနှင့် ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရသူ ၆၉ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဟူပေပြည်နယ်တစ်ခုလုံးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၆၇၈၀၃ ဦးရှိပြီး ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းသူ ၆၃၁၄၂ ဦးရှိကာ သေဆုံးသူ ၃၂၁၃ ဦးရှိကြောင်း သိရသည်။

လတ်တလောတွင် သတ်မှတ်သီးခြားကုသဆေးရုံများ၌ ကုသမှုခံယူနေသူ ၄၄၈ ဦးရှိပြီး ၎င်းတို့အနက် ရောဂါပြင်းထန်သူ ၈၄ဦး၊ ရောဂါအလွန်ပြင်းထန်ပြီး အသက်အန္တရာယ်စိုးရိမ်ရသူ ၇၄ ဦးရှိကြောင်း၊ ထပ်တိုး သံသယလူနာနှင့် အတည်ပြုလူနာ မရှိကြောင်း သိရသည်။

ယခုအခါတွင် ကိုဗစ်-၁၉ အနီးကပ်စောင့်ကြည့်ရန် လိုအပ်သူ စုစုပေါင်း ၂၇၉၅၃ ဦးရှိကြောင်း သိရသည်။

ဟူပေပြည်နယ်တစ်ခုလုံးတွင် ရောဂါလက္ခဏာမပြသည့် ထပ်တိုးကူးစက်ခံရသူ ၃၀ ရှိပြီး ၎င်းတို့မှာ အတည်ပြုလူနာအဖြစ် ပြောင်းလဲခြင်းမရှိကြောင်း၊ သီးခြားထားလျက် ကျန်းမာရေးစောင့်ကြည့်မှု မလိုအပ်တော့သူ ၅၀ ရှိပြီး ကျန်းမာရေးအခြေအနေစောင့်ကြည့်နေရဆဲ ရောဂါလက္ခဏာမပြသေးသည့် ကူးစက်ခံရသူ စုစုပေါင်း ၆၇၀ ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




ဟူပေပြည်နယ်တွင် ခရီးသွားလာခွင့်ကန့်သတ်မှုများကို ပယ်ဖျက်လိုက်ပြီးနောက် ခရီးသွားလာမည့် ပြည်သူများကို တွေ့ရစဉ်။

## တွစ်တာပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဂျက်ခ်ဒေါ်ဆေးက ကိုဗစ်-၁၉ တိုက်ဖျက်ရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ လှူဒါန်း

**ဝါရှင်တန် မေ ၈**

တွစ်တာပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဂျက်ခ်ဒေါ်ဆေးက ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရန် ၎င်း၏ လူမှုကူညီရေးရန်ပုံငွေမှ တစ်ဆင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ထည့်ဝင်လှူဒါန်းခဲ့ကြောင်း ပြောကြားလိုက်သည်။



တွစ်တာပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဒေါ်ဆေး

ဒေါ်ဆေးက တွစ်တာတွင် ၎င်း၏ဒစ်ဂျစ်တယ်ပေးချေမှုအဖွဲ့ စကွဲရှိ ၎င်း၏ရှယ်ယာတန်ဖိုးများကို လိုင်ယာဘီလီတီကော်ပိုရေးရှင်းဖြစ်သည့် စတာ့စမောသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ၎င်း၏ ကြွယ်ဝချမ်းသာမှုအားလုံး၏ ၂၈ ရာခိုင်နှုန်းနီးပါးကို ထည့်ဝင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

"အခုတော့ ဘာဖြစ်သလဲ။ လိုအပ်မှုတွေဟာ အရေးပေါ်မြင့်တက်လာတယ်။ အကျိုးသက်ရောက်မှုတွေကို ကျွန်တော့်ဘဝမှာ တွေ့ချင်တယ်"ဟု ဒေါ်ဆေးက ပြောကြားသည်။

မိမိအနေဖြင့် ဤစေ့ဆော်မှုလေးက တခြားသူတွေကိုလည်း အလားတူလိုက်ပါလုပ်ဆောင်စေနိုင်မယ်လို့ မျှော်လင့်ကြောင်း၊ ဘဝသည် အလွန်တိုတောင်းလှကြောင်း၊ လူတွေကို ကူညီဖို့ ယနေ့လုပ်နိုင်တာကို အကောင်းဆုံးလုပ်ဖို့လိုကြောင်း ဒေါ်ဆေးက ဆက်လက်ပြောကြားလိုက်သည်။

မစ္စတာဒေါ်ဆေး၏ ပြောပြချက်အရ ၎င်းလှူဒါန်းလိုက်သည့် ငွေကြေးပမာဏသည် ၎င်းပိုင်ဆိုင်သည့် ချမ်းသာကြွယ်ဝမှု၏ ၂၈ ရာခိုင်နှုန်းနီးပါးကို လှူဒါန်းလိုက်ခြင်းဖြစ်ကြောင်း တွစ်တာပေါ်၌ ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ အသက်ရှူ အထောက်အကူပြုကိရိယာများနှင့် အကာအကွယ်ပစ္စည်းများ မလုံလောက်မှုဖြစ်ပေါ်နေသည့်အပြင် စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီအချို့တို့မှာလည်း ခက်ခဲစွာရုန်းကန်ရလျက်ရှိချိန်တွင် ဒေါ်ဆေးက အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# အမေရိကန်ကျေးလက်ဂီတ အကျော်အမော်ဂျွန်ပရင်း ကိုဗစ်-၁၉ ကြောင့် သေဆုံး

**ဝါရှင်တန် မေ ၈**

အမေရိကန်ကျေးလက်ဂီတအကျော်အမော် ဂျွန်ပရင်းသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် ယမန်နေ့က သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။ သေဆုံးချိန်တွင် ၎င်းသည် အသက် ၇၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

မေ ၃ ရက်က ပရင်း၏ဇနီးဖြစ်သူ ဖီအိုနာက ကျေးလက်ဂီတကို အရှူးအမူးဖြစ်ခဲ့သူ ပရင်းတစ်ယောက် အသက်ရှူအထောက်အကူပြုကိရိယာဖြင့်နေထိုင်နေရသည်မှာ ရှစ်ရက်မြောက်နေ့ကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ ၎င်း၏အဆုတ်နှစ်ခုလုံး အဆုတ်ရောင်ရောဂါကို ခံစားနေရကြောင်း ပြောကြားခဲ့သည်။

ဘော့ဘ်ဒိုင်လန်က ပရင်းကို ၎င်း၏အကြိုက်ဆုံး သီချင်းရေးဆရာတစ်ဦးအနေဖြင့် ဖော်ပြခဲ့သလို ၎င်းသည်ဂန္တဝင်အဆိုတော်တစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**



ဂျွန်ပရင်းကို ဖျော်ဖြေပွဲတစ်ခု၌ တွေ့ရစဉ်။

# ဝူဟန်မြို့မှာ အဝင်အထွက်ပိတ်ဆို့မှုဖယ်ရှားလိုက်ခြင်းနဲ့အတူ ပြည်သူများရဲ့ ပျော်ရွှင်မှုများက ကမ္ဘာကြီးကို မျှော်လင့်ချက်ရောင်ခြည်သန်းစေ

ထွန်းသစ်စ

သက်ဆိုင်ရာ အာဏာပိုင်တွေက ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာရဲ့ လအတော်ကြာချမှတ်ထားတဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ဖယ်ရှားလိုက်ပြီးနောက်မှာ စိတ်သက်သာရာရလာတဲ့ နိုင်ငံသားပေါင်း ထောင်ပေါင်းများစွာဟာ တရုတ်နိုင်ငံရဲ့ ကုန်းတွင်းပိုင်းမြို့ဖြစ်တဲ့ ဝူဟန်မြို့ကနေ တသီတတန်းကြီး ထွက်ခွာလာခဲ့ကြပါတယ်။ အခုလိုမျိုး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဘေးက သက်သာလာတဲ့အနေအထားဟာ ကမ္ဘာကြီးကို မျှော်လင့်ချက်တချို့ပေးလိုက်သလိုရှိပေမယ့်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုမှာ သေဆုံးမှုတွေဟာ မှတ်တမ်းတင်ရလောက်အောင် မြင့်တက်ခဲ့တယ်ဆိုတာကိုတော့ ငြင်းမရခဲ့ပါဘူး။

### အထူးကြပ်မတ် ကုသမှုခံယူနေ

လွန်ခဲ့တဲ့နှစ်နှောင်းပိုင်း ဒီဇင်ဘာလမှာ တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းမြို့ဖြစ်တဲ့ ဝူဟန်က စတင်မြစ်ဖျားခံလာတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ အကျပ်အတည်းအပေါ်ကိုင်တွယ်မှုနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံဟာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ တရုတ်နိုင်ငံအပေါ် ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ဘက်လိုက်တယ်ဟု ထင်မြင်ကာ အဲဒီအဖွဲ့အပေါ်ထောက်ပံ့ထားတဲ့ ရန်ပုံငွေတွေကို လျှော့ချဖြတ်တောက်မယ်လို့လည်း ခြိမ်းခြောက်ခဲ့ပါတယ်။

ဝူဟန်ကနေစလာတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ ကမ္ဘာ့နိုင်ငံများအားလုံးနီးပါး အလျင်အမြန်ကူးစက်ပျံ့နှံ့လာခဲ့ပြီး အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေဟာ ၈၀၀၀၀ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့စီးပွားရေးကိုလည်း ပျက်သုဉ်းစေခဲ့သလို ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်လောက်လည်း အသွားအလာကန့်သတ်မှုတစ်မျိုးမျိုးနဲ့ နေထိုင်နေရပါတယ်။

ထို့အတူပဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဟာ ကမ္ဘာ့အလွှာအသီးသီး ဆင်းရဲချမ်းသာမရွေး၊ အလုပ်သမားအဆင့်မှသည် တော်ဝင်အနွယ်တော်တွေအထိပါမကျန် ကူးစက်ပျံ့နှံ့နေတာဖြစ်ပါတယ်။ အခုဆိုရင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး အထူးကြပ်မတ်ကုသမှုခံယူနေတာ ဒုတိယနေ့ထဲဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။

### နှာခေါင်းစည်းတွေ တပ်ကြဖို့တိုက်တွန်း

သို့သော်လည်းနောက်ဆုံးမှာ လူတွေဟာလွတ်လပ်စွာ ပျော်ရွှင်မှုရရှိခဲ့ပြီဖြစ်ပါတယ်။ သူတို့ထဲက များစွာသောလူတွေဟာ သူတို့ရဲ့ နေရာက ထွက်ခွာဖို့အတွက် စီတန်းစောင့်ဆိုင်းနေကြပါတယ်။ သူတို့တွေဟာ ဝမ်းနည်းပူဆွေးဖွယ်ကောင်းနေတဲ့ ကမ္ဘာကြီးကို မျှော်လင့်ချက်ရောင်ခြည်တစ်စွန်းတစ်စလှစ်ဟ ပြလိုက်သလိုပါပဲ။ ကိုရိုနာဗိုင်းရပ်စ်ဟာ ထာဝရမတည်မြဲဘူးဆိုတာ သက်သေပြလိုက်သလိုပါပဲ။

မင်းမှာစိတ်ကူးတစ်ခုခုရှိချင်မှ ရှိလိမ့်မယ်။ ငါကတော့ နံနက်လေးနာရီလောက်ကတည်းက အိပ်ရာကနိုးနေပြီ။ နေလို့ အလွန်ကောင်းပြီး စိတ်ချမ်းသာနေတာပဲ။ ငါ့ရဲ့ ကလေးတွေလည်း စိတ်တွေလှုပ်ရှားနေကြတယ်။ အမေက နောက်ဆုံးမှာ အိမ်ကိုလာတော့မယ်လို့ အသက် ၃၉ နှစ်အရွယ် ဟွာမေးက ပြောကြားလိုက်ပါတယ်။ သူဟာ အန်းရှီးကိုသွားပြီး သူ့ရဲ့ ကလေးတွေကို နှစ်လတာ ကာလအတွင်းမှာ ပထမအကြိမ် သွားရောက်တွေ့ဆုံတော့မှာ ဖြစ်ပါတယ်။ ငါက ၇၇ ရက်ကြာ ပိတ်မိနေခဲ့တာလို့သူက ပြောပါတယ်။

သူ့လိုပဲ ငါလည်း ၇၇ ရက်ကြာ ပိတ်မိနေခဲ့တာလို့ ဇာတိမြေ ဟူနန်ပြည်နယ်ကိုပြန်ဖို့ ရထားဘူတာရုံမှာ ရောက်နေတဲ့ ခရီးသွား အမျိုးသားတစ်ဦးက ဝမ်းသာအားရ ပြောလိုက်ပါတယ်။

ဘူတာရုံမှာ ခရီးသွားများကြား အလွန်လျင်မြန်စွာ ရွေ့လျားနေတဲ့ စက်ရုပ်ကလေးကလည်း လူတွေရဲ့ ခြေထောက်တွေကို ရောဂါကာကွယ်ဆေးတွေဖျန်းပက်ပေးနေပြီး နှာခေါင်းစည်းတွေတပ်ကြဖို့ တိုက်တွန်းနေတာကို တွေ့ရပါတယ်။

### နေအိမ်အတွင်းမှာပဲ နေထိုင်ကြဖို့တိုက်တွန်း

တရုတ်နိုင်ငံမှာ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ မရှိတဲ့နေ့အဖြစ် အင်္ဂါနေ့မှာ ကျင်းပခဲ့ပေမယ့်လည်း ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုမှာတော့ ဝမ်းနည်းမှု အထိမ်းအမှတ်အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူရမယ့်နေ့ ဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း အမေရိကန်ပြည်ထောင်စုမှာ နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၁၉၃၉ ဦးရှိတယ်လို့ ဂျွန်ဟော့ကင်း တက္ကသိုလ်ရဲ့ စာရင်းဇယားတွေမှာ ဖော်ပြခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ တဖြည်းဖြည်းနဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့်အထိနာခဲ့တဲ့ အီတလီနဲ့ စပိန်တို့လို ပုံစံမျိုးဖြစ်လာပါပြီ။

ဗြိတိန်မှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူဟာ တစ်နေ့တည်းမှာ စံချိန်တင်မြင့်တက်ခဲ့သလို အသက် ၅၅ နှစ်အရွယ် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ အောက်ဆီဂျင်အထောက်အကူပြုနည်းဖြင့် အထူးကြပ်မတ်ကုသနေရပြီး အခြေအနေကောင်းမွန်တည်ငြိမ်လျက်ရှိတယ်လို့ ပြောနေကြပါတယ်။ ပါရီမှာလည်း အသွားအလာကန့်သတ်မှုတွေကို အထူးတင်းကျပ်ပြီး ဆောင်ရွက်နေပါတယ်။ ပြင်သစ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် လူပေါင်း ၁၀၀၀၀ ခန့် သေဆုံးခဲ့ပါပြီ။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ဝန် အန်ဒရူးကူမိုက နယူးယောက်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုဟာ အမြင့်ဆုံးကို ရောက်လုနီးပြီလို့ ပြောကြားလိုက်သလို နယူးယောက်သားတွေကိုလည်း နေအိမ်အတွင်းမှာပဲနေထိုင်ကြဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

### အလှူငွေတွေ လှူဒါန်း

ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ပထမပိုင်းမှာ ပေါ့ပေါ့ဆဆတုံ့ပြန်လိုက်တဲ့အတွက် အကျပ်ရိုက်နေတဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို အပြင်းအထန်ပုတ်ခတ်ပြောဆိုခဲ့ပါတယ်။ ထို့အတူပဲ တရုတ်ဘက်လိုက်တယ်ဆိုပြီးတော့လည်း စွပ်စွဲခဲ့ပါတယ်။

မောပန်းနွမ်းလျနေတဲ့ ဆေးဘက်ဆိုင်ရာအဖွဲ့တွေဟာ ကိုရိုနာဗိုင်းရပ်စ်လူနာတွေနဲ့ စစ်မြေပြင်အလား ရောဂါပင်လယ်ကြားမှာ သူနိုင်ကိုယ်နိုင်အပြိုင် တိုက်နေရသလို ကမ္ဘာတစ်လွှားမကြုံစဖူး ထူးခြားမှုတွေနဲ့ သဘော်ာတွေပေါ်၊ ဟိုတယ်တွေမှာ၊ နယူးယောက် ဘုရားရှိခိုးကျောင်းပါမကျန် ဆေးကုသမှုဌာနတွေဖွင့်လှစ်ပြီး အရေးပေါ် နေ့မအိပ်ညမအိပ် ပြုစုနေကြရပါတယ်။

ဘာစီလိုနာက အသက် ၃၃ နှစ်အရွယ် အထူးကြပ်မတ်ဆောင်မှာဆေးကုသမှုတွေလုပ်ပေးနေတဲ့ သူနာပြုတစ်ဦးဖြစ်သူ အန်တိုနီယို အယ်လ်ဗာရက်ဇ်က ကပ်ရောဂါနဲ့ပတ်သက်ပြီး သူ့ရဲ့အတွေ့အကြုံကိုပြောတဲ့အခါမှာတော့ ပူဆွေးသောက ရောက်ရပါတယ်လို့ ပြောကြားလိုက်ပါတယ်။ သို့သော်လည်း လူနာနည်းနည်းပဲ သေဆုံးတဲ့အတွက် တော်သေးတယ်လို့ ပြောပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေးဟာလည်း အကျဘက်သို့ ရောက်နေပါတယ်။ ဂျပန်အစိုးရကတော့ အမေရိကန် တစ်ထရီလီယံပမာဏရှိတဲ့ ထောက်ပံ့ရေးရန်ပုံငွေတစ်ခု ထူထောင်လိုက်ပါတယ်။ ထို့အတူ တစ်ဦးတစ်ယောက်ချင်းကလည်း ကိုရိုနာဗိုင်းရပ်စ်အတွက် မတည်ရန်ပုံငွေတွေ လှူဒါန်းလျက်ရှိပါတယ်။ တွစ်တာ တွဲဖက်တည်ထောင်သူနဲ့ အမှုဆောင်အရာရှိချုပ် ဂျက်ခ်ဒေါ်ဆေးက ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရန်အတွက် အလှူငွေတစ်ဘီလီယံ လှူဒါန်းခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် စတော့ဈေးကွက်တွေဟာလည်း ရိုလာကိုစတာစီးနေရသလိုပါပဲ နိမ့်လိုက်မြင့်လိုက် လိမ့်လိုက်ကျလိုက်နဲ့ ဖြစ်နေတော့တာပါပဲ။ ကမ္ဘာ့အဆိုးရွားဆုံး ကပ်ရောဂါကြောင့် အလုပ်လုပ်နိုင်စွမ်းအား ၃ ဒသမ ၃ ဘီလီယံလောက်ရှိတဲ့ အလုပ်သမားထုကြီးရဲ့ ၈၁ ရာခိုင်နှုန်းလောက်ဟာ ဒုက္ခရောက်နေကြပါတယ်။ ကိုင်ရိုမှာ အလှူရှင်တွေ ဝေပေးနေတဲ့ အစားအစာတွေကို လာရောက်တန်းစီ နေတဲ့ ကလေးသုံးယောက်ရဲ့ ဖခင် လက်လုပ်လက်စား လက်သမားဆရာတစ်ယောက်ဖြစ်တဲ့ မိုဟာမက်ဆာအိဒ်ကလည်း ဆောက်တည်ရာမရ၊ ကြံရာမရဖြစ်နေကြောင်းလည်း ပြောကြားလိုက်ပါတယ်။ ဒီကပ်ရောဂါကြီးစဖြစ်ကတည်းက ကျွန်တော်တို့ ကိုယ့်အိမ်မှာပဲကိုယ် ငုတ်တုတ်ထိုင်နေရတာ၊ ဘာပိုက်ဆံမှ ဝင်လမ်းမရှိဘူးလို့ အသက် ၃၆ နှစ်အရွယ်ဖြစ်သူ လက်သမားဆရာက ပြောပါတယ်။ ကလေးတွေကို ဘယ်လိုကျွေးရမလဲမသိဘူး။ ဘုရား သခင်တားမြစ်ပါစေ။ ဘယ်သူမှဘာမှမဖြစ်ပါစေနဲ့လို့ သူက ဆုတောင်းလိုက်ပါတယ်။

**အေအက်ဖ်ပီ**



မေ ၈ ရက်က ဝူဟန်ရှိ ဝူဟန်-ဝူချန်ဘူတာရုံတွင် ခရီးသွားများ နှာခေါင်းစည်းဝတ်ဆင်ပြီး မိမိတို့အလိုရှိရာ နေရာများကို သွားနေစဉ်။

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်ဝန်ကြီးချုပ်က တိုကျိုနှင့်ဒေသခြောက်ခုတို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု အရေးပေါ်အခြေအနေ ကြေညာ

**တိုကျို မေ ၈**

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အခြားဒေသခြောက်ခုတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ဆောင်ရွက်ရန် ကြိုးပမ်းသည့်အနေဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်ကြောင်း သိရသည်။ အဆိုပါကြေညာချက်သည် တစ်လခန့်ကြာအောင် အသက်ဝင်ဖွယ်ရှိကြောင်း သိရသည်။

တိုကျိုမြို့၊ ကာနာဂါဝါ၊ ဆိုက်တာမာ၊ ချီဘာ၊ အိုဆာကာ၊ ဟာရိုဂိုနှင့် ဖူကူအိုကာစီရင်စုတို့တွင် အရေးပေါ်အခြေအနေကြေညာထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၁၀၀ ရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးပမာဏသည် တိုကျိုမြို့မှ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

### အင်ဒိုနီးရှားတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဝတ်စုံများနှင့်နှာခေါင်းစည်းများ တိုးမြှင့်ချုပ်လုပ်

**ဂျကာတာ မေ ၈**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့နေစဉ် လိုအပ်သော အကာအကွယ်ဝတ်စုံများနှင့် နှာခေါင်းစည်းများ ရရှိနိုင်ရန် ပြည်တွင်း၌ အစွမ်းကုန် တိုးမြှင့်ချုပ်လုပ်နေကြောင်း သိရသည်။ အိမ်တွင်းအလုပ်ရုံများမှ အလုပ်သမများနှင့် ကျောင်းသူကျောင်းသားများသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် လိုအပ်သော အဆိုပါ ကာကွယ်ရေးပစ္စည်းများချုပ်လုပ်သည့်လုပ်ငန်းများတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၂၂ ဦးရှိခဲ့ရာ အဆိုပါပမာဏသည် အရှေ့တောင်အာရှနိုင်ငံများတွင် အရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။ လက်ရှိနိုင်ငံတွင်း ရောဂါကူးစက်ခံထားရသူပေါင်း ၂၇၃၈ ဦးရှိကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန် ပြည်သူများအား ခပ်ခွာခွာနေထိုင်ရေးကို အစွမ်းကုန်ပြုလုပ်ရန် ဂျကာတာမြို့တော်ဝန် အန်နီးစ် ဘက်စ်ဝီဒန်က အကြံပြုခဲ့သည်။ ယင်းအကြံပြုချက်ကို အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး တီရာဝမ် အော်ဂစ်ပူထရမ်တိုက အတည်ပြုပေးခဲ့သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာ ကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၇-၄-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၈-၄-၂၀၂၀)ရက်နေ့၊ ညနေ (၆)နာရီအထိ စောင့်ကြည့် လူနာအသစ် (၄၄) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၈-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၃၃) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (၃၃) ဦးလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁)ဦး၊ ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၁၂) ဦးနှင့် မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင် လူနာ(၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ပြောင်းရွှေ့ရန်စီစဉ်လျက်ရှိသည့်လူနာ (၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့၊ အထူးကြပ်မတ်ကုသခန်း၌ သီးခြားထားရှိ ကုသမှုပေးလျက်ရှိသည့် လူနာ (၁) ဦး (Case 17) နှင့် ဝေဘာဂီအထူးကုဆေးရုံကြီး၊ အထူးကြပ်မတ်ကုသခန်း၌ သီးခြားထားရှိကုသမှုပေးလျက်ရှိသည့် လူနာ (၁) ဦး (Case 16) တို့သည် (၈-၄-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် သေဆုံးခဲ့ပါသည်။ အဆိုပါ လူနာ (၂) ဦး သေဆုံးမှုနှင့် ပတ်သက်၍ ယနေ့ ညနေတွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၅။ (၂၇-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုး တွေ့ရှိခဲ့ပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဆွစ်ဇာလန်နိုင်ငံသူ၊ အသက် (၅၈) နှစ်အရွယ် အမျိုးသမီး (Case-7) သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၄-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၇-၄-၂၀၂၀) ရက်နေ့တွင်လည်းကောင်း ရယူ၍ စစ်ဆေးခဲ့ရာ ထပ်မံစစ်ဆေးသည့် (၂) ကြိမ်စလုံးတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရသဖြင့် ယနေ့ ညနေပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး သတ်မှတ်ထားသည့် နေရာတွင် (၁၄) ရက် စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၇-၄-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## နေပြည်တော်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းသုံးလိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ထောက်ပံ့မှုဆောင်ရွက်ပြီး ယာဉ်များကို ပိုးသတ်ဆေးဖျန်း

နေပြည်တော် ဧပြီ ၈

**နေပြည်တော်မြို့တွင်း ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်ငယ် အစီး ၁၉၀ ၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သင်္ကြန်ကာလ ယာဉ်ပြေးဆွဲမှုရပ်နားစဉ် မိသားစုစားဝတ်နေရေး သက်သာချောင်ချိရေးအတွက် ယာဉ်လိုင်းသုံးလိုင်း၏ အသင်းရန်ပုံငွေမှ ဆန်အိတ်များ ထောက်ပံ့ပေးခြင်းနှင့် မီးသတ်ဦးစီးဌာနက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ယာဉ်များအားလုံးကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများအား ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့မဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**



နေပြည်တော်နယ်မြေအတွင်း ခရီးသည်များသွားလာရေးအဆင်ပြေချောမွေ့စေရန် ရွှေပြည်သစ်၊ ရွှေအောင်လံ၊ ရွှေသပြေယာဉ်လိုင်းသုံးလိုင်းမှ ယာဉ်အစီးရေ ၁၉၀ ဖြင့် နေစဉ်ပြေးဆွဲလျက်ရှိရာ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးရေးအနေဖြင့် ယာဉ်စီးရေ ၄၀ လျှော့ချပြေးဆွဲပေးနေကြောင်း၊ မကြာမီရောက်ရှိလာမည့် သင်္ကြန်ကာလတွင် ယာဉ်ပြေးဆွဲမှု ရပ်ဆိုင်းသွားမည်ဖြစ်၍ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များ မိသားစုစားဝတ်နေရေး သက်သာချောင်ချိရေးအတွက် ယာဉ်လိုင်းသုံးလိုင်း၏ အသင်းရန်ပုံငွေမှ ဆန်အိတ်စုစုပေါင်း ၂၅၂ အိတ် တန်ဖိုးငွေကျပ် ၇၅၉၆၀၀၀ ဖိုးကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ခရီးသည်များ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးကြပ်၍ ယာဉ်များအားလုံးကို ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)ဥက္ကဋ္ဌ ဦးစိုးကြီးက ပြောသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းအခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကလ)မှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်ဝင်းလှိုင်၊ ပျဉ်းမနားမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် အဖွဲ့ဝင်များ၊ မထသ(မြို့တွင်း)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယာဉ်လိုင်းသုံးလိုင်းမှ ဥက္ကဋ္ဌ နှင့် ဖွဲ့ဝင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရဲရဲ(ပျဉ်းမနား)**

## ပြည်ကြီးမဏ္ဍိုင်မြို့ တောင်ငယ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု မဖြစ်ပွားစေရေး ကွင်းဆင်းဆောင်ရွက်

**ပြည်ကြီးမဏ္ဍိုင် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့ မနိုးရုံးကျေးရွာအုပ်စု တောင်ငယ်ကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ကိုယ်အပူချိန်တိုင်းခြင်း၊ ဆေးဖျန်းခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ယနေ့နံနက် ၈ နာရီခွဲက ပြုလုပ်သည်။



ယင်းသို့ဆောင်ရွက်ရာတွင် မြို့အဆင့်ဌာန ဆိုင်ရာများ၊ ကျန်းမာရေး အထောက်အကူပြုအဖွဲ့၊ကျန်းမာရေး ဝန်ထမ်းများ၊ တောင်ငယ်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ လူနေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်း၊ ဈေးဆိုင်များသို့ သွားရောက်ပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် လက်ကမ်းစာစောင်ဝေခြင်း၊ ဆောင်ရန်/ရှောင်ရန်များနှင့် လက်ဆေးနည်းတို့ကို လက်တွေ့သရုပ်ပြကာ ကျန်းမာရေးပညာပေးဟောပြော ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပြည်ကြီးမဏ္ဍိုင်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ကျေးရွာခွဲများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလွင်**

## ရွှေဘိုမြို့၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရွှေဘို ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ရွှေဘို ခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦးတို့က ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် မြတောင်ရပ်ရှိ ရန်ကြီးအောင် အငှားအိမ်ရာ တိုက်(၁)နှင့် တိုက်(၂)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့တွင် ကိုယ်အပူချိန်တိုင်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ငြိမ်းချမ်းရေးစက်သုံးဆီဆိုင်၊ နံ့သာနိုင်စက်သုံးဆီဆိုင်၊ သိင်္ဂီစက်သုံးဆီဆိုင်၊ သန်းထိုက်အောင် စက်သုံးဆီဆိုင်တို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်း သင်ကြားပြသခြင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်သူသို့ အသိပေးတင်ပြချက်ထုတ်ပြန်

**နေပြည်တော် ဧပြီ ၈**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အရေးကြီးကာလအတွင်း ပြည်သူများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ **(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ)** အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ် ၁၅၀ အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)ကို ဧပြီလ ကုန်အထိ ပေးသွားမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီ က ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) နှင့်ပတ်သက်၍ ပြည်သူများမှ ပေးဆောင်ရာတွင် ရှင်းလင်းစေရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည် -

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | ၁ မှ ၃၀ | ၃၅ |
| | ▪ နေအိမ်သုံး | ၃၁ မှ ၅၀ | ၅၀ |
| | ▪ အိမ်သုံးပါဝါ | ၅၁ မှ ၇၅ | ၇၀ |
| | ▪ တစ်လုံးတစ်ခဲတည်း (အိမ်သုံး) | ၇၆ မှ ၁၀၀ | ၉၀ |
| | ▪ စီးပွားရေးလုပ်ငန်း မပါသော | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | ဘာသာ/ သာသနာ အဆောက်အအုံ | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (ခ) | **အိမ်သုံး မဟုတ်သည့် အမျိုးအစား** | ၁ မှ ၅၀၀ | ၁၂၅ |
| | ▪ စက်မှုလုပ်ငန်းများ | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | ▪ စီးပွားရေးလုပ်ငန်းများ | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | ▪ တစ်လုံး တစ်ခဲတည်း | ၁၀၀၀၁ မှ ၂၀၀၀၀ | ၁၅၅ |
| | ▪ ယာယီသုံး | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | ▪ လမ်းမီး | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | ▪ အစိုးရရုံးဌာနအဖွဲ့အစည်းများ | ၁၀၀၀၀၁ နှင့် အထက် | ၁၈၀ |
| | ▪ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ | | |
| | ▪ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ | | |
| | ▪ မြစ်ရေတင်လုပ်ငန်း | | |
| | ▪ စည်ပင်သာယာရုံးဌာန/လုပ်ငန်းများ | | |
| | ▪ အစိုးရမဟုတ်သောအဖွဲ့အစည်းများ | | |
| | ▪ နိုင်ငံခြားသံရုံးများ | | |
| | ▪ နိုင်ငံတကာအဖွဲ့အစည်းများ | | |

ထို့ပြင် ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ခံစားခွင့်ရရှိသည့် ဓာတ်အားသုံးစွဲသူ အမျိုးအစားတွင် ဓာတ်အားခနှုန်းထား သတ်မှတ်ချက်ဇယား၏ စာပိုဒ် ၂ (က) အိမ်သုံးအမျိုးအစားဖြင့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအပြင် စာပိုဒ် ၂ (ခ) အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများသာ အကျုံးဝင်ကြောင်း။

ယင်းအကျုံးဝင်သောကာလမှာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အား သုံးစွဲမှုများဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ ယူနစ် (၁၅၀)အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခအပါအဝင် ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ကြောင်း၊ ယူနစ် ၁၅၁ ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် ၁၅၀ အတွက် ဓာတ်အားခကျသင့်ငွေကျပ် ၁၁၅၅၀ နှင့် ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ ယူနစ် ၁၅၁ ယူနစ်နှင့်အထက် သုံးစွဲမှုများကို အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများ အားလုံးသည် ယခင်သတ်မှတ် နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မီတာဖတ်စာရေးများသည် လစဉ်ဖတ်ရှုရမည့်ရက်များအတိုင်း ဖတ်ရှုမှတ်သား၍ ဖြန့်ဝေရမည့် မီတာဘေလ်များကို ပုံမှန်ဖြန့်ဝေကာ ၎င်းမီတာဘေလ်များ၌ သုံးစွဲသည့်ယူနစ်များအလိုက် ကင်းလွတ်ခွင့် (အခမဲ့) ခံစားခွင့်ပြုမည့် ငွေပမာဏကို နုတ်ပယ်သွားမည်ဖြစ်ပြီး ၎င်းမီတာဘေလ်များကို သုံးစွဲသူများမှ သိမ်းဆည်းထား ရမည် ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် မီးသုံးစွဲသူများ အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သီးခြားဆောင်ရွက်ရန်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်ပြောင်းရွှေ့ ရောက်ရှိနေသည့် မိသားစုဝင်များအား ချင်းပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အဝတ်အစားနှင့်စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့



ဟားခါး ဧပြီ ၈

**ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့မှ ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာသို့ တိုက်ပွဲရှောင်ပြောင်းရွှေ့ ရောက်ရှိနေသည့် အိမ်ထောင်စုများအား ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ဧပြီ ၈ ရက် နံနက် ၉ နာရီက သီကီးရ်ကျေးရွာသို့ရောက်ရှိပြီး အိမ်ထောင်စုအလိုက် အဝတ်အစားများ၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**

ရှေးဦးစွာ ပြည်နယ်လူမှုရေး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းထားသည့် နေအိမ်များတွင် နေထိုင်လျက်ရှိကြသော ခုမီးအိမ်ထောင်စု ၁၂ စု နှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ အားပေး စကားလိုက်လံပြောကြားခဲ့ပြီးနောက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က မိတ်ဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေး ဝန်ကြီးက အိမ်ထောင်စုဝင်များအား တစ်ဦးလျှင် အင်္ကျီတစ်ထည်နှုန်း၊ ဟားခါး ခရိုင်ခေတ္တ အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်း၊ ထန်တလန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အိမ်ထောင်စုတစ်စုလျှင် ကုလားပဲတစ်ပိဿာနှုန်းဖြင့် ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ မိသားစုဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်



**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ ညနေ ၅ နာရီက မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးခန်း၌ ကျင်းပခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး-ဒေါ်ဇွန်စန်းပွင့် မိသားစုနှင့် မိတ်ဆွေများက PPE ဝတ်စုံ ၃၅ စုံ၊ အပူချိန်တိုင်းစက် သုံးခု၊ နှာခေါင်းစည်း ၁၆ ဘူး၊ လက်သန့်ဆေးငါးလီတာ တစ်ဘူး၊ အလှူငွေကျပ် ၆၀၀၀၀၊ ဒလမြို့ပေါ်ရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် စေတနာအလှူရှင်များက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၃ သိန်း၊ မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ် အထောက်အကူပြု ကော်မတီမှ မတည်ငွေကျပ် ခုနစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ ကျော်ကို နာယကများ ဖြစ်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ် အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ဝင်များက လက်ခံရယူသည်။

**အရေးပေါ်အသုံးပြုမည်**

အဆိုပါ လှူဒါန်းငွေများနှင့် အထောက်အကူပြု ပစ္စည်းများကို မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၉ ရက်မှ ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် Home Stay ကာလ အတွင်း အထွေထွေကျန်းမာရေး ကိစ္စရပ်များနှင့် မြို့နေပြည်သူလူထုအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးအောင်ကျော်မြင့် -ဒေါ်အမာ(မင်္ဂလာပါ) မိသားစုမှ မင်္ဂလာ(၂) တည်းခိုခန်းကို ဆေးခန်းအဖြစ် ကူညီပေးသွားမည်ဖြစ်ကြောင်း မြို့မိမြို့ဖ အလှူရှင်ဦးအောင်ကျော်မြင့်က ပြောကြားသည်။

ထို့ကြောင့် ဒလမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆရာဝန်/သူနာပြုများ လိုအပ်လျက်ရှိရာ လုပ်အားပေး ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်သည့် မည်သူမဆို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်း ဖုန်းနံပါတ် ၀၉-၇၇၇၃၉၀၆၆၆၊ ဒေါက်တာထင်ရှားအောင် ဖုန်းနံပါတ် ၀၉-၇၇၈၈၉၉၁၉၀၊ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖုန်းနံပါတ် ၀၉-၄၂၀၀၀၇၃၂ တို့သို့ ဆက်သွယ်၍ ကုသိုလ်ပြု ပါဝင်နိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၈**

ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID–19) ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၀)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း လုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ယခုကော်မတီကို ဖွဲ့စည်းပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ဗဟိုက သတ်မှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိလုပ်ငန်းများ၊ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် လိုကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းသည့်အခါလည်း ဝိုင်းဝန်းကာစေတနာထားပြီး ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများကို သိရှိထားသူများ ရှိသလို မသိရှိသူများလည်း ရှိနေကြောင်း၊ လက်ရှိအခြေအနေတွင် သိရှိသူများကို ညွှန်ကြားချက်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ပြီး ကာကွယ်ရေး၊ ကုသရေးများ ကအစ ဆောင်ရွက်ပေးထားနိုင်သော်လည်း မသိရှိဘဲ ဝင်ရောက်လာသူများ ကျေးရွာများတွင် ပျံ့နှံ့ပြီး ရှိနိုင်ပါကြောင်း။

ထိုကိစ္စများကိုလည်း မည်သို့စီစဉ်မည်၊ ဖြစ်လာလျှင် မည်သို့ကာကွယ် တုံ့ပြန်သွားမည်ကို ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ လတ်တလော ဆောင်ရွက်နေကြရာတွင် ကော်မတီအနေဖြင့် ဆောင်ရွက်ရသည်များရှိသလို လူမှုရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆောင်ရွက်နေရသည်များ ရှိသည့်အတွက် လိုအပ်သည့်ပစ္စည်းများနှင့် ဘဏ္ဍာရေးအခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်းနှင့် ယနေ့ ကော်မတီမှ လုပ်ဆောင်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် အကြံပြုဆွေးနွေးချက်များကိုလည်း ရှေ့လုပ်မည့် လုပ်ငန်းစီမံချက်တစ်ခု ရေးဆွဲကာ စီမံချက်ထဲတွင် လတ်တလောလုပ်ဆောင်မည့်အရာ၊ ရေရှည်တွင် လုပ်ဆောင်မည့်အရာ၊ လိုအပ်ချက်၊ ညွှန်ကြားရန် လိုအပ်ချက်နှင့် ဗဟိုနှင့်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ထည့်သွင်းရေးဆွဲသွားရန် လိုကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအား လည်းကောင်း၊ ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက ကော်မတီ၏ လုပ်ငန်းတာဝန်များအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေးနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူဖြစ်စေရန် လမ်းသွားလမ်းလာနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ လှူဒါန်းတပ်ဆင်ပေး




**မြိတ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကိုဗစ်–၁၉ ကာကွယ်ရေး အထောက်အကူဖြစ်စေရန်နှင့် ပြည်သူများ အပြင်ထွက်သွားလာရာ၌ နှာခေါင်းစည်း တပ်ဆင်သွားလာသည့် အလေ့အကျင့်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် လမ်းသွားလမ်းလာနှင့် ခရီးသွားပြည်သူများအား ယနေ့ နံနက် ၉ နာရီက မြစ်ငယ်ရပ်ကွက်ရှိ ဗိုလ်ချုပ်ကြေးရုပ်အရှေ့တွင် နှာခေါင်းစည်းများ လှူဒါန်းတပ်ဆင်ပေးကြသည်။

“မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ် တုံ့ပြန်တဲ့အနေနဲ့ နှာခေါင်းစည်းတွေကို ခရီးသွားလာ ပြည်သူတွေ ကျန်းမာရေး သတိရှိဖို့အတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးရင်းနဲ့ နှာခေါင်းစည်းတွေကို လှူဒါန်း တပ်ဆင်ပေးတာ ဖြစ်ပါတယ်” ဟု အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကိုကိုက ပြောသည်။

ကိုဗစ်–၁၉ ကာကွယ်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် မြိတ်ဆိုင်ကယ် အရောင်းလုပ်ငန်းရှင်များ အသင်းမှ နှာခေါင်းစည်း ၁၀၀၀၀ ကို လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်း၌ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် နှာခေါင်းစည်း ၃၀၀၀ ကို ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖြင့် သွားလာကြသူများကို တပ်ဆင်လှူဒါန်းပေးခဲ့ကြပြီး ညနေပိုင်းတွင် မြိတ်တောင်ရပ်ကွက် စန်းသီရိလမ်းဆုံတွင် ဆက်လက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း၊ ထို့အတူ လိုအပ်သည့်နေရာများတွင်လည်း မြိတ်ဆိုင်ကယ်အရောင်းလုပ်ငန်းရှင်များ အသင်းမှ ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း မြိတ်ဆိုင်ကယ် အရောင်းလုပ်ငန်းရှင်များ အသင်းမှ သိရသည်။

လမ်းသွားလမ်းလာနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ လှူဒါန်းတပ်ဆင်ပေးခြင်းကို အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုရဲမှူးကိုကို နှင့် တပ်ဖွဲ့ဝင်များ၊ မြိတ်ဆိုင်ကယ် အရောင်းလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အသင်းဝင်များ၊ သားဖွားသင်တန်းကျောင်းမှ သင်တန်းကျောင်း ကျောင်းအုပ်၊ နည်းပြဆရာမများနှင့် သင်တန်းသူများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# တာမွေမြို့နယ်တွင် ဖျားနာလူနာများအား ကုသမှုဆေးခန်းဖွင့်လှစ်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များ၊ Myanmar Medical Association (MNA)၊ တာမွေ ကွန်ရက်ပရဟိတ အဖွဲ့ဝင်များနှင့် The Nobleman Co.ltd တို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖျားနာလူနာများအား ကုသမှု (ယာယီ) ဆေးခန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးခန်းအတွက် လိုအပ်သော PPE ဝတ်စုံငါးစုံ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအတွက် PPE ဝတ်စုံငါးစုံနှင့် တာမွေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ထားရှိမည့် ကန့်သတ်စောင့်ကြည့်နေရာအတွက် PPE ဝတ်စုံငါးစုံကို မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနှင်းလဲ့ရည်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**နိုင်လင်းအောင်(ပြန်/ဆက်)**





# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လှုံ့ဆော်တေးသီချင်း မကြာမီထုတ်လွှင့်မည်

**ရန်ကုန် မေ ၈**

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေး “အားလုံးအတူ” ခေါင်းစဉ်ဖြင့် လှုံ့ဆော်တေးသီချင်း အသံသွင်းခြင်းလုပ်ငန်းကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ စတူဒီယို D တွင် ဆောင်ရွက်သည်။

အဆိုပါလှုံ့ဆော်တေးသီချင်းကို တေးရေး မင်းသျှင်သွေး ရေးစပ်ထားပြီး တေးသံရှင်များ ဖြစ်ကြသော အာတီချုပ်၊ စောလားထော်ဝါးနှင့် ငွေဇင်လှိုင်းတို့၏ သီဆိုမှုဖြင့် ထိုသို့ အသံသွင်းခြင်းဖြစ်သည်။

“အားလုံးအတူ” အမည်ရ တေးသီချင်းသံစဉ်ကို Acerbic Music Band နှင့်အတူ ဒရမ်မာ ဗီနိုထွန်း၏ တီးခတ်မှုဖြင့် အသံသွင်းခြင်းကို မေ ၄ ရက်နှင့် ၅ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မေစတူဒီယို၌ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လှုံ့ဆော်တေးသီချင်း ထုတ်လွှင့်မည့်အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းစီမံမှုဖြင့် တေးရေး၊ တေးဆို၊ တီးခတ်သူများနှင့် စတူဒီယိုများက ပြည်သူများ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်ရန်အတွက် မေတ္တာဖြင့် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ရာ ၎င်းသရုပ်ဖော်တေးသီချင်းကို MRTV နှင့် Online မီဒီယာများမှ မကြာမီထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ **နီနီ (FDC)**

## မန္တလေးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး မေ ၈**

မန္တလေးမြို့ရှိ အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ မန္တလေးပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မေ ၈ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ရှိ မန္တလေးဘူတာကြီးရှေ့တွင် ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကို ခရီးသွားပြည်သူများ ကူးစက်မှုမရှိစေရန် ကာကွယ်တားဆီးနိုင်ရေး အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်း စာစောင်များကို ယခုကဲ့သို့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ချမ်းအေးသာစံမြို့နယ် တာဝန်ခံ ဒုရဲမှူး လှသိန်းက ပြောသည်။

"မန္တလေးပြည်သူတွေ အနေနဲ့ အခုလိုကာလမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမခံရအောင် နှာခေါင်းစည်းတွေ တပ်ပြီးသွားလာစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြန့်ဝေပေးတာဖြစ်ပါတယ်။ ဒီရောဂါက လေထဲကနေ ကူးစက်နိုင်တဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလည်း သိရှိနိုင်စေဖို့ အသိပညာပေး လက်ကမ်းစာစောင်တွေကိုလည်း ဖြန့်ဝေပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ နှာခေါင်းစည်းများ ဖြန့်ဝေပေးသည့်နေရာသို့ ရောက်ရှိလာသည့် မန္တလေးမြို့ သမန်းကုန်းမြို့သစ်မှ ဒေါ်မြင့်မြင့်သန်းကလည်း "အိမ်ကနေ အလုပ်ကိစ္စရှိလို့ မြို့ထဲကို ထွက်လာရင်း အခုလို နှာခေါင်းစည်းတွေ ဝေငှနေတာ တွေ့လို့ဝင်ယူတာပါ။ ဒီလိုကာလမှာ ရောဂါမကူးစက်အောင် အိမ်ထဲမှာပဲ နေချင်ပေမယ့် မဖြစ်မနေ အပြင်ထွက်ရတဲ့သူတွေ အတွက် အခုလို နှာခေါင်းစည်း တပ်ပြီး သွားလာရတာ လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ ဒါကြောင့် နှာခေါင်းစည်းတွေ လှူဒါန်းပေးတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။



မန္တလေးမြို့ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စုများအနေဖြင့် ပြည်သူများအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို မြို့နယ်အလိုက် ဆောင်ရွက်ပေးနေသည့်အပြင် ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအား ခရီးသွားပြည်သူများ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို လွန်ခဲ့သည့် မတ်လအတွင်းကစ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြစ်ကြီးနား-မန္တလေး လူစီးရထားတစ်စင်းသာ ပြေးဆွဲမည်

**မိုးကောင်း မေ ၈**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အစုန်/အဆန် ရထားများအားလုံးကို ယာယီဖျက်သိမ်းပြီး လူစီးရထားတစ်စင်းသာလျှင် ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း မိုးကောင်းဘူတာရုံပိုင်ကြီး ဦးမျိုးသိန်းထွန်းထံက သိရသည်။

မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အစုန်/အဆန် ရထားများအားလုံးကို မေ ၁၀ ရက်မှစတင်၍ ပြေးဆွဲမှု ယာယီဖျက်သိမ်းပြီး အမှတ် ၄၂ အစုန် မြစ်ကြီးနား-မန္တလေး ရထားနှင့် အမှတ် ၄၁ အဆန် မန္တလေး-မြစ်ကြီးနား လူစီးရထားတစ်စင်းသာလျှင် ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဂန့်ဂေါ - ကလေး ရထား သင်္ကြန်ကာလ ခေတ္တရပ်နားမည်

**ဂန့်ဂေါ မေ ၈**

ဂန့်ဂေါ - ကလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော ရထားခရီးစဉ်ကို သင်္ကြန်ကာလ ရုံးပိတ်ရက်အတွင်း ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ဂန့်ဂေါဘူတာရုံမှ သိရသည်။

သင်္ကြန်ကာလအတွင်း ရထားခရီးစဉ် ခေတ္တရပ်နားထားမည့်ကိစ္စနှင့် စပ်လျဉ်း၍ "ဂန့်ဂေါ - ကလေး ရထားခရီးစဉ်ကို မေ ၉ ရက်အထိ ပုံမှန်ပြေးဆွဲမှာပါ၊ သင်္ကြန်ကာလဖြစ်တဲ့ မေ ၁၀ ရက်မှ မေ ၁၉ ရက်အထိ ၁၀ ရက်ကြာ ရပ်နားမှာဖြစ်ပြီး မေ ၂၀ ရက်ကစပြီး ပုံမှန် ပြေးဆွဲမှာဖြစ်ပါတယ်။ ဂန့်ဂေါမြို့ ဘူတာရုံကနေဆိုရင် မနက် ၇ နာရီခွဲ ရထားစထွက်ပြီး ကလေးမြို့ဘူတာရုံကို မွန်းလွဲ ၂ နာရီဝန်းကျင်ဆိုရောက်ပါတယ်။ ကလေးမြို့ဘူတာရုံကနေ နံနက် ၆ နာရီမှာ စထွက်ပြီး ဂန့်ဂေါမြို့ဘူတာရုံကို မွန်းလွဲ ၁ နာရီ ဝန်းကျင်မှာ ရောက်ပါတယ်" ဟု ဂန့်ဂေါဘူတာရုံပိုင် ဦးလွမ်းဝေက ပြောသည်။

ဂန့်ဂေါ - ကလေးရထားလမ်းပိုင်းတွင် ဘူတာရုံပေါင်း ၁၆ ခုရှိပြီး အဆိုပါ ခေတ္တရပ်နားထားချိန်တွင် ရထားအတွင်းသန့်ရှင်းရေးနှင့် ကလိုရင်းဆေးများ ပက်ဖျန်းကြမည်ဖြစ်ကြောင်းနှင့် နေ့စဉ် ခရီးသည်ပေါင်း ၃၀၀ ခန့် လိုက်ပါသွားလာကြကြောင်း သိရသည်။ **ထင်အောင်နိုင်(ပြန်/ဆက်)**

## ပခုက္ကူဘူတာမှ ပြေးဆွဲနေသည့် ရထားများ မေ ၁၀ ရက်မှ ၁၉ ရက်အထိ ရပ်နားထားမည်

**ပခုက္ကူ မေ ၈**

ပခုက္ကူမြို့၌ မြန်မာ့မီးရထားက ပခုက္ကူဘူတာမှ အခြေစိုက်ပြေးဆွဲနေသည့် လမ်းကြောင်း လေးခုကို မေ ၁၀ ရက်မှ ၁၉ ရက်အထိ ပြေးဆွဲခြင်း ရပ်နားထားမည်ဖြစ်သည်။ ပခုက္ကူမြို့မှ မုံရွာ၊ ဆိပ်ဖြူ၊ ကျော၊ တန့်ကြည်တောင်ဘူတာများသို့ ပြေးဆွဲနေသည့် ရထားခရီးစဉ်များကို မေ ၁၀ ရက်မှ ၁၉ ရက်အထိ ရပ်နားထားမည်ဖြစ်ကြောင်း ပခုက္ကူဘူတာရုံပိုင်ကြီး၏ ပြောကြားချက်အရ သိရသည်။ အလားတူ ပခုက္ကူ-နေပြည်တော် ပြေးဆွဲနေသောရထားကို မတ် ၃၁ ရက်မှစ၍ ပြေးဆွဲမှု ရပ်ထားကြောင်း သိရသည်။ **ကိုဇော်(ခတု)**

## မြန်မာအမျိုးသားလေကြောင်းလိုင်း ပြည်တွင်းခရီးစဉ်များ ဆက်လက်ပြေးဆွဲ

**ရန်ကုန် မေ ၈**

ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များကို နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ဆက်လက်ပြေးဆွဲနေကြောင်း လေယာဉ်လက်မှတ်အရောင်းစင်တာမှ သိရသည်။

"ကျွန်တော်တို့ လေကြောင်းလိုင်းက လောလောဆယ်မရပ်သေးဘူး။ ပုံမှန်ပြေးဆွဲနေသေးတယ်။ ရပ်ရင် အချိန်မီကြေညာပါ့မယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်က ပြောသည်။

**ဆက်လက်ပြေးဆွဲလျက်ရှိ**

မတ် ၂၅ ရက်မှစ၍ ထိုင်းနိုင်ငံ ဘန်ကောက်နှင့် ချင်းမိုင်မြို့၊ စင်ကာပူနိုင်ငံ စသည်တို့သို့ ပြေးဆွဲသည့် ပြည်ပခရီးစဉ်တချို့ကို ရပ်ဆိုင်းခဲ့ရပြီး ပြည်တွင်းခရီးစဉ်များကို ဆက်လက်ပြေးဆွဲလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ အရေးပေါ်အခြေအနေ သတ်မှတ်သည့်နောက်ပိုင်း ပြည်ပလေကြောင်းခရီးစဉ်များကို မေ ၁၃ ရက်မှ ၁၉ ရက်အထိ ခေတ္တရပ်နားထားကြောင်း ကြေညာပြီးနောက် ပြည်ပခရီးစဉ် လေယာဉ်လက်မှတ်ဝယ်ထားသူများ၊ MNA အရောင်းကောင်တာမှ တိုက်ရိုက်ဝယ်ယူသူများအား ရုံးချိန်အတွင်း ငွေသားအပြည့်ပြန်အမ်းပေးခြင်းဖြင့်လည်းကောင်း၊ အွန်လိုင်းမှ ဝယ်ယူသည့် လက်မှတ်များအား တစ်လအတွင်း ပြည်ပခရီးစဉ်လက်မှတ်ဖိုး ငွေသားပြန်လည်ထုတ်ယူနိုင်ကြောင်း MNA က ကြေညာထားသည်။

**သန့်ဇင်ဝင်း**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် မြို့နယ် ၁၂ မြို့နယ်တွင် လက်ဆေးကန်နှင့် အသိပညာပေး ဗီနိုင်းပိုစတာများ တပ်ဆင်ဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် မြို့နယ် ၁၂ မြို့နယ်တွင် လက်ဆေးကန်နှင့် အသိပညာပေး ဗီနိုင်းပိုစတာများကို မြို့ပေါ်တွင် ၄၈ ခု၊ ကျေးရွာများတွင် ၂၇၇ ခု စုစုပေါင်း ၃၂၅ ခု ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

လက်ဆေးကန်နှင့် အသိပညာပေး ဗီနိုင်းပိုစတာများကို စစ်ကိုင်း ၂၅ ခု၊ မုံရွာ ၃၀၊ ဒီပဲယင်း ၂၁ ခု၊ တန့်ဆည် ၁၆ ခု၊ ရွှေဘို ၁၆ ခု၊ ကနီ ၂၁ ခု၊ ယင်းမာပင်၂၅ ခု၊ ခန္တီး ၂၁ ခု၊ ဟုမ္မလင်း ၁၀ ခု၊ ကလေး ၃၄ ခု၊ တမူး ၁၉ ခုနှင့် ထီးချိုင့် ၂၅ ခု တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြို့ပေါ်တွင် ၁၉ ခုနှင့် ကျေးရွာများတွင် ၈၆ ခု တပ်ဆင်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး အတွင်းရှိ ကျေးရွာစုစုပေါင်း ၂၆၃ ရွာနှင့် မြို့ပြ ၄၈ မြို့ကို လက်ဆေးကန်နှင့် ဗီနိုင်းပိုစတာများ တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့် မြို့ပေါ် ၂၉ မြို့နှင့် ကျေးရွာ ၁၉၁ ရွာကို ဆက်လက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

**မွေးကြူဇင်**

## စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်၍ မကွေးမြို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းရှိ လူဦးရေ ၉၀ အိမ်ပြန်ခွင့်ရ

**မကွေး မေ ၈**

မကွေးမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း သုံးခုတွင် မတ် ၂၅ ရက်မှစ၍ ကျန်းမာရေးအရ ကန့်သတ်စောင့်ကြည့်ထားသူ ၂၉၅ ဦးရှိပြီး ၁၄ ရက်ပြည့်သည့် လူဦးရေ ၉၀ကို ပထမအသုတ်အဖြစ် အိမ်ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးစောနိုင်ထံက သိရသည်။

"စောင့်ကြည့် ၁၄ ရက်ပြည့်သူတွေကို ကျန်းမာရေးဌာနက ထောက်ခံချက်နဲ့ အိမ်ပြန်ခွင့်ပြုလိုက်ပါပြီ။ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့က သက်သေအဖြစ် ထောက်ခံစာမှာ လက်မှတ်ထိုးပေးပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေက သူတို့ကို လာခေါ်ပါတယ်။ သူတို့ပြန်မယ့်ရွာအထိအရောက် လိုက်ပို့ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ် " ဟု မကွေးခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

အိမ်ပြန်ခွင့်ရသူများတွင် မကွေးကွန်ပျူတာတက္ကသိုလ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းမှ ၇၀၊ ပညာရေးကောလိပ်မှ ၂၀ ပါဝင်ပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က မှတ်တမ်းရယူကာ အိမ်ပြန်ခရီးကို အဆင်ပြေအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၈**

ရန်ကုန် ယူနစ်လူမှုကူညီရေးလူငယ်အသင်းက လှိုင်သာယာမြို့နယ်ရှိ ဌာနဆိုင်ရာများ အားလုံးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၃၀၀၀၀၊ PPE ဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းကိရိယာ ၂၆ ခု၊ ပိုးသတ်ဆေးဘူးအသေး ၁၀၂ ဘူး၊ လက်သန့်ဆေးရည် အကြီး ၃၃၀၊ လက်သန့်ဆေးရည် အသေး ၄၆၀ ဘူး၊ ပိုးသတ်ဆေး တစ်ဂါလန်ပုံး ၅၀ အစရှိသည့် ကာကွယ်ရေးပစ္စည်း ငွေကျပ်သိန်း ၂၅၀ ဖိုးခန့်ကို ရန်ကုန်ယူနစ် လူမှုကူညီရေးအသင်း ခေါင်းဆောင် ဦးအောင်ပိုင်နှင့် ဦးသက်ထွန်းဦးတို့က ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့ နံနက် ၈ နာရီက လှိုင်သာယာမြို့နယ် သာသနာ့ဗိမာန်တွင် ပေးအပ်လှူဒါန်းသည်။

**ကိုကိုရှပ**



# မကွေးမြို့ ကရုဏာရှင်နာရေးကူညီမှုအသင်းကြီးမှ အခြေခံလုပ်ကိုင်စားများ သက်သာချောင်ချိစွာ စားသုံးနိုင်ရန် စားသုံးကုန်များအား ထက်ဝက်ဈေးဖြင့် ရောင်းချပေး

**မကွေး ဧပြီ ၈**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီးမှ ဆရာတော်ကြီးများ၏ မိန့်မှာမှုဖြင့် မကွေးမြို့ပေါ်ရှိ အခြေခံလူတန်းစားများ သက်သာချောင်ချိစွာ စားသုံးနိုင်ရန် အခြေခံစားသောက်ကုန်များကို ထက်ဝက်ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း (ယာပုံ) ကရုဏာရှင်များ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးသံချောင်းထံမှ သိရသည်။



ထိုသို့ရောင်းချရာတွင် မကွေးမြို့ပေါ်ရှိ အခြေခံလူတန်းစားတိုင်းရရှိနိုင်ရန် တစ်ဦးလျှင် ရန်ကုန်မနော်နှစ်ပြည်(ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀)၊နေကြာဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၉၀၀၊ ကြက်သွန်နီ ၁ ပိဿာလျှင် ငွေကျပ် ၃၀၀၊ ကုလားပဲ လေးဘူးလျှင် ငွေကျပ် ၁၀၀၀ တို့ဖြင့် ရောင်းချပေးလျက်ရှိသည်။ အဆိုပါရောင်းချရာသို့ လာရောက်သည့် ပြည်သူများအား ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန် လက်သန့်စင်ဆေးရည်ဖြင့် သန့်စင်စေပြီး တစ်ဦးနှင့် တစ်ဦး သုံးပေ အကွာမှ တန်းစီစေကာ စနစ်တကျ ဝယ်ယူစေကြောင်းလည်း သိရသည်။

"အခြေခံ လူတန်းစားတွေအနေနဲ့ အလုပ်နားနေရတဲ့ အချိန်ရယ်၊ သင်္ကြန်နားနီးလို့ ဆိုင်တွေ ပိတ်တာတွေနဲ့ သူတို့တွေ စားဝတ်နေရေး အဆင်ပြေအောင် စဉ်းစားပြီး သင့်တင့်တဲ့ နှုန်းထားနဲ့ ရောင်းပေးဖို့ မိန့်ကြားခဲ့တာပါ။ တာဝန်ရှိသူတွေကလည်း ပြည်သူတွေ အဆင်ပြေအောင် အတတ်နိုင်ဆုံး စွမ်းဆောင်ပေးနေချိန်မှာ ဘုန်းကြီးတို့ အသင်းကြီးအနေနဲ့ကလည်း ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီပေးတာပါ" ဟု ဩဝါဒါစရိယ ဆရာတော် ဦးသာသနက မိန့်ကြားသည်။

ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီးအနေဖြင့် ယခုလောလောဆယ် ငွေကျပ် သိန်း ၅၀ မတည်ပြီး ရန်ကုန် မနော်ဆန်အိတ် ၁၀၀၀၊ နေကြာဆီအချိန် ၁၀၀၀၊ ကုလားပဲတင်း ၃၀၊ ကြက်သွန်နီ အချိန် ၁၅၀၀ တို့ကို နံနက် ၇ နာရီမှ နေ့လယ် ၁၁ နာရီအထိ စနစ်တကျ ရောင်းချပေးနေကြောင်း၊ မကွေးမြို့ရှိ ကရုဏာရှင်များ၊ နာရေးကူညီမှုအသင်းကြီးအနေဖြင့် အသင်းပိုင်ကား ၁၃ စီးဖြင့် မကွေး မြို့သူ မြို့သားများ၏ သာရေး၊ နာရေးများအား ကူညီဆောင်ရွက်ပေးခြင်း၊ နှစ်စဉ်တရားပွဲများ ကျင်းပပေးခြင်း၊ အောက်ဆီဂျင်အခမဲ့လှူဒါန်းပေးခြင်း၊ အခြေခံလူတန်းစားများအား အခမဲ့ ဆေးကုပေးခြင်း၊ စေတနာရှင်ပြည်သူများ အနေဖြင့်လှူဒါန်းလိုပါက သဒ္ဓါတတ်အားနည်းများမဆို အသင်းကြီး၏ ဖုန်း – ၀၉–၅၃၄၁၉၀၀၊ ၀၉–၅၃၄၀၄၄၉၊ ၀၉–၅၃၄၀၄၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မေသူလွင် (မကွေး)**

# ကမာရွတ်မြို့နယ်အတွင်း၌ အခြေခံလူတန်းစားများစာရင်း လိုက်လံကောက်ယူနေ

**ရန်ကုန် ဧပြီ ၈**

နိုင်ငံတော်မှ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည့် ထောက်ပံ့ကူညီမှု ငါးမျိုးအတွက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများစာရင်းကို ကမာရွတ်မြို့နယ်အတွင်း၌ လိုက်လံကောက်ယူလျက်ရှိသည်။

"စာရင်းကတော့ လောလောဆယ် စုနေတုန်းပဲ ရှိပါသေးတယ်။ မနေ့ညကတည်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်မိရပ်ဖတွေ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ၊ လူမှုရေးအသင်းအဖွဲ့တွေအနေနဲ့ ရပ်ကွက်ထဲရှိနေတဲ့ အခြေခံလူတန်းစားတွေ၊ တကယ်အခက်အခဲရှိနေတဲ့သူတွေရဲ့ စာရင်းကို လိုက်လံကောက်ယူနေပါတယ်" ဟု မြို့နယ်စာရင်း ကောက်ယူရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက ပြောသည်။

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ ၁ ပိဿာ၊ ကြက်သွန် ၁ ပိဿာ ထောက်ပံ့ကူညီမှု ငါးမျိုးစီကို ဧပြီ ၁၀ ရက်ကစတင်ကာ နိုင်ငံတော်အစိုးရက အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုဖြင့် စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းစသည်တို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease (COVID 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ဧပြီလ ၆ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၁၁ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဆင်နွှဲပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းအောင်အောင်ထွေး၏ "မင်္ဂလာသင်္ကြန်" မျက်နှာဖုံးဇာတ်လမ်း၊ ကျန်းမာရေးဗဟုသုတတိုးပွားပြီး လိုက်နာကျင့်သုံးနိုင်စေရန်အလို့ငှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ် – ၁၉ ကာကွယ်ရေးနှင့် ပတ်သက်၍ လိုက်နာကျင့်သုံးအပ်သည့် ပညာပေးစာမျက်နှာကို ဗဟုသုတဖြစ်ဖွယ် ကူးယူတင်ဆက်ထားသည့် ပညာပေးကဏ္ဍ၊ ဉာဏ်ကောင်းသော ရှင်းသန့်နှင့် ရွှေချည်ဇာတို့၏ အဖြစ်ကို ဟာသမြောက်အောင် ရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ မိမိတွင် စစ်မှန်သည့် ကိုယ်ပိုင်အရည်အချင်းရှိမှသာ ဘဝတွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




## စာအုပ်စာပေ လူ့မိတ်ဆွေ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ – ၄ – ၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၁ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၆၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၄၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၃၇၂ | ၁၄၃၈၈၅၀၀ |
| MTSH | ၃၆၀၀ | ၃၇၀၀ | ၂၃၅၇၄ | ၈၆၇၂၃၈၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၃၉၆ | ၈၃၃၇၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၃၂၂ | ၈၉၃၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီခွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖန်နန်းရှင်၊ မှန်နန်းရှင်နဲ့ မှန်နန်းရာဇဝင်ဆိုတာ...

**သိပ္ပံစာရေးဆရာကိုကိုအောင်**

စစ်ကိုင်းမင်း(၁၈၁၉-၃၇)လက်ထက် အေဒီ-၁၈၂၁ က နန်းတော်ကြီး မီးလောင်သွားခဲ့ရာ နန်းတော်အသစ်ကို ဖန်၊မှန်တို့ဖြင့် ပြန်လည်ဆောက်လုပ်ခဲ့သဖြင့် စစ်ကိုင်းမင်းကို ဖန်နန်းရှင်၊မှန်နန်းရှင်ဟု ခေါ်တွင်ခဲ့ကြသည်။ ထိုမင်းလက်ထက်က ပညာရှင်များစုပေါင်း၍ မှန်နန်းတော်တွင် ပြုစုရေးသားခဲ့သော ရာဇဝင်ကို မှန်နန်းရာဇဝင် ဟု အမည်ပေးထားခဲ့သည်။ ထိုမင်းလက်ထက်က ရေးသားခဲ့သော ပါပဟိန်ပြဇာတ်တွင် ဦးကြင်ဥက နန်းတော် အဆောင်ကို "သလွန်ဖန်ဆောင်၊စိန်ကြာညောင်မှာ"ဟု ဖွဲ့ဆိုခဲ့သည်။ နောင်မင်းများ လက်ထက်တွင်လည်း မြို့တော် နေရာကိုပြောင်းရွှေ့ကာ အကြိမ်ကြိမ် မြို့သစ်တည် နန်းသစ်တည်ဆောက်ကြသည်။ ထိုနန်းတော်များတွင်လည်း ဖန်မှန်တို့ဖြင့် တန်ဆာဆင်ထားသော အဆောင်တော်ပါရှိသည်။ အထူးသဖြင့် ရတနာပုံ ရွှေနန်းတော်တွင် မှန်ဖြင့် မွမ်းမံတန်ဆာဆင်ထားသော အဆောင်သည် မှန်နန်းဆောင်ဟု ထင်ရှားပြီး ထိုအဆောင်တွင်ခစားရသော အပျိုတော်များကို မှန်နန်းအပျိုတော်ဟု သီးခြားခေါ်တွင်ကာ မှန်နန်းအပျိုတော်များက အခြားအပျိုတော်များထက် အဆင့်အတန်း မြင့်သည်။ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၆ ခုနှစ် (အေဒီ ၁၈၈၄) အတာတက်သည့်နေ့ ပွဲသဘင်အခမ်းအနားတွင် ဖလ်မြေ စံနန်းတော်အရှေ့ဘက်တွင် မွန်အငြိမ့် ခင်းကျင်းတီးမှုတ်ရသည်ဟု ရာဇဝင်ကျမ်းများက ဖော်ပြခဲ့သည်။ ဖန်မြေမှန်မြေ (Glass Tiles)ခင်းထားသော စံနန်းတော်ဟု ယူဆရသည်။

**တန်ဆာမွမ်းမံစီခြယ်**

စစ်ကိုင်းမင်းက နန်းတော်ကို ဖန်ဖြင့်ဆောက်လုပ်ခဲ့သောကြောင့် ဖန်နန်းရှင်ဟု ထင်ရှားခဲ့သည် ဆိုသော်လည်း ထိုမင်း၏ဘိုးတော်ဖြစ်သော ဗဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက်ကပင် နန်းတော်ကို ဖန်နန်းဟု တင်စားဖွဲ့ဆိုခဲ့မှုများကို တွေ့ရသည်။ ဗဒုံမင်း လက်ထက်ကရေးသားသော ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင် ဦးယာက နန်းတော်သူများကို "ဖော့ပန်းအတူ၊ ဖလ်နန်းသူတို့"ဟု ဖွဲ့ဆိုခဲ့သည်။ ထို့ကြောင့်ပင် စစ်ကိုင်းမင်းမတိုင်မီ ကာလကတည်းက နန်းတော်များ၌ ဖန်ဖြင့်တန်ဆာဆင်မွမ်းမံမှုများ ရှိခဲ့သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် ဗဒုံမင်း လက်ထက်တွင် ဖန်အသုံးပြုပုံကို အများအပြားတွေ့ရသဖြင့် နန်းတော်ကိုလည်း ဖန်ဖြင့် တန်ဆာဆင်မွမ်းမံစီခြယ်သည်ဟု ယူဆရသည်။

ဗဒုံမင်းလက်ထက်တွင် ဖန်ကို ကျောက်မျက်ရတနာများနှင့်အတူ တွဲဖက်၍ အဆင်တန်ဆာအဖြစ် မွမ်းမံ ခြယ်သမှုများကို တွေ့ရသည်။ ထိုမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၆၅ ခုနှစ် (အေဒီ ၁၈၀၃) ဝါခေါင်လတွင် ဟံသာဝတီကျေး လိုင်မြို့နယ် မင်းလှအရပ်မှဆက်သသော ဆင်ဖြူမ (သီရိမလ္လာမဟာသုဘဒ္ဒာ)ကို ကြိုယူ လက်ခံရာ၌ စစ်ကိုင်းမြို့တွင် ဆင်ဖြူတော်အတွက် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သသော တန်ဆောင်းပြာသာဒ်ကို ဆောက်လုပ်ခဲ့ကြသည်။ ထို့နောက် မင်းကွန်းစံနန်းရှေ့တွင် ဆင်ဖြူတော်အတွက် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ဘုံ ၅ ဆင့်ရှိသော ရွှေတန်ဆောင်းနှင့်တကွ ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ဇမ္ဗူရာဇ်ရွှေအတိပြီးသော မှီတိုင်မှီအုံးများကိုလည်း လုပ်ဆောင်ကြရသည်။

တစ်ဖန် မြန်မာသက္ကရာဇ် ၁၁၆၈ ခုနှစ် (အေဒီ-၁၈၀၆)နှစ်တွင် ဟံသာဝတီမြို့၊ နိဗ္ဗာန်ရွာအရှေ့ သံတံခါး တောမှရသော ဆင်ဖြူတော်တစ်စီးကို ဆက်သပြန်သည်။ ထိုဆင်ဖြူတော်ကိုလည်း ရှေးနည်းအတိုင်းပင် လမ်းခရီး တစ်လျှောက် ရပ်နားရာ ဆိပ်ကမ်းမြို့များတွင် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သော တန်ဆောင်းများဆောက်လုပ်၍ ကြိုဆို ကြရသည်။ မင်းကွန်းစံနန်းတော်ရှေ့တွင် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ရွှေအတိပြီးကာ ဘုံ ၅ ဆင့်ရှိသော တန်ဆောင်း ပြာသာဒ်နှင့် ထိုတန်ဆောင်းအတွင်း ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သော ဇမ္ဗူရာဇ်ရွှေစင်အတိပြီးသည့် မှီတိုင်မှီအုံးများ အစုံအလင်ဆောက်လုပ်လျက် ခမ်းနားကြီးကျယ်စွာ ကြိုယူပြီးလျှင် ဆင်ဖြူတော်ကို နိဗ္ဗာနပစ္စယနာဂရာဇာဟု ဘွဲ့မည် တပ်တော်မူခဲ့သည်။

ထို့ပြင် ဗဒုံမင်းလက်ထက်က စေတီပုထိုးများတည်ရာ၌ ရွှေ၊ ငွေ၊ ကြေးဆင်းတုတို့နှင့်အတူ ဖန်ဆင်းတု အများအပြား ဌာပနာသည်ကိုလည်း တွေ့ရှိရသည်။ မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ် (အေဒီ-၁၇၈၁)က စစ်ကိုင်းအောင်မြေလောကစေတီတွင် ရွှေ၊ ငွေစေတီငယ်များနှင့်အတူ ဖန်စေတီ၊ ဖန်သပိတ်၊ ဖန်ထီး၊ ဖန်တံခွန်၊ ဖန်ပဒေသာ၊ ဖန်မီးတိုင်များကို ဌာပနာခဲ့သည်။ ထို့ပြင် စေတီ၏ ဒုတိယဌာပနာတိုက်တွင် သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူသော အခန်းမှစ၍ ဘုရားဖြစ်တော်မူသည်အထိ ဗုဒ္ဓဝင်အခန်းများ၌ ဖန်ကိုသွန်း၍ ဌာပနာခဲ့သည်။ မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော် မှူးတော်၊ မတ်တော်များကလည်း ရွှေငွေ၊မိုးကြိုး၊ပယင်း၊ ပဥ္စလောဟာ၊ ဖန်မှန်တို့ဖြင့် ပြီးသော ရုပ်တုတော်၊ဆင်းတုတော်များကို ဌာပနာကြသည်။ ထို့နောက် မြန်မာသက္ကရာဇ် ၁၁၅၈ ခုနှစ် (အေဒီ-၁၇၉၆)က မင်းကွန်းပုထိုးတော်ကြီးတွင် ဖန်ဆင်းတု ၁၇၇ ဆူ၊ ဖန်စေတီ ၁၂၉ ဆူ၊ မှန်စီပြာသာဒ် ၂၈ ဆောင်၊ ဖန်ကရား တစ်ပင်တိုင် ၁ ဆူ၊ ဖန်ပဒေသာ အခက်အရွက် ၁ စုံတို့ကို ရွှေ၊ ငွေစေတီများ၊ ဆင်းတုများနှင့်အတူ ဌာပနာခဲ့သည်။

**ဌာပနာခဲ့**

ရှင်ဖြူရှင်ဘုရားကို မြန်မာသက္ကရာဇ် ၁၁၆၅ ခုနှစ် (အေဒီ-၁၈၀၃)၌ တည်ထားသောအခါ မြေးတော် အိမ်ရှေ့မင်းဖြစ်သော စစ်ကိုင်းမင်းသားက ရွှေဆင်းတု ၂၃ ဆူ၊ ငွေဆင်းတု ၂၂၉ ဆူ၊ ပယင်းဆင်းတု ၃ ဆူ၊ ဖန်ဆင်းတု ၁ ဆူ ထည့်သွင်း၍ ဌာပနာခဲ့သည်။ စစ်ကိုင်းမင်းသားသည် မင်းအဖြစ်ကိုရပြီးနောက် မြန်မာသက္ကရာဇ် ၁၁၈၂ ခုနှစ် (အေဒီ-၁၈၂၀)၌ စည်းခုံစေတီတော်ကို တည်ထားကိုးကွယ်ရာတွင် အခြားသော ရွှေငွေရတနာ ပစ္စည်းများနှင့်အတူ ဖန်ဆင်းတု ၁၂ ဆူ ဖန်စေတီ ၁၇ ဆူ တို့ကို ဌာပနာခဲ့သည်။

ထိုခေတ်ကာလက မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အိန္ဒိယ၊ သီဟိုဠ်၊ တရုတ်ပြည်တို့တွင်လည်း ဖန်နှင့်ဖန်ထည်ပစ္စည်းများ ထွန်းကားတွင်ကျယ်လျက် ရှိနေပြီ ဖြစ်သည်။ ထိုစဉ်က ဖန်သည် ရွှေငွေရတနာများနှင့် တစ်တန်းတစ်စားတည်း နေရာပေး သတ်မှတ်ခြင်းခံခဲ့ရသည်။ ဆင်းတုတော်၊ စေတီတော်၊ ထီး၊ တံခွန်စသော သာသနိကပစ္စည်း၊ ဘာသာရေးဆိုင်ရာပစ္စည်း အဖြစ်သာမကဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မင်းတစ်ပါး နှင့်တစ်ပါး ပို့ဆက်ကြသော လက်ဆောင်ပဏ္ဏာပစ္စည်းအဖြစ်လည်း ရှေ့တန်း၌ နေရာရလျက်ရှိနေခဲ့သည်။

စစ်ကိုင်းမင်း လက်ထက် မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် (အေဒီ-၁၈၂၃) ခုနှစ်တွင် သီဟိုဠ်ကျွန်းဇော်ဂျီတို့က ဘုရင်မင်းမြတ် ကိုးကွယ်တော်မူရန် ပုလဲဆင်းတုတော်နှင့် ဖန်ဆင်းတုတော်များကို ဆက်သကြောင်း၊ တရုတ်ဥဒည်မင်းက ဆက်သသော လက်ဆောင်တော်များထဲတွင် "ဖန်ဖြူ လက်ဖက်ရည်သောက်အဖုံး အောက်ခံပါ သေတ္တာငယ် ၂"လည်းပါကြောင်း ရာဇဝင်၌တွေ့ရသည်။ အလားတူပင် သာယာဝတီမင်း (ရွှေဘိုမင်း ၁၈၃၇-၄၆)လက်ထက် သက္ကရာဇ် ၁၂၀၄ ခုနှစ် (အေဒီ-၁၈၄၂) ခုနှစ်တွင် တရုတ်ပြည်မှဆက်သသော လက်ဆောင်တော်များထဲတွင် "တွတ်ကွက်ဖန်ဖြူပန်းကန် ၂၊ ထည့်သေတ္တာ ၁၊ တွတ်ကွက်မိုးကြိုးရောင် ဖန်အဝါပန်းကန် ၂၊ ထည့်သေတ္တာ ၁၊ လေးညှင်းဆီထည့် ဖန်ဘူးလုံးရေ ၄၀၊ ထည့်သေတ္တာ ၁ တို့ ပါသည်"ဟု ရာဇဝင်၌ တွေ့ရသည်။

ဖော်ပြပါ စာပေဆိုင်ရာ အထောက်အထားများက ကုန်းဘောင်ခေတ်လယ်ကာလ၏ မြန်မာနှင့်ဖန် အကြောင်းကို တစေ့တစောင်း ညွှန်းဆိုလျက်ရှိနေကြသည်။ မြန်မာတို့ ဖန်အကြောင်းကိုမည်မျှသိကြောင်း၊ မည်မျှအသုံးပြုတတ်ကြောင်းကို အတိအကျ မသိရသော်လည်း မည်သို့အသုံးပြုခဲ့ကြောင်းကိုမူ သိမြင်လာစေသည်။ ထို့ပြင် တိုင်းတစ်ပါးမှ အဆင့်အတန်းမြင့်သော တွတ်ကွက်ဖန်ဖြူ၊ ဖန်ဝါ၊ မိုးကြိုးရောင်ဖန်ထည်များသည်လည်း ထိုအချိန်ကာလကတည်းက မြန်မာ့နန်းတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို သိနိုင်သည်။ ထိုစဉ်က ဖန်ထည် ဖန်ပစ္စည်းသည် အဖိုးထိုက်အဖိုးတန် မင်းသုံးမင်းဆောင်၊ လက်ဆောင်တော်အဆင့်၊ ဘုရားစေတီများ၌ ဌာပနာသည့် အဆင့်တွင် ရှိခဲ့သည်။

ကုန်းဘောင်ခေတ်လယ်တွင် မြန်မာတို့သည် တရုတ်၊ အိန္ဒိယစသော အိမ်နီးချင်း နိုင်ငံများနှင့်လည်းကောင်း၊ ဥရောပနိုင်ငံများနှင့်လည်းကောင်း အဆက်အသွယ် အကူးအသန်း တွင်ကျယ်လျက်ရှိနေခဲ့ပြီ ဖြစ်သည်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီးတွင် သံတမန်လဲလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ မင်းကြီးမဟာစည်သူနှင့်အဖွဲ့ကို ၁၈၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံသို့စေလွှတ်ခဲ့သည်။ မင်းကြီးမဟာစည်သူသည် တွေ့မြင်ခဲ့ရသမျှ အထူးအဆန်း မှန်သမျှကို သူ၏ ဘင်္ဂလားသွားစာတမ်း(ပေ) တွင် ရေးသားဖော်ပြထားခဲ့သည်။ ရေကန်ခုနှစ်ကန်နှင့် ပန်းမျိုးစုံ ဥယျာဉ်သို့ သွားရောက်ကြည့်ရှုရာတွင် "အလွန်ထူးဆန်းလှစွာသော မီးသဘော်ငယ်ကို ရွက်ကြိုးတန်ဆာအစုံနှင့် ဘန်အိမ်လုံးနှင့်သွင်းထားသည်ကို မြင်ရသည်။ မည်သို့သွင်းသည်ကို ကြည့်ရှုရာ သွင်းပေါက်ထုတ်ပေါက်ကို မမြင်။ ၎င်းပြင် ပင်လယ်ပုစွန်ထုပ်၊ အဝ၊ အစိမ်း၊ အနက်၊ ငါးရုပ်၊ ငှက်ရုပ်တို့ကိုလည်း ဘန်အိမ်လုံးနှင့်သွင်းထားသည်ကို မြင်ရသည်"ဟု အံ့သြစွာဖြင့် ရေးသားထားခဲ့သည်။ ထို့ပြင် အိန္ဒိယဘုရင်ခံချုပ်၏ တိုက်အိမ်အကြောင်းကို ဖော်ပြရာ၌လည်း "ပွဲအခင်းအကျင်းမှာ ဘန်ပဒေသာမီးအိမ်များကို ညှိထွန်း၍ ဆွဲထားသည်။ ဂုဗ္ဘဏီနေသည့်တိုက်ခန်းနံရံမှာ အဖြူသုတ်၍ ဘန်ပဒေသာမီးအိမ်အများ ဆွဲထားသည်"ဟု ရေးသားထားခဲ့သည်။

**မီးထွန်းညှိသည်**

တနသ်ာရီဝန်ရှင်တော်မင်းကြီး ဘလန်ဒယ်သည် မော်လမြိုင်အခွန်ဝန်မောင်ရွှေထွန်းနှင့်အဖွဲ့ကို ၁၈၃၅ ခုနှစ်က ကာလကတ္တား(ကိုလ်ကတ္တား)သို့ ခေါ်ဆောင်သွားခဲ့သည်။ အိန္ဒိယတွင် အင်္ဂလိပ်မင်းတို့ ဘုန်းမီးနေလ ထွန်းပပုံကို သိစေလိုသော သဘောဖြင့် မောင်ရွှေထွန်းတို့လူစုအား ကာလကတ္တား(ကိုလ်ကတ္တား)တွင် ထူးသည် ဆန်းသည်တို့ကို လှည့်လည်ပြသခဲ့သည်။ စင်စစ်အားဖြင့် မောင်ရွှေထွန်းတို့အဖွဲ့သည် မင်းကြီးမဟာစည်သူတို့အဖွဲ့ မြင်တွေ့ခဲ့ရသည်တို့ကိုပင် မြင်တွေ့ခဲ့ကြရခြင်းဖြစ်သည်။ မော်လမြိုင်သို့ ပြန်ရောက်ပြီးနောက် မောင်ရွှေထွန်းသည် ကာလကတ္တား(ကိုလ်ကတ္တား)၌ မြင်ခဲ့သမျှကို ကာလကုတသွားရာဇဝင်စာ အမည်ဖြင့် မှတ်တမ်းတစ်စောင်ရေးသားခဲ့သည်။ မောင်ရွှေထွန်းက "အိန္ဒိယဘုရင်ခံချုပ် အိမ်တွင် ရှစ်လုံး၊ ခြောက်လုံး၊ သုံးလုံးလည်း သုံးဆင့်လေးဆင့် မီးထွန်း ညှိသည် ဖန်ပဒေသာ အများရှိပါသည်"ဟု ဖွဲ့ဆိုရေးသားထားခဲ့သည်။

မင်းကြီးမဟာစည်သူနှင့် မောင်ရွှေထွန်းတို့ အိန္ဒိယသို့သွားခဲ့သော ၁၈၃၀-၃၅ ခုနှစ် ဝန်းကျင်ကာလတွင် ကမ္ဘာ့ဖန်လုပ်ငန်းအဆင့်အတန်းက မြင့်မားနေပြီဖြစ်သည်။ ထိုအချိန်က သဘော်ာရုပ်၊ ငှက်ရုပ်၊ ငါးရုပ်၊ ပုစွန်ရုပ်များ သွင်းထားသော ဖန်လုံးများနှင့် ဖန်မီးပဒေသာများက ကမ္ဘာ့နိုင်ငံကြီးများ၌ အထူးအဆန်း မဟုတ်တော့ပေ။ မြန်မာတို့အတွက်မူ အမြင်ဆန်းနေသေးကြောင်း၊ အထူးအဆန်း ဖြစ်နေသေးကြောင်းမှာ ထင်ရှားလှသည်။

ဖန်ပြာခွက်နှင့်ကျောက်စက်ရေ အမောပြေအောင်တိုက်ပါမမ ဟူသော သံချပ်သည် ခေတ်မတိမ်သော မရိုးနိုင်သော သံချပ်တစ်ခုဖြစ်သည်။ အနက်အဓိပ္ပာယ်က လေးနက်ထိရောက်သော သမိုင်းအချက်အလက်တစ်ခုပင် ဖြစ်ပေသည်။ မြန်မာတို့သည် ရေသောက်ရန်အတွက် ဖန်ခွက်ကိုသုံးတတ်ကြောင်း၊ သုံးသောဖန်ခွက်သည်များသောအားဖြင့် အပြာရောင်ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့အတူ ဗဒုံမင်းလက်ထက်က ဦးယာရေးသားခဲ့သော ဆယ့်နှစ်ရာသီဘွဲ့ လူးတားတွင် ဖလ်ပြာတကောင်း ရှိစုံပေါင်း၍ဟု ဖွဲ့ဆိုထားသည်ကိုတွေ့ရသဖြင့် ထိုခေတ်က ဖန်ရေတကောင်းအပြာရောင်ကို သုံးနေကြပြီဖြစ်ကြောင်းလည်း သိရှိနိုင်သည်။

**စာပေများက ညွှန်းဆို**

ဖန်ကို ပစ္စည်းထည့်သည့်ကြုတ်အဖြစ် ပုဂံခေတ်ကတည်းက သုံးစွဲခဲ့ကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ကုန်းဘောင်ခေတ်လယ်တွင်မူ ဖန်ခွက်၊ ဖန်တကောင်းများကိုပါ သုံးစွဲနေကြပြီဖြစ်သည်။ တိုင်းတစ်ပါးမှ အဆင့်အတန်းမြင့်သော လူသုံးကုန်ပစ္စည်းများ ဖြစ်ကြသည့် ဖန်ဘူး၊ ဖန်ခွက်၊ ဖန်ပန်းကန်၊ ဖန်ပစ္စည်းများကလည်း လက်ဆောင်တော်များအဖြစ် မြန်မာ့နန်းတွင်းသို့ ရောက်ရှိလာကြပြီဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်း ရတနာပုံ ခေတ်တွင်မူ ဖန်ဖြင့်ပြုလုပ်အပ်သော အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ ရှိနေပြီ၊ သုံးနေပြီဖြစ်ကြောင်း ထိုခေတ် စာပေများက ညွှန်းဆိုလျက်ရှိသည်။

ဖန်တကောင်းများမှာ အသုံးတွင်ကျယ်နေပြီ ဖြစ်ကြောင်းကိုလည်း ကုန်းဘောင် ခေတ်နှောင်း ရာဇဝင်ကျမ်းများ၌ တွေ့ရသည်။ အတိအကျအားဖြင့် ပုဂံမင်း (၁၈၄၆-၅၂) လက်ထက် မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ် (အေဒီ-၁၈၅၀) ဝါဆိုလတွင် ဥပုသ်စောင့်ကြသော ယောကျ်ား၊ မိန်းမ၊ ရပ်သူရွာသား ၃၉၂ ယောက်ကို ဘုရင်မင်းမြတ်က ပုဆိုး၊ ထဘီ၊ ခေါင်းပေါင်း၊ တဘက်၊ ဖိနပ်၊ စိပ်ပုတီးတို့နှင့်အတူ ဖန်တကောင်းတစ်လုံးစီ ကုသိုလ်ဖြစ်ပေးဝေသည်။ ယောကျ်ား၊ မိန်းမ စုစုပေါင်း ၃၉၂ ယောက်ဖြစ်သဖြင့် ပေးဝေသော ဖန်တကောင်းမှာ ၃၉၂ လုံးဖြစ်သည်။ တစ်ဖန် ထိုနှစ်တွင် ဘုရင်မင်းမြတ်က ဥပုသ်စောင့်သည့် ယောကျ်ား၊ မိန်းမ၊ ပုဏ္ဏား စုစုပေါင်း ၄၄၁ ယောက်ကို ပုဆိုး၊ ခေါင်းပေါင်း၊ ထဘီ၊ စိပ်ပုတီးတို့နှင့်အတူ ဖန်တကောင်းတစ်လုံးစီ ဝေမျှပြန်သည်။ ထိုနှစ်အတွင်း ဘုရင်မင်းမြတ်က ပေးဝေသော ဖန်တကောင်းလုံးရေမှာ စုစုပေါင်း ၈၃၃ လုံးဖြစ်သည်။ ထိုခေတ်ကာလ အနေအထားအရ ပေးဝေလှသော ဖန်တကောင်းလုံးရေက မနည်းလှပေ။ ဖန်တကောင်းသည် ထီးသုံးနန်းသုံးမျှသာ မဟုတ်တော့ဘဲ ရပ်ရွာသုံးနှင့် အများသုံးဖြစ်နေပြီဟု ဆိုနိုင်သည်။

စာမျက်နှာ ၂၁ သို့

"ဗဒုံမင်းလက်ထက်တွင် ဖန်ကို ကျောက်မျက်ရတနာများနှင့်အတူ တွဲဖက်၍ အဆင်တန်ဆာအဖြစ် မွမ်းမံ ခြယ်သမှုများကို တွေ့ရသည်။ ထိုမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၆၅ ခုနှစ် (အေဒီ ၁၈၀၃) ဝါခေါင်လတွင် ဟံသာဝတီ ကျေးလိုင်မြို့နယ် မင်းလှအရပ်မှဆက်သသော ဆင်ဖြူမ (သီရိမလ္လာမဟာ သုဘဒ္ဒာ)ကို ကြိုယူ လက်ခံရာ၌ စစ်ကိုင်းမြို့တွင် ဆင်ဖြူတော်အတွက် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သသော တန်ဆောင်းပြာသာဒ်ကို ဆောက်လုပ်ခဲ့ကြသည်။ ထို့နောက် မင်းကွန်းစံနန်းရှေ့တွင် ဆင်ဖြူတော်အတွက် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ဘုံ ၅ ဆင့်ရှိသော ရွှေတန်ဆောင်းနှင့်တကွ ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ဇမ္ဗူရာဇ်ရွှေအတိပြီးသော မှီတိုင်မှီအုံးများကိုလည်း လုပ်ဆောင်ကြရသည်။ "

## ကိုဗစ်-၁၉ ကာကွယ်ကုသရေးအတွက် လှူဒါန်းမှုများ

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးအတွက် မေ ၆ ရက် ညနေပိုင်းတွင် ကျွန်းစုမြို့ အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် အောက်ထပ်တွင် ပြုလုပ်ထားသည့် အသွားအလာကန့်သတ်ထားသည့်နေရာ တွင် အသုံးပြုနိုင်ရန် အလှူရှင်များက လူနာ ခုတင် ၁၀ လုံးနှင့်ဆက်စပ် ပစ္စည်း များကို ပေးအပ်လှူဒါန်းခဲ့သည်။

လွှဲပြောင်းပေးအပ်လှူဒါန်းရာတွင် စေတနာရှင်အလှူရှင်များက မြိတ်မြို့မှ အမြန်ရေယာဉ်ဖြင့် ပေးပို့လှူဒါန်းလာသည့် ပစ္စည်းများအား လက်ခံရရှိပြီး ကျွန်းစုမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သီဟနှင့် တာဝန်ရှိသူများက မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းလှူဒါန်းပေးအပ် ခဲ့ကြောင်း သိရသည်။ **စည်သူရအောင်(ကျွန်းစု)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင် ကာကွယ် ထိန်းချုပ်ရန်အတွက် အသုံးပြုနိုင်ရန် ပစ္စည်းများလှူဒါန်းခြင်းကို မေ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် လှူဒါန်းခဲ့ သည်။

လှူဒါန်းရာတွင် မန္တလေးမြို့နေ ဦးကျော်ကျော်ဝင်း+ဒေါ်အေးအေး (နေပြည် တော်ကျောက်မျက်ရတနာ အရောင်းဆိုင်) မိသားစုမှ PPE ဝတ်စုံတွင်ပါဝင် သောပစ္စည်းများဖြစ်သော ISOLATION SUIT ဝတ်စုံ ၅၀၊ ပါးစပ်နှာခေါင်းစည်း ၁၀၀၀ နှင့် အပူချိန်တိုင်းကိရိယာ သုံးခု၊ တစ်တင်းခွဲ ဆန်အိတ် ၁၀ အိတ် ကို အလှူရှင်ကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးချိုလင်းအောင်က လှူဒါန်းရာ မြို့မိမြို့ဖအဖွဲ့က လက်ခံရယူခဲ့သည်။ **စိုးဝေအောင်(ခင်ဦး)**

**တီးတိန်**

ကိုဗစ်-၁၉ ကြောင့် အသွားအလာကန့်သတ်ထားသည့် ကပ်တဲလ်ကျေးရွာအတွက် ချင်းပြည်နယ်အစိုးရနှင့် KMSS အဖွဲ့အစည်းမှ ဒုတိယအကြိမ် ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများအား တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင် နှင့် အဖွဲ့က ယနေ့ ကပ်တဲလ်ကျေးရွာသို့ သွားရောက်ပေးအပ်သည်။

ထိုသို့ပေးအပ်သော အထောက်အပံ့ပစ္စည်းများမှာ ချင်းပြည်နယ်အစိုးရမှ ဆန်အိတ် ၆၀၊ ဆီ ၄၃ ပိဿာ၊ ကုလားပဲ ၅၃ ပိဿာ၊ ဆား ၁၅ ပိဿာနှင့် KMSS အဖွဲ့မှ ဆန်အိတ် ၃၀၀၊ ကုလားပဲ ၁၈၃ ပိဿာ၊ဆီ ၆၄၉ ပိဿာ ဖြစ်ပြီး ချင်း ပြည်နယ်အစိုးရနှင့် KMSS အဖွဲ့မှ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်သည်။

ကပ်တဲလ်ကျေးရွာအား ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားသတ် မှတ်ချက်အရနှင့် နောက်ဆက်တွဲ သံသယ မဖြစ်စေရေးအတွက် မေ ၈ ရက် စတင်၍ အသွားအလာကန့်သတ်ထားသည့် (၇)ရက် ထပ်မံပြုလုပ်ထားကြောင်း သိရသည်။ **ဒိုင်းဒိမ့် (ပြန်/ဆက်)**

**ပြည်**

ပြည်မြို့ သူနာပြု သင်တန်းကျောင်းတွင်ဖွင့်လှစ်ထားသော ကန့်သတ်ထားသည့် နေရာနှင့် ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ပြည်မြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ငွေသားနှင့် ထောက်ပံ့ ပစ္စည်းများကို မြို့နယ်ကုန်သည်ကြီးများ အသင်းရုံး၌ မေ ၇ ရက်က လှူဒါန်း ခဲ့သည်။

ယင်းသို့လှူဒါန်းရာတွင် ပြည်မြို့နယ် ကန့်သတ်ထားသည့်နေရာအတွက် အလှူငွေကျပ် ၁၀ သိန်း၊ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အတွက် အလှူငွေ ၂၃ သိန်း ၇ သောင်း ၃ ထောင်ကျပ်နှင့် ငွေကျပ် ၇၂၂၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၁၆၆၀ ခု၊ ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိခေါင်းစွပ် ၂၀၀၊ ငွေကျပ် ၂၂၅၀၀၀တန်ဖိုးရှိ လက်အိတ် ၁၅၀၀နှင့် ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ PPE ဝတ်စုံ ၂၂ စုံ စုစုပေါင်း ငွေကျပ် ၁၆၂၇၀၀၀ တန်ဖိုးရှိသော ဆေးဘက်ဆိုင်ရာ ထောက်ပံ့ ပစ္စည်းများနှင့်ငွေသားတို့ကို မြို့နယ်ကုန်သည်ကြီးများအသင်းရုံး၌ မေ ၇ ရက် နံနက်၁၀နာရီက ပြည်မြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မင်းမင်း မောင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **မျိုးကျော်ကြီး (ပြန်/ဆက်)**

## မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF အဖွဲ့ တို့ ပူးပေါင်းပြီး ကိုဗစ် - ၁၉ ကာကွယ်နိုင်ရန် ညောင်ဦးမြို့နယ်အတွင်း လက်ဆေးဘေစင် ၁၆ ခု တပ်ဆင်ဆောင်ရွက်ပေးသွားမည်

**ညောင်ဦး မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း ကိုဗစ် – ၁၉ ကာကွယ် ထိန်း ချုပ်သွားနိုင်ရန်နှင့် ကျေးလက်နေ ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် UNICEF အဖွဲ့တို့ ပူးပေါင်းပြီး ညောင်ဦးမြို့နယ်၌ အများပြည်သူ အသုံးပြုနိုင် ရန် လက်ဆေးဘေစင် ၁၆ ခု တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ လက်ဆေးဘေစင်များကို ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာ၊ ကျွန်းဘိုကန်ကျေးရွာ၊ မြောင်ကျေးရွာ၊ ကံသာကျေးရွာ၊ ဆည်ကျေးရွာ၊ အိုရင်း ကျေးရွာ၊ ကန်နီကြီးကျေးရွာ၊ ကောင်းညိုကျေးရွာ၊ ကုလားတဲကျေးရွာ၊ ရွာ သစ်တောင်ကျေးရွာ၊ ညောင်လှကျေးရွာ၊ မီးလောင်ဖျားကျေးရွာ၊ တဲမကျေးရွာ၊ ကန်ကြီးကုန်းကျေးရွာ၊ ငွါသရောက်မြို့၊ ဗိုလ်ချိုဈေးနှင့် တောင်ဇင်း (ဗျတ္တဈေး)၊ စုစုပေါင်း ၁၆ နေရာ တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရပြီး ယနေ့ ညနေ ၄ နာရီက ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်းနှင့် ဝန်ထမ်းများအဖွဲ့က ညောင်ဦး မြို့နယ် တောင်ဘီကျေးရွာသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ အန္တရာယ် ကာကွယ်နိုင်ရန်အတွက် UNICEF အဖွဲ့၏ ပံ့ပိုးကူညီမှု ဖြင့် လက်ဆေးဘေစင်အား တပ်ဆင်ဆောင်ရွက်၍ ကျေးရွာနေပြည်သူများအား စနစ်တကျ လက်ဆေးနည်းများ လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျန်ရှိသည့်နေရာများကို ကျေးလက်နေပြည်သူများ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်နိုင်ရေး အမြန်ဆုံး တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတေဇာထွန်း ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မော်လမြိုင်မြို့နယ်၌ ကိုဗစ်-၁၉ ကြောင့် အခက်အခဲဖြစ်နေသော မော်တော်ယာဉ်မိသားစုများအတွက် တတိယအကြိမ် ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကျင်းပ

**မော်လမြိုင် မေ ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ယာဉ်လုပ်ငန်းများ ကြီးကြပ် ထိန်းသိမ်းရေးကော်မတီ၏ တတိယ အကြိမ် ဝန်ထမ်းယာဉ်ပိုင်ရှင် ယာဉ်လုပ်သားများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို မေ ၇ ရက် နံနက် ၁၀ နာရီက ယာဉ်လုပ်ငန်းထိန်းသိမ်း ကြီးကြပ်ရေးကော်မတီရုံး၌ ကျင်းပသည်။



မော်လမြိုင်၌ မော်တော်ယာဉ်မိသားစုများအား ဆန်ဆီများ လှူဒါန်းစဉ်

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ယာဉ် လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ် နေသည့်ကာလနှင့် ကြုံကြိုက်နေသည့်အချိန်တွင် ယာဉ်လိုင်းများပြေးဆွဲနေမှုအဆင်မပြေသည့်အတွက် စားဝတ်နေရေးအဆင်ပြေစေရန်အတွက်ဝန်ထမ်း ၃၅ ဦး၊ ယာဉ်ပိုင်ရှင် ၁၂၀ ၊ ယာဉ်မောင်း ၁၂၃ ဦး ယာဉ်နောက်လိုက် ၇၂ ဦး စုစုပေါင်းယာဉ် မိသားစု ၃၅၀ တို့အား တောင်ပျံဆန်မွှေး ၁၂ ပြည်တစ်အိတ် နှင့် ဆီ ၂ လီတာ ၁ ဘူးတို့အား ထောက်ပံ့လှူဒါန်းခဲ့ ကြောင်း ပြောကြားခဲ့သည်။

မော်လမြိုင်မြို့နယ် ယာဉ်လုပ်ငန်းများထိန်း သိမ်းကြီးကြပ်ရေးကော်မတီက တစ်နှစ်အတွင်း လုပ်ရက်(၄၀)ပြည့်သော ယာဉ်ပိုင်ရှင် ယာဉ်လုပ်သား များကိုသာ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း နှစ်ပတ်လည် အစည်းအဝေးပြုလုပ်သည့် အခါ တွင်လည်း မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ယာဉ်လုပ်ငန်းတွင်ယာဉ်လိုင်း ရှစ်ခုရှိပြီး ယာဉ်စီးရေ ၁၂၈ စီးရှိကာ ပြေးဆွဲနေသည့် ယာဉ် ၇၀ ခန့်သာရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် ယာဉ်လိုင်းများပိတ်ထားပြီး ပြေးဆွဲနေသည့် ယာဉ်လိုင်းများလည်း ခရီးသည်ရရှိမှုနည်းပါးကာ အခက်အခဲများကြုံ နေရသည့်ကာလတွင် ဆန်နှင့် ဆီရရှိသည့်အတွက် ဝမ်းမြောက်ကြောင်း ယာဉ်လုပ် သားတစ်ဦးက ပြောသည်။ မော်လမြိုင်မြို့နယ် ယာဉ်လုပ်ငန်းများထိန်း သိမ်းကြီးကြပ်ရေး ကော်မတီက မော်တော်ယာဉ် မိသားစု၃၅၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၇၁၇၅၀၀၀ ကျပ်ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **မုဒုံ–မောင်မောင်**

## သုဝဏ္ဏဝတီမြို့၌ ရပ်ရွာအခြေပြု ကျန်းမာရေးစင်တာနှစ်ခုမှ သတ်မှတ်ရက်ပြည့်မီပြီး ကျန်းမာရေးကောင်းမွန်သူ ၇၀ အား နေအိမ်များသို့ ပြန်လည်စေလွှတ်

**သုဝဏ္ဏဝတီမြို့ မေ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ဖွင့်လှစ်ထားရှိသော ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစင်တာနှစ်ခုတွင် စောင့်ကြည့်နေရပ်ပြန်ပြည်သူ ၇၀ အား ကျန်းမာရေးကောင်းမွန်သဖြင့် မေ ၆ ရက် ညနေပိုင်းက နေအိမ်များ သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

စင်တာအမှတ် ၂ (အထက–ကျိုက္ကော်)တွင် စောင့်ကြည့်ခံရသူ ၇၅ ဦး ရှိသည့်အနက် ကျား၊ မ ၂၃ ဦးကို လည်းကောင်း၊ စင်တာအမှတ် ၃ (အထက– သိမ်ဆိပ်)တွင် စောင့်ကြည့်ခံရသူ ၁၅၄ ဦးရှိသည့်အနက် ကျား၊မ စုစုပေါင်း ၄၇ ဦး၊ စုစုပေါင်း ၇၀ အား စောင့်ကြည့်ကာလ ပြည့်မီ၍ ကျန်းမာရေးကောင်းမွန်သော ကြောင့် ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ သထုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဦးစိုးအောင်၊ ကျန်းမာရေးဌာနမှ ဝန်ထမ်း များက ကျန်းမာရေးဆေးစစ်မှုများ ပြုလုပ်ပေးပြီး မိမိနေအိမ်တွင် ပြန်လည်၍ ကောင်းမွန်စွာ နေထိုင်ကြရန် မှာကြား၍ နေအိမ်များသို့ ပြန်လည်စေလွှတ် ပေးခဲ့သည်။

ပြန်လည်စေလွှတ်သူများကို ကန့်သတ်စောင့်ကြပ်ကြည့်ရှုကြောင်း ဆောင် ရွက် ပြီးစီးကြောင်း (ကျန်းမာ ရေးထောက်ခံချက်)ကို ကာယကံရှင် တစ်စောင်ပေး ၍ ရုံးလက်ခံတစ်စောင်ထားရှိ၍ စနစ်တကျ ပြန်လည်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။စင်တာများတွင်ကျန်ရှိနေသူများအား သတ်မှတ်ရက်ပြည့်မီ၍ ကျန်းမာ ရေး ကောင်းမွန်သူများအား အသုတ်လိုက် နေ့စဉ် ပြန်လည်စေလွှတ် ပေးသွား မည် ဖြစ်ကြောင်း သထုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ခွန်(ဝင်းပ)**

**စာမျက်နှာ ၂၀ မှ**

သီပေါမင်း(၁၈၇၈–၈၅)လက်ထက်တွင်လည်း ဖန်တကောင်း၊ ဖန်ဖလား၊ ဖန်အုပ်၊ ဖန်ပေါင်းချောင်၊ ဖန်မီး ပဒေသာများ ဆက်သခံရခြင်း၊ ဝယ်ယူလှူဒါန်း ပေးကမ်း ခြင်းများ ရှိခဲ့သည်။ မင်း၊ မိဖုရားတို့၏ အလှူဒါန စာရင်းများတွင် ဖန်အုပ် ၂၅၀၊ ဖန်အုပ် ၁၀၀၊ ဖန်အုပ် ၃၀၊ ဖန်တကောင်း ၁၀၀၊ ဖန်ဖလား ၁၀၀ စသည်ဖြင့် အကြိမ်ကြိမ်တွေ့ရှိရသည်။ ထို့အတူ တောင်ပန်းခုံအုတ်တိုက်တွင် မီးထွန်းရန် ဖန်ပေါင်းချောင်များ၊ ဝါကျွတ်သဘင် မီးစောင်းတန်းများ ထွန်းညှိ ပူဇော်ရာတွင် ဖန်ပေါင်းချောင်များ၊ မှန်အိမ်များအား အသုံးပြုခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ဖန်အုပ်သည် အစဉ်အဆက် သမားရိုးကျအသုံးပြုလာခဲ့သော ယွန်းအုပ် နေရာတွင် အစားထိုးနေရာ ယူလာသော ပစ္စည်းဖြစ်သည်။ အလှူစာရင်းတွင် ဖန်ပေါင်းချောင်၊ မှန်အိမ်တို့ကို ကျောက်ဖယောင်းတိုင်ဖြင့် အစဉ်တွဲဖက်ဖော်ပြ ကြသဖြင့် ဖန်ပေါင်းချောင်သည် ဆီမီး သို့မဟုတ် ဖယောင်းတိုင်မီးကို လေ မခတ်အောင် ကွယ်ကာအုပ်ဆောင်းထားသော ဖန်လုံး၊ ဖန်အိမ်၊ မီးအိမ် ဖြစ်ပေ လိမ့်မည်။ မင်းတုန်းမင်းလက်ထက် ၁၈၆၉ ခုနှစ်က အလှူစာရင်းတွင် မှန်အိမ် ၅၆ လုံးပါဝင်ခဲ့သည်။ သီပေါမင်းလက်ထက် ၁၈၈၂ ခုနှစ် ဝါကျွတ်ပွဲ သဘင်တွင် မီးစောင်းတန်းထွန်းညှိပူဇော်ရာ၌ မှန်မီးပေါင်းများနှင့် မှန်မီးအိမ် လုံးရေ လေးသောင်းရှစ်ထောင်ကို အသုံးပြုခဲ့သည်။ ထိုအချိန်က မှန်အိမ်၊ မီးအိမ်၊ ဖန်မီး အိမ်သည် ရွှေနန်းတွင်းသုံးမျှသာမက ရပ်သုံးရွာသုံးပင်ဖြစ်နေပြီဟု ဆိုနိုင်သည်။ "ဆီမီးမှန်အိမ်နှင့် ပြန်ချိန်ကိုဆံတိုလေးရယ် ဆီးကြိုလှဲ့လေး"ဟူ သော ကောက်စိုက်သမသီချင်းက ထိုအချက်ကို ထောက်ကူညွှန်းဆိုနေသည်။

ထိုအချိန်က ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ ဖန်ထည်၊ ဖန် ပစ္စည်း၊ ဖန်မီးအိမ်၊ မှန်မီးအိမ်များ တွင်ကျယ်ပေါများစွာ ရောက်ရှိနေခဲ့ပြီဖြစ် သလို၊ အထက်မြန်မာနိုင်ငံသို့လည်း တင်ပို့ရောင်းချနေကြပြီ ဖြစ်သည်။ ရန်ကုန်မြို့ရှိ နိုင်ငံခြားသားပိုင် ဆန်စက်ကြီးများတွင် လျှပ်စစ်မီးများ ထိန်လင်း နေပြီဖြစ်သကဲ့သို့ သီပေါမင်းလက်ထက် ရတနာပုံရွှေနန်းတော်၌လည်း လျှပ်စစ် ဓာတ်မီးတို့ ထွန်းလင်းနိုင်ပြီဖြစ်၍ လျှပ်စစ်မီးလုံး(ဖန်လုံး)ကို သိကြမြင်ဖူး ကြပြီဖြစ်သည်။

မင်းကြီးမဟာစည်သူတို့အဖွဲ့နှင့် မောင်ရွှေထွန်းတို့အဖွဲ့ ကာလကတ္တား (ကိုလ်ကတ္တား)သို့ သွားရောက်ခဲ့သော ၁၈၃၀–၃၅ ခုနှစ်ဝန်းကျင်က ဖန်မီး ပဒေသာများသည် မြန်မာတို့အတွက် အံ့ဩဖွယ်ရာ ဆန်းကြယ်သော ပစ္စည်း တစ်မျိုးအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ ရတနာပုံခေတ် သီပေါမင်း လက်ထက်တွင်မူ နိုင်ငံခြားသားကုန်သည်ကြီးများ အထူးသဖြင့် ပါရှန် ကုန်သည်ကြီးများက ဖန်မီးပဒေသာများ၊ မှန်ကြီးမှန်ငယ်များကို ရွှေနန်းတော် သို့ အများအပြား လာရောက်ဆက်သကာ ရောင်းချနေကြပြီဖြစ်သည်။

ထိုကဲ့သို့ လာရောက်ရောင်းချသော ပစ္စည်းများထဲတွင် ဖန်အုတ်ချပ် များလည်း ပါဝင်သည်။ ကြမ်းခင်း သို့မဟုတ် နံရံကပ်ဖန်အုတ်ချပ် (Glass Tiles)များ ဖြစ်ကြသည်။ သီပေါမင်းလက်ထက်တွင် ဖန်အုတ်ချပ်ရေပေါင်း ၉၉၁ ချပ်၊ တစ်ချပ်လျှင် ကျပ် ၂၀ နှုန်းနှင့် သင့်ငွေကျပ် ၁၉၈၂၀ ဟု စာရင်း တွေ့ရှိရသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ဖလ်မြေစံ နန်းတော်ဆိုသည်မှာ ဖန်အုတ်ချပ်များ စီ၍ခင်းထားသော နန်းတော်ဖြစ်မည်ဟု ယူဆရသည်။ ထို့ပြင် သီပေါမင်းသည် မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်(အေဒီ–၁၈၈၄) ဝါဆို လဆန်း ၉ ရက်တွင် အဖိုးအခ နှစ်သောင်းသုံးထောင်ကျော် ထိုက်တန်သော အလျား ၅ တောင်၊ အနံ ၂ တောင် ၁ မိုက် ၄ သစ်ရှိသော ဖန်သလွန် တော်ကြီးကို မဟာမုနိဘုရားတွင် လှူဒါန်းခဲ့သည်။ ထိုသလွန်တော်ကို မဟာမုနိဘုရားကြီး ပြတိုက်တွင် ယနေ့ထိတိုင် တွေ့မြင်နိုင်ကြသည်။ ။

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေလုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ဂယောက်ဂယက်ဖြစ်ပြီးတော့ အသက်တိုကြရ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ဘဝ ဆိုတာဟာ တကယ့်ကို နုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကိုလျှောက်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ အခု ကျွန်တော်နဲ့ဆွေးနွေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကိုပြောရမယ်ဆိုရင်တော့ အခုဆိုရင် အသက် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှဖြစ်ပါတယ်။ အခုကျွန်တော် စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။**

*ဧပြီ ၄ ရက်နေ့မှအဆက်*

**ကြည်စိုးထွန်း**။ ။ အဘ အလွတ်ကော မထိုးဘူးလား။ ရေထဲကို မဟုတ်ဘဲနဲ့ မြေကြီးပေါ်မှာဆိုပါတော့၊ တိုက်ပေါ်ကနေ မြေကြီးပေါ်ကို။

**ဒိုင်ဗင်တင်လှ**။ ။ ဘုရင့်ရုံပေါ်က နောက်ကျွမ်းဒိုင်ဗင်။ အောက်မှာ သဲအိတ်တွေ၊ မြေကြီးအိတ်တွေခံ၊ ဘာမှမခံနဲ့။ အသားလွတ်ထိုးတာ။

**ကြည်စိုးထွန်း**။ ။ နောက်ကျွမ်းကို...။ အခု ဘုရင့်ရုပ်ရှင်ရုံပေါ့။ မြို့ထဲက ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဘုရင့်ရုံ၊ အဲဒီကနေပြီးတော့ ပေါ်တီကိုအောက်ပေါ့။

**ဒိုင်ဗင်တင်လှ**။ ။ ခုနက ရဲချစ်တို့၊ ဘာတို့လေ။

**ကြည်စိုးထွန်း**။ ။ ဪ ရဲချစ်၊ နောက် အဘရဲ့ဆရာ တင်ဖေ။

**ဒိုင်ဗင်တင်လှ**။ ။ ရဲချစ်တို့၊ လက်သီးမောင်မောင်တို့။

**ဒိုင်ဗင်တင်လှ**။ ။ နောက်သည့်ပြင် တိုက်တွေ အိမ်တွေပေါ်က ပေါ်တီကိုတွေပေါ်က ဒိုင်ဗင်၊ အောက်မှာ ပိုက်ခံမလား၊ အိတ်ခံမလား၊ မခံနဲ့။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ**။ ။ ဒါခံလို့ရှိရင်တော့ လူတိုင်း ထိုးလို့ရတာပေါ့။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ**။ ။ အဲဒါ အဘ အသားလွတ် ထိုးတာ။

**ကြည်စိုးထွန်း**။ ။ ထိုးတော့။

**ဒိုင်ဗင်တင်လှ**။ ။ အဲဒါနဲ့ဒိုင်ဗင်ဘွဲ့ပေးတာ သူတို့။

**ကြည်စိုးထွန်း**။ ။ ဪ အောက်ကိုကျတော့ အဘ ဘယ်လိုလုပ်လိုက်လဲ၊ ခြေထောက်နဲ့ချ။

**ဒိုင်ဗင်တင်လှ**။ ။ ခြေထောက်နဲ့ချတာ။ (ထိုင်လျက်မှ ကျပုံလုပ်ပြ) ဒီလိုခြေထောက်နဲ့ကျတာ။

**ကြည်စိုးထွန်း**။ ။ ဒီတော့ ဒီခြေထောက်တွေ မနာဘူးလား။

**ဒိုင်ဗင်တင်လှ**။ ။ မနာဘူး။

**ကြည်စိုးထွန်း**။ ။ ဪ လေ့ကျင့်ထားတာပေါ့။

**ဒိုင်ဗင်တင်လှ**။ ။ လေ့ကျင့်ထားလို့။

**ကြည်စိုးထွန်း**။ ။ ဪ နောက်ကျွမ်းဆိုလည်း ခြေထောက်နဲ့ပဲ ဖတ်ခနဲကျတယ်။ ဒီလို ဝရန်တာကိုကျော်ထိုးတဲ့အခါကျတော့လည်း တစ်ပတ်ကျွမ်းနဲ့ ဟိုဘက်မှာတစ်ခါ ခြေထောက်နဲ့ပြန်ကျတယ်။



ဘုရင့်ရုံ။

**ဒိုင်ဗင်တင်လှ**။ ။ ရေထဲကျတော့ ဒီလိုထိုးတာ (လက်ဟန်ပြပြီး ပြော)။

**ကြည်စိုးထွန်း**။ ။ အဘတို့ကနေ ပြီးတော့ ရုပ်ရှင်တွေထဲ အဲဒီလိုထိုးကြရော၊ ဒိုင်ဗင်တွေ ထိုးပြတယ်မှတ်လား။ ဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒိုင်ဗင်သိပ်ထိုးချင်တာ၊ ထိုးချင်တော့ တစ်ခါတည်း ကျွန်တော်တို့မြို့က မူးချောင်းလေးရှိတယ်။ အဲဒီ မူးချောင်းတံတားပေါ်ကနေ ကျွန်တော်တို့က အဘတို့ထိုးသလို ထိုးတာပေါ့။

**ဒိုင်ဗင်တင်လှ**။ ။ တော်တော် အထိနာကုန်ကြတာပေါ့။

**ကြည်စိုးထွန်း**။ ။ တစ်ခါတလေ ကျတော့ ခြေထောက်နဲ့ မကျဘူး။ ကျောနဲ့ကျတာ ဗွမ်းဆို။

**ဒိုင်ဗင်တင်လှ**။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ အများကြီးပဲ၊ အဲဒီ ကျွန်တော်တို့ ငယ်ငယ်တုန်းက ခေတ်တုန်းကဆိုရင် ကျွန်တော်တို့ အစ်ကိုတွေရော၊ ကျွန်တော့် အစ်ကိုသူငယ်ချင်းတွေရော ညနေညနေဆို ချောင်းတံတားလေးပေါ်မှာ ဒိုင်ဗင်ကျင့်ကြတာ၊ အဲဒါအဘတို့ကို အားကျပြီးတော့ ကျင့်ကြတာ။

**ဒိုင်ဗင်တင်လှ**။ ။ ဒါပေ့ါ ဒါပေ့ါ။

**ကြည်စိုးထွန်း**။ ။ တချို့လည်း ကျောတွေ ဘာတွေ ကိုင်ပြီးတော့၊ နာပြီးတော့ ပြန်ကြရတာ။ ကျွန်တော်ကတော့ ခဏခဏ အရိုက်ခံရတယ်။ အိမ်ရောက်ရင် ရေသွားသွားချိုးလို့ဆိုပြီးတော့ အိမ်ကရိုက်တာပေါ့၊ အဘတို့ကျေးဇူးတွေပေါ့ အဘရယ်။ အဲဒီတုန်းက ဒိုင်ဗင်ထိုးတယ်ဆို ဒိုင်ဗင်ကိုက ထိုးချလိုက်တဲ့အခါမှာ သူက ကော့ပြီးတော့ ကျသွားတာတွေ၊ ရိုက်လည်းရိုက် တတ်တယ်၊ အခုတော့ မတွေ့တော့ဘူး အဘရဲ့ အဲဒါမျိုးတွေ အခုခေတ်မှာ။





**ဒိုင်ဗင်တင်လှ**။ ။ အခု အဘဆင်းလို့ရတယ်လေ။

**ကြည်စိုးထွန်း**။ ။ ဟုတ်လား။

**ဒိုင်ဗင်တင်လှ**။ ။ ဘုရင့်နောင်တံတား အခု ထိုးလို့ရတယ်။

**ကြည်စိုးထွန်း**။ ။ ဘုရင့်နောင်တံတားကို။

**ဒိုင်ဗင်တင်လှ**။ ။ အောက်မှာ လှေတစ်စင်းပဲထား။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ**။ ။ ဒိုင်ဗင်ထိုးတော့ ရေကူးပြီးတော့ လှေပေါ်တက်သွားလိုက်မယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ပါပြီ အဘရယ်၊ အဲဒီတုန်းက တွဲခဲ့ရတဲ့ မင်းသားတွေက ဘယ်သူတွေလဲ။ အဘနဲ့အတူတွဲရိုက်တဲ့ မင်းသားတွေက။

**ဒိုင်ဗင်တင်လှ**။ ။ ခုနကရဲချစ်တို့၊ ဘာတို့လေ။

**ကြည်စိုးထွန်း**။ ။ ဪ ရဲချစ်၊ နောက်အဘရဲ့ဆရာ တင်ဖေ။

**ဒိုင်ဗင်တင်လှ**။ ။ ရဲချစ်တို့၊ လက်သီးမောင်မောင်တို့။ သူတို့နဲ့ ထိုးရတယ်။

**ကြည်စိုးထွန်း**။ ။ ထိုးတော့တကယ်ထိလား။ အဲဒီတုန်းက။

**ဒိုင်ဗင်တင်လှ**။ ။ ထိုးတာ ထိတာပေါ့။

**ကြည်စိုးထွန်း**။ ။ ဟုတ်လား၊ တကယ် အထိထိုးတာပဲ။

**ဒိုင်ဗင်တင်လှ**။ ။ နှစ်နေရာရှိတယ်၊ ရင်ဝနဲ့ ဒီကို (လည်ပင်း) ထိရင် နှစ်ယောက် အဲဒါနောက်ကောက်ကျရော။ ဒီမှာ (ဝမ်းဗိုက်နေရာ) အရေးကြီးတယ်။ ဒီမှာ (မေးစေ့နေရာ) အရေးကြီးတယ်။ အားပါးတရ ချလိုက်ရင်သွားရော၊ မေ့ရော။

**ကြည်စိုးထွန်း**။ ။ အဘက ဘောက်ဆင်လည်း ထိုးဖူးတယ်ထင်တယ်နော်။

**ဒိုင်ဗင်တင်လှ**။ ။ boxer သမားပဲလေ။

**ကြည်စိုးထွန်း**။ ။ ဟုတ်လား။

**ဒိုင်ဗင်တင်လှ**။ ။ အဘက Cup တွေ ဘာတွေ ရပြီးပြီ ငယ်ငယ်တုန်းက။

**ကြည်စိုးထွန်း**။ ။ ရုပ်ရှင်ထဲကို မဝင်ခင်တုန်းကပေါ့။ လက်ဝှေ့က။

**ဒိုင်ဗင်တင်လှ**။ ။ ရုပ်ရှင်ပြီးတော့မှ အပြင်မှာလည်း ထိုးတာ။

**ကြည်စိုးထွန်း**။ ။ ဪ ဟုတ်ကဲ့။ ကဲ အဘရယ် ပြောကြပါဦးစို့၊ အဘက ဆယ့်ငါးနှစ်သားလောက်မှာ ရုပ်ရှင်ထဲဝင်ဖြစ်တာလား။

**ဒိုင်ဗင်တင်လှ**။ ။ ဟုတ်ကဲ့ ။

**ကြည်စိုးထွန်း**။ ။ နေဦး။ တပ်ထဲက ဘယ်အချိန်ဝင်တာလဲ၊ အခု ဒီမှာ တံဆိပ်တွေက ဘာတွေလဲ ပြောပါဦး ကျွန်တော့်ကို။

**ဒိုင်ဗင်တင်လှ**။ ။ အဲဒါတွေက အဘတို့ အင်္ဂလိပ် စစ်တပ်ကနေလာပြီး ဗမာ့သနက(၁)ကို စဝင်တာ သေနတ်ကိုင် တပ်ရင်း(၁) ။

**ကြည်စိုးထွန်း**။ ။ ပထမ အင်္ဂလိပ်စစ်တပ်ထဲ ကို ဝင်သေးတာ။

**ဒိုင်ဗင်တင်လှ**။ ။ အင်္ဂလိပ်စစ်တပ် ပြီးတော့မှ ဒီဘက်ဝင်လာတာ။

**ကြည်စိုးထွန်း**။ ။ ဝင်လာတော့ တပ်ထဲက ထွက်ပြီးတော့မှ ရုပ်ရှင်ထဲ ဝင်တာလား။

**ဒိုင်ဗင်တင်လှ**။ ။ ရုပ်ရှင်ထဲဝင်တာ။

**ကြည်စိုးထွန်း**။ ။ အဲဒီတော့ ကောင်းပါတယ်။ အခုအတိုင်း ကောင်းပါတယ်နော်။ ဟုတ်ပြီ ကောင်းပြီ အဘ ဒီဟာက ဘာတံဆိပ်လဲ၊ စစ်မှုထမ်းတံဆိပ်လား။

**ဒိုင်ဗင်တင်လှ**။ ။ ဒါတွေက long service တွေပေ့ါ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။ တပ်ထဲမှာ ဘယ်လိုနေရာမှာ အမှုထမ်းခဲ့လဲ။

**ဒိုင်ဗင်တင်လှ**။ ။ Burma Army BAC မှာ အင်စပက်တာ ဆရာကြီးပေါ့။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ**။ ။ နည်းပြဆရာပေ့ါ။

**ဒိုင်ဗင်တင်လှ**။ ။ Burma Army Centre School မှာ ဆရာကြီး။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။ ဪ အဲဒီမှာ ဆရာကြီး အဲဒါ ဘယ်နနှစ်လောက် ကြာလဲ။

*စာမျက်နှာ ၂၃ သို့*



ဒါရိုက်တာ ဦးဘဇင်



အေဝမ်း မေသန်း

*စာမျက်နှာ ၂၂ မှ*




**ဒိုင်ဗင်တင်လှ။** ။ ကြာတာတော့ တော်တော် ကြာတယ်။ တိုက်ပွဲတွေ ဘာတွေ ပြီးတဲ့အထိ ပြီးလို့ပေါ့။ ခလရ(၁၁)မှာ တစ်ခါ ထပ်အသစ်ဖွဲ့တော့ အဘ ဆရာ သွားလုပ်ရသေးတယ်။
**ကြည်စိုးထွန်း။** ။ ရာထူးက ဘယ်လောက်အထိရလဲ ရာထူးက။
**ဒိုင်ဗင်တင်လှ။** ။ ရာထူးက အရာခံဗိုလ်လောက် ရှိတယ်။
**ကြည်စိုးထွန်း။** ။ ဪ အရာခံဗိုလ်လောက်ရတယ်။
**ဒိုင်ဗင်တင်လှ။** ။ အဲဒီကပြီးမှ။
**ကြည်စိုးထွန်း။** ။ ထွက်လိုက်တာကို။
**ဒိုင်ဗင်တင်လှ။** ။ နို့မို့ ဗိုလ်ဖြစ်တာပေါ့။
**ကြည်စိုးထွန်း။** ။ မင်းသားလုပ်ဖို့၊ ရုပ်ရှင်ဝါသနာပါလို့ ထွက်လိုက်တာလား။
**ဒိုင်ဗင်တင်လှ။** ။ ဝါသနာ သိပ်ပါတာပေါ့။ ရုပ်ရှင်ရှူးတဲ့အတွက် နို့မို့ ဝင်ဒါမီယာမှာနေရမှာ။
**ကြည်စိုးထွန်း။** ။ မနေပါနဲ့ ကောင်းပါတယ်။ ခုအတိုင်း ကောင်းပါတယ်။
**ဒိုင်ဗင်တင်လှ။** ။ တိုက်တွေ၊ တိုက်ခန်းတွေ၊ ဘာတွေပေးတယ်။ အဘ စားဖို့ ရောင်းစားလိုက်တော့ ကုန်ပြီ။ အခုတော့ အိမ်ငှားနေရတာပေါ့။



သမီးနဲ့ နေရတာ။
**ကြည်စိုးထွန်း။** ။ စိတ်ချမ်းချမ်းသာသာရှိဖို့ အရေးကြီးတယ်။ စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ အဘ စိတ်ချမ်းသာတာပဲနော်။
**ဒိုင်ဗင်တင်လှ။** ။ အနစ္စော အနတ္တငါးပါးကို မမေ့ဘူး။ အမြဲသတိရတယ်။ အမြဲစိတ်ချမ်းသာတယ်။
**ကြည်စိုးထွန်း။** ။ ကဲ အဲဒီတော့ တပ်ထဲက နေပြီးတော့ထွက်၊ ထွက်ပြီး ရုပ်ရှင်ထဲကိုဝင်တာလား။
**ဒိုင်ဗင်တင်လှ။** ။ ရုပ်ရှင်ထဲဝင်တာ။
**ကြည်စိုးထွန်း။** ။ ရောက်သွားပြီ။ အဲဒီအခါ ပထမဆုံးကားက ဘာကားလဲ။
**ဒိုင်ဗင်တင်လှ။** ။ 'သူပုန်မ'လား၊ ဘာလား မပြောတတ်ဘူး။
**ကြည်စိုးထွန်း။** ။ ဟုတ်လား 'သူပုန်မ'က ဒါရိုက်တာ ဦးဘဇင်၊ တင်ဆွေနဲ့ မဆန်း၊ မဆန်းနဲ့အေဝမ်းက မေသန်း။
**ဒိုင်ဗင်တင်လှ။** ။ ကိုတင်ဖေနဲ့လည်း စပြီး တွဲတယ်။
**ကြည်စိုးထွန်း။** ။ ပထမကားကို ကောင်းကောင်း မမှတ်မိတော့ဘူး ပေါ့နော်။
**ဒိုင်ဗင်တင်လှ။** ။ မမှတ်မိတော့ဘူး။
**ကြည်စိုးထွန်း။** ။ 'သူပုန်မ'ဖြစ်ချင်ဖြစ်မယ်နော်။ 'သူပုန်မ'ဖြစ်ဖို့များတယ်ပေါ့နော်။
**ဒိုင်ဗင်တင်လှ။** ။ 'စောရ သက်ပြင်း'။
**ကြည်စိုးထွန်း။** ။ နောက်တစ်ခါ 'စောရ သက်ပြင်း'၊ 'စောရ သက်ပြင်း' ကျတော့ ခေါင်းဆောင်မင်းသားဖြစ်သွားပြီ၊ ခေါင်းဆောင်မင်းသားဖြစ်သွားပြီနော်၊ ခင်စန်းရီတို့၊ ဆွေဆွေသန်းတို့၊ စံရွှေတို့နဲ့ တွဲပြီးတော့နော်။ ဒါရိုက်တာမောင်လှတင်နဲ့၊ ဒါရိုက်တာ မောင်လှတင်က ဆရာရင်းပေါ့ ဟုတ်လား။
**ဒိုင်ဗင်တင်လှ။** ။ ဟုတ်တာပေါ့။
**ကြည်စိုးထွန်း။** ။ အဲဒါလေး ရိုက်ပြီးတော့နော်၊ ရိုက်ပြီးတာနဲ့ အဘက အသံထွက်ကို။
**ဒိုင်ဗင်တင်လှ။** ။ အသံထွက်လည်း ပါတယ်။ အသံထွက်လည်း ဝင်လာပြီ။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ 'လင်းလု ရောင်ခြည်' မှာ အသံထွက်ဖြစ်သွားပြီနော်၊ အဲဒီလို ရိုက်ခဲ့တယ်။ အဲဒီတော့ အတွေ့အကြုံတွေ ပြောပါဦး။ အဲဒီမှာ ရုပ်ရှင်ထဲမှာ အခက်အခဲတွေ၊ ဒါမှမဟုတ် ပျော်စရာကောင်းတာတွေ ဘာတွေရှိလဲ ပြောပါဦး။
**ဒိုင်ဗင်တင်လှ။** ။ အသံထွက် ကျတော့ နည်းနည်း အရေးကြီးသွားပြီ။ သူကစကားပြောတာကို စကားပြောကောင်းမှ၊ မကောင်းရင်မရဘူး။ အသံတိတ်တုန်းကတော့ ကိုယ်ပြောချင်ရာ ပြောလို့ရတယ်။
**ကြည်စိုးထွန်း။** ။ မှားလည်း ကိစ္စမရှိဘူး။
**ဒိုင်ဗင်တင်လှ။** ။ သူတို့က စာ၊ သူ့ဘာသာ ရေးတာကို။ အသံထွက်ကျတော့ သေချာ ပီပီသသနဲ့ ပြောရတယ်။ မှားလို့ မရဘူး။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့၊ အဲဒီတော့ ဖိုက်တင်ခန်းတွေ ဘာတွေတော့ ကိုယ်က လေ့ကျင့်ထားတယ်။ ကိုယ်က လက်ဝှေ့သမားလည်း ဖြစ်တယ်။ ဒိုင်ဗင်သမားလည်း ဖြစ်တယ်ဆိုတော့ ဖိုက်တင်ခန်းကတော့ အိုကေ။
**ဒိုင်ဗင်တင်လှ။** ။ ဖိုက်တင်ခန်း ကတော့ အိုကေပေါ့။
**ကြည်စိုးထွန်း။** ။ မင်းသမီးနဲ့ တွဲရတဲ့ အခန်းလေး ပြောစမ်းပါဦး။ မင်းသမီးနဲ့ ချစ်ခန်း ကြိုက်ခန်းကျတော့ ဘယ်လိုလုပ်လဲ။
**ဒိုင်ဗင်တင်လှ။** ။ မင်းသမီး ကတော့ တကယ် ဖက်တယ်။
**ကြည်စိုးထွန်း။** ။ ကိုယ်က စိတ်ရဲတင်းတော့ အဘက ဝါသနာကိုပါတာလား၊ အဲဒီလိုက ဝါသနာကိုပါပြီးတော့ ချစ်ခန်းကြိုက်ခန်း ဝါသနာပါတာလား။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လုပ်ရတာလား၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လုပ်တာလား၊ စိတ်ပါလက်ပါ လုပ်တာလား။
**ဒိုင်ဗင်တင်လှ။** ။ ပါတာပေါ့ စိတ်ပါတာပေါ့။
**ကြည်စိုးထွန်း။** ။ စိတ်ပါလက်ပါကို လုပ်တာ။ အဘက ဒါဖြင့် ထိုးခန်းကြိတ်ခန်းလည်း ရတယ်။ ချစ်ခန်း ကြိုက်ခန်းမှာလည်း ဒူးမတုန်ဘူး။
**ဒိုင်ဗင်တင်လှ။** ။ မတုန်ဘူး မတုန်ဘူး။
**ကြည်စိုးထွန်း။** ။ ဪ အဘ ဒါဖြင့် တော်တော်ကို နှစ်ဖက်စလုံးဖြစ်တာပေါ့နော်၊ သီချင်းတွေ ဘာတွေကော ဆိုဖူးလား။
**ဒိုင်ဗင်တင်လှ။** ။ သီချင်းဆိုတာ ရတယ်။ သီချင်းလည်း ရတယ်၊ ပြဇာတ်တွေ ဘာတွေကျတော့ သီချင်းဆိုရတာပေါ့။ ပြဇာတ်မင်းသားလည်း လုပ်စားသေးတယ်။
**ကြည်စိုးထွန်း။** ။ ပြဇာတ်မင်းသား အဲဒါက အဘ ဇာတ်တွေနဲ့လုပ်တာလား၊ ရုပ်ရှင်အဖွဲ့နဲ့ လုပ်တာလား။
ဒိုင်ဗင်တင်လှ။ ။ ရုပ်ရှင်မင်းသားဆိုတော့ ဇာတ်ထဲက ခေါ်တယ်။ ပုသိမ်က ဦးစိန်သော် သား နယ်လှည့်ပြီးတော့ ဇာတ်ထဲမှာ ကရတယ်။ ရှေ့ပိုင်းပြဇာတ်မင်းသားပေါ့။ အဲဒီတော့ စုံတွဲပဲ သီချင်းပါဆိုရတယ်။
**ကြည်စိုးထွန်း။** ။ ဪ အဲဒီမှာ သီချင်းဆိုတယ်ပေါ့။ ပြဇာတ်တွေမှာ။
**ဒိုင်ဗင်တင်လှ။** ။ သီချင်းတောင် မေ့ကုန်ပြီ၊ ခါတိုင်းက တော်တော်လေး ဆိုနေသေးတယ်။
**ကြည်စိုးထွန်း။** ။ ဟုတ်လား နည်းနည်းလောက် ရသေးလား။
**ဒိုင်ဗင်တင်လှ။** ။ အဘ ဘုရားအလုပ်ပဲ လုပ်နေတော့၊ အာရုံပြုနေတော့ အဲဒါတွေက မေ့ကုန်ရော။
**ကြည်စိုးထွန်း။** ။ နစ္စဂီတပေါ့ ဟုတ်လား။
**ဒိုင်ဗင်တင်လှ။** ။ အနစ္စောအနတ္တ ငါးပါး ဘုရားစာပဲရွတ်နေတာ သီချင်းတွေလည်းမေ့ကုန်ပြီ။ တရားအလုပ်ပဲလုပ်နေတာ။ ဒါကြောင့် အဘ အသက်ရှည်တာ။
**ကြည်စိုးထွန်း။** ။ ဪ ဪ။
**ဒိုင်ဗင်တင်လှ။** ။ ဗမ္မာရုံမှာ အဘ အသက်အကြီးဆုံးပဲ။
**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။
**ဒိုင်ဗင်တင်လှ။** ။ အဘထက် ငယ်တဲ့ အဘိုးကြီးတွေ ဒီလို သွားနေရတာ (ခါးကုန်းတောင်ဝှေးကိုင်သလို လုပ်ပြ)။
**ကြည်စိုးထွန်း။** ။ ဘယ်နှခုနှစ်မှာ မွေးတာလဲ အဘ။
**ဒိုင်ဗင်တင်လှ။** ။ ခုနှစ်က ၉-၇-၁၉၁၆။
**ကြည်စိုးထွန်း။** ။ ဪ ဒါဖြင့် ၉၄ ထဲ ရောက် နေ တာ ပေါ့။ ရက်ပိုင်းလေးရောက်နေတာ ၉၃ နှစ်ပြည့်သွားပြီ။



**ဒိုင်ဗင်တင်လှ။** ။ ဝါဆိုလပြည့်ဆို ပြည့်သွားပြီ။
**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ပြီ အဘ။ အဘ ဘယ်လောက် နေဦးမှာလဲ တစ်ရာ့ငါးဆယ်လောက် နေဦးမှာလား။
**ဒိုင်ဗင်တင်လှ။** ။ ဒါကတော့ သဗ္ဗေသတ္တာ ကမ္မသကာပေါ့။ ပြောလို့မရဘူး၊ နေချင်လည်း နေရမှာပေါ့။
**ကြည်စိုးထွန်း။** ။ အား ကျန်းမာတာပဲနော်။ အဘက အခုဟာကလေ အသံတိတ်ကားတွေလည်း ရိုက်ဖူးတယ်။ အသံထွက်ကားလည်း ရိုက်ဖူးတယ်။ ဆရာ့အနေနဲ့ဆိုရင် ဒါရိုက်တာ မောင်လှတင်ရှိမယ်။ နောက်တစ်ခါကျတော့ မင်းသားတင်ဖေရှိမယ်။ အဲဒီလိုရိုက်တဲ့အခါ ကျတော့များသောအားဖြင့်တော့ အဘတို့က ဒိုင်ဗင်ထိုးတဲ့ အခန်း၊ နောက်တစ်ခါ ကျတော့ ဆိုင်ကယ်တွေ၊ ကားတွေကော စီးရလား။ *(ဆက်လက်ဖော်ပြပါမည်)*



# ညောင်တုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ညောင်တုန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်အဆင့်လုပ်ငန်းကော်မတီသို့ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လွှဲပြောင်း ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေးက ထောက်ပံ့ ငွေကျပ် သိန်း ၁၂၀ နှင့် ရောဂါကာကွယ်ရေးအတွက် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ ၅၅ စုံနှင့် နှာခေါင်းစည်း ၁၀၀၀ တို့ကို လွှဲပြောင်းပေးအပ် လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်နီနီမိုးနှင့် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးလှိုင်ဦးတို့က လက်ခံယူခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ညောင်တုန်းမြို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနေရာဖြစ်သည့် အထက (၁) စောင့်ကြည့်ရေးစင်တာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**ဝဋ္ဌာနိုင် (ညောင်တုန်း)**



# ကျောက်တံခါးမြို့နယ် ဝါးနက်ရိုးချောင်းတံတား တည်ဆောက်ရန် ထောက်ပံ့ငွေပေးအပ်

**ကျောက်တံခါး ဧပြီ ၈**

ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဝါးနက်ရိုးချောင်းတံတား တည်ဆောက်ရန်အတွက် ဧပြီ ၆ရက်က ထောက်ပံ့ငွေပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်နှင့် ဝန်ထမ်းများ၊ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများတက်ရောက်ကြပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးထံ ဝါးနက်ရိုးချောင်းတံတား တည်ဆောက်ရန်အတွက်ထောက်ပံ့ငွေကျပ် ၈၉ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါတံတားသည် ကျောက်တံခါးမြို့နယ် ကျောက်တံခါး-ဖောဓိကွင်း-နံ့ဇကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် ဝေနေယျသုခလမ်းပေါ်တွင် တည်ရှိပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အရှည် ၂၅ ပေ၊ အကျယ် ၁၄ ၊ အမြင့် ၁၂ ပေ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အဖွဲ့သည် သူဌေးကုန်း- တောင်ခင်ကျေးရွာချင်းဆက်လမ်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ဝန်ထမ်းများအား ဆန်၊ ကြက်သွန်နှင့် ကြက်ဥထောက်ပံ့ပေး

**ကျောင်းကုန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား ဆန်၊ ကြက်သွန်၊ ကြက်ဥ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက သင်္ကြန်ကာလအတွင်း ဝန်ထမ်းများအားလုံး နာရေးကိစ္စမှအပ လက်ရှိဒေသမှ ခရီးသွားခြင်းမပြုရန် ညွှန်ကြားထားရာ မိမိတို့အနေဖြင့် အကြောင်းကိစ္စရှိပါက အဆင်သင့်နေကြရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေ ကင်းစင်ချိန်မှ ပိတ်ရက်ခံစားခွင့် ပြန်လည်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်း ၂၇ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ကြက်သွန် ၁ ပိဿာနှင့် ကြက်ဥ ၁၀ လုံးစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လူနာတင်ယာဉ်တစ်စီးလှူဒါန်း

**ဟားခါး ဧပြီ ၈**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာ တိုက်နယ်ဆေးရုံအတွက် လှူဒါန်းသည့် လူနာတင်ယာဉ်တစ်စီးကို သီကီးရ် တိုက်နယ်ဆေးရုံသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယမန်နေ့က အဆိုပါတိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က သီကီးရ်ကျေးရွာ တိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိသော လူနာတင်ယာဉ်ကို ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့ခြင်းနှင့် မော်တော်ယာဉ် ရေရှည်တည်တံ့ရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန်၊ ကျေးရွာပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဆေးရုံကြီးကြပ်မှုကော်မတီနှင့် ကျန်းမာရေးဝန်ထမ်းများ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် လူနာတင်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ သီကီးရ်ကျေးရွာ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် ကာလအတွင်းအသုံးပြုနိုင်ရေး ကာကွယ်ရေးဆေးပစ္စည်းများ၊ လူနာတင်ယာဉ်ထိန်းသိမ်းခြင်းအတွက် အသုံးပြုနိုင်ရန် မတည်လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က လွှဲပြောင်းပေးအပ်ရာ တိုက်နယ်တာဝန်ခံဆရာဝန် ဒေါက်တာမျိုးမင်းသက်နှင့် တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြင့်နိုင်စိုး(ပြန်/ဆက်)**



# မိတ္ထီလာ၌ လူ့ခန္ဓာကိုယ်အား အာရုံခံစနစ်ဖြင့် အလိုလျောက်ပိုးသတ်ဆေးဖျန်းပေးသည့်စက် ပြုလုပ်



**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာ၌ လူ့ခန္ဓာကိုယ်အား ဆင်ဆာစနစ်ဖြင့် အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စက်ကိုအက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)နှင့် မိတ္ထီလာတက္ကသိုလ်လူငယ်များပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ပြုလုပ်လျက်ရှိရာ ဧပြီ ၆ ရက်က ပြီးစီးအောင်မြင်ခဲ့ပြီး ထည့်သွင်းမည့်ဆေးအတွက်ကိုမူ စီစဉ်နေဆဲဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လူဝင်လူထွက်များတဲ့ ဥပမာဆေးရုံလိုနေရာမျိုးတွေမှာ ထားရှိပေးနိုင်ဖို့ ဒီစက်ကို ပြုလုပ်တာပါ။ အက်ရှင်အေ့ဒ်မြန်မာနဲ့ မိတ္ထီလာတက္ကသိုလ်လူငယ်များပရဟိတအဖွဲ့ကလူတွေ ပူးပေါင်းပြီး ဆောင်ရွက်တာပါ။ လိုအပ်တဲ့ငွေကြေးကို ငြိမ်းချမ်းအေးဝေစည် မြန်မာပြည်အသင်းနဲ့ ဇေယျာရွှေတိုးကုမ္ပဏီတို့က အဓိကပံ့ပိုးကူညီပြီး အလှူရှင်တချို့ကလည်း ထောက်ပံ့ထည့်ဝင်ပေးတာမျိုးရှိပါတယ်။ စက်တီထွင်ပြုလုပ်တဲ့အပိုင်းက အောင်မြင်ပြီးစီးသွားပြီဖြစ်ပေမယ့် လူ့ခန္ဓာကိုယ်ကို ဖျန်းမှာဖြစ်တဲ့အတွက် လူကို မထိခိုက်စေရေး ဘယ်လိုဆေးမျိုးသုံးသင့်တယ်ဆိုတာနဲ့ လိုအပ်တဲ့အကြံဉာဏ်တွေ ပံ့ပိုး ကူညီဖို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ကို တင်ပြအကူအညီ တောင်းထားပါတယ်"ဟု အက်ရှင်အေ့ဒ်မြန်မာ ( မိတ္ထီလာရုံး) တာဝန်ခံ ဦးတိုးတိုးက ပြောသည်။

အဆိုပါ လူ့ခန္ဓာကိုယ်အား ဆင်ဆာစနစ်ဖြင့် အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စက်အား ပြုလုပ်ရာတွင် အချိန် သုံးရက်မှ လေးရက်အထိ ကြာမြင့်ပြီး ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။

"အဖွဲ့က လူငယ်တွေအားလုံးစုပေါင်းပြီး အခုလိုအများအကျိုးပြုနိုင်မယ့်စက်ကို တီထွင်ပြုလုပ်တာပါ။ လိုအပ်မယ်ဆို အခုလိုစက်တွေကို ထပ်မံပြီးပြုလုပ်ပေးသွားမှာပါ "ဟု မိတ္ထီလာတက္ကသိုလ်လူငယ်များ ပရဟိတအဖွဲ့က ကိုအောင်မိုးကျော်က ပြောသည်။

မိတ္ထီလာမြို့တွင် မြို့မဈေးကြီးအတွင်းသို့ ဈေးရောင်းဈေးဝယ်ဝင်ရောက်သူများအား ဧပြီ ၈ ရက်က စတင်ပြီး ကိုယ်အပူချိန်တိုင်းစက်ဖြင့် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးကန်များထားရှိ၍ လက်ဆေးကြရန် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ချမ်းသာ ( မိတ္ထီလာ)**

# မန်းရွှေစက်တော်ရာ ကိုးခန်းကြီး တန်ဆောင်းတော် ပြုပြင်မွမ်းမံခြင်းဆောင်ရွက်

**မကွေး ဧပြီ ၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ယခုနှစ်တွင် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ရာ ဘုရားကြီးရှိ ကိုးခန်းကြီးတန်ဆောင်းတော်ကြီးကို နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓအနွယ်ဝင်ရဟန်းရှင်လူပြည်သူများ အေးချမ်းစွာ ဖူးမြော် ကြည်ညိုနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်သည်။

မန်းရွှေစက်တော် ဘုရားကြီးရှိ ကိုးခန်းကြီးတန်ဆောင်းတော်ကြီးကို ငွေကျပ်သိန်း ၅၀၀၀ ကျော် အကုန်အကျခံ၍ ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ကြမ်းခင်းနှင့် မျက်နှာကြက်တော်များကို မြန်မာမှုဗိသုကာ ပုံစံအတိုင်း ပြင်ဆင်ထားရှိကာ မန်းရွှေစက်တော် အထက်စက်တော်ရာရှိ မြတ်စွာဘုရားခြေတော်ရာအစစ်ကိုငုံပြီး တည်ထားသော စေတီတော်ကိုလည်း ထီးတော်အသစ် တင်လှူပူဇော်ထားရှိကြောင်း သိရသည်။(**အပေါ်ပုံ**) **သန်းနိုင်ဦး(ငဖဲ)**



မန်းရွှေစက်တော်ရာ ကိုးခန်းကြီး တန်ဆောင်းတော်အား ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

# ငဖဲမြို့နယ်၌ လယ်ယာကေ ၄၀၀ ခန့်အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**ငဖဲ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သာစည် ကျေးရွာ၌ ကျေးရွာနေပြည်သူများ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ ရာသီမရွေး အချိန်မီ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်ထုတ်လမ်းဖောက် လုပ်လျက်ရှိရာလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။ (**အောက်ပုံ**)

သာစည်ကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၆၉၅၀၊ အကျယ် ၁၂ ပေ၊ ထု တစ် ပေ ကိုးလက်မ ချောင်းသဲကျောက်တင်ပြီး မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေပြွန်ခြောက်စင်း တည်ဆောက်ခြင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည်။

သာစည်ကျေးရွာသည် ငဖဲမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၃၃၀ ခန့်နေထိုင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြသည်။



"အရင်ကဆို လယ်ယာထဲက ထွက်ကုန်သီးနှံတွေကို လှည်းနဲ့သာ ခက်ခက်ခဲခဲ သွားရောက်သယ်ယူ နိုင်ပါတယ်။ ထွက်ကုန်သီးနှံတွေကို သယ်ယူရတာ မလွယ်ကူဘဲ ဈေးကွက်ကို တင်ပို့ရောင်းချရာမှာ အချိန်ကြာမြင့်တာမို့ ဒေသခံပြည်သူတွေက တင်ပြခဲ့လို့ အခုလိုလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးတာ ဖြစ်ပါတယ်" ဟု သာစည်ကျေးရွာနေ ဦးခင်ထွေးက ပြောသည်။ **သူရိန်(မင်းဘူး)**

# ဆီဆိုင်မြို့နယ်၌ တောင်သူအကျိုးပြု ကေ ၁၆၀၀ ကျော်ခန့်ရှိ ရေထိန်းတံခါး ဆည်ရေသောက်စနစ်များ အကောင်အထည်ဖော်

**ဆီဆိုင် ဧပြီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုနှင့် တဘက်ကျေးရွာ အုပ်စုအတွင်းရှိ နမ့်တဘက်ချောင်းမကြီးကို အခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းအနက် မကောက်ရေထိန်းတံခါး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းနှင့် နောင်စကာရေလွှဲဆည် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဧပြီ ၄ ရက်က မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရဲထွန်း၊ တဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းကော်ခမ်းနှင့် ဒေသခံပြည်သူများ ကွင်းဆင်းကြည့်ရှုသည်။

ကုန်းဆွတ် ကျေးရွာအုပ်စု မကောက်ရေထိန်းတံခါး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို တူးမြောင်းအရှည်ပေ ၅၆၀၀၊ တူးမြောင်းအောက်ခြေအကျယ် ခြောက်ပေ၊ တူးမြောင်းအမြင့် ငါးပေ၊ တူးမြောင်းအဆောက်အအုံ ခုနစ်ခုဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀ ဖြင့် လည်းကောင်း၊ တဘက်ကျေးရွာအုပ်စု နောင်စကာ ရေလွှဲဆည်ဆည်ရေ သောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းကို တူးမြောင်းအရှည်ပေ၉၄၀၀၊ တူးမြောင်းအဆောက်အအုံ ခြောက်ခု ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၄၈ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနမှ ဦးစီးအရာရှိထံမှ သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

# ငဖဲမြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ငဖဲ ဧပြီ ၈**

မင်းဘူးခရိုင် ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်မှထောက်ပံ့သည့် ဒေသဖွံ့ဖြိုးရေးဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်က လွှတ်တော်ရန်ပုံငွေနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းကြူနှင့် အမှတ် (၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်နှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ငွေကြေးသုံးစွဲမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ လုပ်ငန်းအားလုံးအတွက် ပထမအကြိမ် ထုတ်ပေးသောငွေကျပ်သိန်း ၄၈၅၀၀၀၀ ကို တာဝန်ရှိသူတို့က သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်မှ ပံ့ပိုးသည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ငဖဲမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ ၁၉ အုပ်စုမှ လမ်း၊ တံတားလုပ်ငန်းခုနစ်ခု၊ ရေရရှိရေးလုပ်ငန်း ၁၇ ခု၊ အခြားလုပ်ငန်းလေးခုတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်း မပြုရန် နှိုးဆော်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**

**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။

❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်း မပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပညာပေးနှိုးဆော်ချက်

❋ မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

❋ အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော( သို့မဟုတ်) ဥနှင့် ပြည့်ဝနေသောမျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့်တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ၁၄ ရက်စောင့်ကြည့်ရေးစင်တာ နှစ်နေရာနှင့် တိုက်နယ်ဆေးရုံတစ်ရုံအတွက် ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

**ဟသ်ာတ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ၁၄ ရက်စောင့်ကြည့်ရေးစင်တာနှစ်နေရာနှင့် တိုက်နယ်ဆေးရုံတစ်ရုံအတွက် ယမန်နေ့က 11 Family ပရဟိတလူငယ်များအဖွဲ့ (ရန်ကုန်)က ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းသည်။

အဆိုပါအဖွဲ့ က ဓမ္မိတိုက်နယ်ဆေးရုံနှင့် ယုန်သလင်း(အထက)စောင့်ကြည့်ရေးစင်တာ၌ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၊ ဆေးနှာခေါင်းစည်း ၅၀၀၊ နှာခေါင်းစည်း ၅၀၊ လက်အိတ် ၃၀၀ ၊ လက်သန့်ဆေးရည်ဘူး၊ နှာခေါင်းစည်း ၈၀ နှင့် ခေါက်ဆွဲခြောက်တို့ကို လှူဒါန်းပေးခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် အခြားစေတနာ ရှင်ပြည်သူများနှင့် 11 Family ပရဟိတ လူငယ်များအဖွဲ့(ရန်ကုန်)တို့ ပူးပေါင်း လှူဒါန်းပေးခြင်းဖြစ်ပြီး ပြီးခဲ့သည့် မတ် ၂၉ ရက်ကလည်း ဟသ်ာတမြို့နယ်ရှိ စောင့်ကြည့်ရေးစင်တာနှစ်ခုတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးမဖြစ်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေစဉ် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ဖိုင်ဘာစက်လှေ၊ အသက်ကယ်အင်္ကျီနှင့် ရေသန့်စက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| Lot 1 | ဖိုင်ဘာစက်လှေ (40)HP (၁၀)ဦးဆံ့ | (၅) စီး | ဇဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၇,၀၀၀,၀၀၀/– (၁ စီးနှုန်း) |
| Lot 2 | ဖိုင်ဘာစက်လှေ (40)HP (၁၀)ဦးဆံ့ | (၄) စီး | ဇဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၇,၀၀၀,၀၀၀/– (၁ စီးနှုန်း) |
| Lot 3 | ဖိုင်ဘာစက်လှေ (13)HP (၈)ဦးဆံ့ | (၅) စီး | ဇဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၂,၅၀၀,၀၀၀/– (၁ စီးနှုန်း) |
| Lot 4 | ဖိုင်ဘာစက်လှေ (13)HP (၈)ဦးဆံ့ | (၅) စီး | ဇဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၂,၅၀၀,၀၀၀/– (၁ စီးနှုန်း) |
| Lot 5 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | (၅၀၀)ထည် | ဇဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၁၅,၀၀၀/–(၁ထည်နှုန်း) |
| Lot 6 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | (၅၀၀)ထည် | ဇဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၁၅,၀၀၀/–(၁ထည်နှုန်း) |
| Lot 7 | ကလေးဝတ်အသက်ကယ်အင်္ကျီ | (၅၀၀)ထည် | ဇဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၇,၅၀၀/–(၁ထည်နှုန်း) |
| Lot 8 | ကလေးဝတ်အသက်ကယ်အင်္ကျီ | (၅၀၀)ထည် | ဇဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၇,၅၀၀/–(၁ထည်နှုန်း) |
| Lot 9 | ရေသန့်စက် | (၅)လုံး | ဇဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၂,၅၀၀,၀၀၀/– (၁လုံးနှုန်း) |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်–

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** – (၂၂–၄–၂၀၂၀ )ရက်မှ (၅–၅–၂၀၂၀)ရက်အထိ ရုံးအချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရမည့်ကာလ** – (၃၀–၄–၂၀၂၀)ရက် (၀၉:၃၀) နာရီမှ (၁၂–၅–၂၀၂၀) ရက် (၁၆:၃၀)နာရီ အထိ

(ဂ) **တင်ဒါရောင်းချမည့်နေရာ** – ရုံးအမှတ်(၂၃)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေ့နှင့်နေရာ** – ရုံးအမှတ် (၂၃)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။ (တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇– ၄၀၄၃၉၅၊ ၀၆၇– ၄၀၄၃၆၉ သို့ (၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ပေါ်ပြူလာမိုဘိုင်း၊ အထက်တန်းကျောင်းလမ်း၊ ရပ်ကွက်(၁)၊ ဘန့်ဘွေးမြို့၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် တရားဝင်ရုံးစိုက်သော **POPULAR BANT BWE LIMITED** အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။

**(မှတ်ပုံတင်အမှတ်–၄/ ၃၉၇၅/ ၂၀၂၀)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား (အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်သတ်မှတ်ချက်– ၁၊၂၉)ဖြင့် သဘာဝအော်ဂဲနစ် မြေဩဇာ၊ ကြယ်ပဲစေ့၊ ကြယ်ပဲလှော်၊ ကြယ်ပဲဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတို့တွင် ကပ်နှိပ်ယှဉ်တွဲဖော်ပြအသုံးပြုမည် ဖြစ်ပါသည်။

အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**POPULAR BANT BWE LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆုမွန်အောင်**
**အထက်တန်းရှေ့နေ(စဉ်–၂၉၉၂၄)**

**ဒေါ်ဇာခြည်ထွေး**
**အထက်တန်းရှေ့နေ(စဉ်–၄၄၆၀၆)**

**Partnership in practice between:**
**Bizlaw Consult Myanmar Co.,Ltd & MYANMAR IP PRO Co.,Ltd**
**No.527 (B-4), Zayya 18th Street, (10) Ward,**
**South Okkalapa Township, Yangon 11091, Myanmar.**
**Office Ph: +959 45678 1114, +959 45678 1115.**
**Email: bizlaw4@bizlawmyanmar.com, https://bizlawmyanmar.com**

ရက်စွဲ။ ။၂၀၂၀ ခုနှစ်၊ ဧပြီလ၊ ၉ ရက်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် မြေငှားဂရန်(အသစ်၊စက်မှုစီးပွား) လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| စဉ် | လျှောက်ထားသူ | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဒေါ်အေးအေးသောင်း | ၁၆၅၅၊အုတ်ဖို | ၅၁၉ | ၀.၀၉၇ | အသစ် |
| ၂။ | ဦးသုတ | ၁၊ရန်ဝေးအနောက် | ၁၄ | ၀.၀၂၈ | အသစ် |
| ၃။ | ဦးဇော်နိုင်အောင် | ၁၊ရန်ဝေးအနောက် | ၇၇/၅၅ | ၀.၀၆၀ | အသစ် |
| ၄။ | ဒေါ်သီတာခိုင် | ၁၆၁၁/ဃ–၁ကန်ပြာလယ် | ၁၉/၂ | ၀.၇၅ | စက်မှုစီးပွား |
| ၅။ | ဦးစန်းယု | ၁၃/မြင်သာအရှေ့ | F–၁၅ | ၀.၀၆၀ | အသစ် |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/4188 Tun Light Truck P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စိန် ၉/မရမ(နိုင်)၀၀၅၁၆၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## တိုင်းဒေသကြီးပညာရေးမှူးရုံး၊မကွေးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့်သင် ကျောင်းသားကျောင်းသူများ(KG–မပါ)အတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးနိုင်ရန် တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်သွင်းရမည့်ဗလာစာအုပ်** – ၂၇၄၇၉၆ ဒါဇင်

(ခ) **တင်ဒါပိတ်မည့် ရက်၊အချိန်** ၂၇–၄–၂၀၂၀ ရက်(တနင်္လာနေ့) ၁၆:၃၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့် ရက်၊အချိန်** ၂၈–၄–၂၀၂၀ ရက်(အင်္ဂါနေ့) ၁၀:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၃။ တင်ဒါလျှောက်လွှာများကို ၇–၄–၂၀၂၀ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးမှူးရုံး၊မကွေးမြို့**
**ဖုန်း–၀၆၃–၂၀၂၈၆၇၁၊၀၉–၂၅၆၅၈၄၄၅၀**
**၀၉–၄၀၁၅၆၀၉၈၉၊၀၉–၄၀၁၅၅၇၉၈၀**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
## အေးသာယာမြို့ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း
## အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက်
## အဆိုပြုလွှာ Expression of Interest (EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် အေးသာယာမြို့၊ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း ၁.၇၅၃ ဧကခန့်အား အဆင့်မြှင့်တင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပုံစံများကို စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများသည် ဒေသဖွံ့ဖြိုးရေးအတွက် ရေရှည်ကောင်းမွန်သောအစီအမံများဖြင့် ရေးဆွဲတင်ပြနိုင်ပါသည်။ EOI စိစစ်ရွေးချယ်ရေးကော်မတီအား အဆိုပြုမည့် ဒီဇိုင်းပုံစံနှင့် အသေးစိတ်စီမံချက်တို့ကို (Power Point) ဖြင့် သတ်မှတ်ရက်တွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပါသည်။ ကုမ္ပဏီအဆိုပြုလွှာများအား ရွေးချယ်ရေးနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၂–၅–၂၀၂၀ ရက် ညနေ ၄:၀၀ နာရီအရောက် ကြီးကြပ်ရေးကော်မတီ (ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနရုံး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့တင်သွင်းရမည်။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်းရယူနိုင်ပါသည်။ **ဖုန်း–၀၈၁–၂၁၂၃၉၁၅**

**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**
**တောင်ကြီးမြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

(၂၀၁၉–၂၀၂၀) ဘဏ္ဍာနှစ်အတွင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနလက်အောက်ရှိ အမှတ် (၁၅) ရေတွန်းစက်ရုံတွင် အသုံးပြုရန်လိုအပ်သော 90 KW Booster Pump (၂)စုံအတွက် IoT Compactable Variable Frequency Drive (VFD) နှင့် အမှတ်(၄)ရေတွန်းစက်ရုံ၊ အမြန်သဲရေစစ်ကန်တွင် အသုံးပြုရန်လိုအပ်သော Silica Sand တို့အား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) တင်ဒါဖြင့် ခေါ်ယူမည့်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) 90 KW Booster Pump (၂)စုံအတွက် IoT Compactable Variable Frequency Drive(VFD) Control Panel – ၂ စုံ

(၂) Silica Sand for Rapid Sand Filtration Treatment System – ၃၅ ကျင်း (၁၄၅တန်)

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** – ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** – ၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက် ညနေ ၃ နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း** – အမှတ်စဉ်(၁)တစ်စောင်လျှင် ၅၀၀၀ိ/–နှုန်း
အမှတ်စဉ်(၂)တစ်စောင်လျှင် ၂၀၀၀ိ/–နှုန်း

ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း–၀၉–၇၇၈၇၁၆၀၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(၅+၆+၇တိုးချဲ့)၊ ဧရိယာ ၂ ဒသမ ၂၂၅ ဧကကို ဦးကျောက်တဲ့ချိန်ပါ(၁၀)ဦးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၉–၃–၂၀၂၀ ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂–၃/၂၀၂၀)ဆုံးဖြတ်ချက်အပိုဒ် ၅(၂–ဗ)အရ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာမှုအပေါ် အဆိုပါ ဧရိယာ ၂ ဒသမ ၂၂၅ ဧကပေါ်တွင် ယခင်ဦးပိုင်အမှတ် (၆၁၄၊ ၆၁၅၊ ၆၅၈၊ ၆၅၉၊ ၆၉၀၊ ၈၆၅၊ ၈၆၆၊ ၈၇၄၊ ၈၇၅၊ ၈၈၁၊ ၈၈၂၊ ၈၈၃၊ ၉၂၅၊ ၉၂၆၊ ၉၄၁၊ ၉၄၂၊ ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃၊ ၁၀၄၉၊ ၁၀၅၀၊ ၁၀၈၄၊ ၁၀၈၅၊ ၁၀၅၇၊ ၁၂၀၂) တို့အား မြေငှားဂရန်/လိုင်စင်များ ထုတ်ပေးခဲ့မှုအပေါ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေအဖြစ် သတ်မှတ်ခြင်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဦးပိုင်တစ်ခုချင်းအလိုက် မှတ်ပုံတင်စာရင်း(၁–က)တွင် မှတ်သားထားမှုစာရင်းများအား ပယ်ဖျက်သွားမည်ကို ကန့်ကွက်လိုပါက ၂–၄–၂၀၂၀ ရက်မှ ၁၇–၄–၂၀၂၀ ရက်အထိ ၁၅ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ ၂၃၀ ကေဗွီ လှိုင်သာယာ–အသုတ်ဓာတ်အားလိုင်း၊ ဧရာဝတီမြစ်ကျော်(ဗိုလ်မြတ်ထွန်းအပိုင်း) ဓာတ်အားလိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ACSR Conductor 605 MCM(Duck)များအား ထုတ်ယူရမည့်နေရာအသီးသီးမှ လုပ်ငန်းခွင်နေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် (၂၁–၄–၂၀၂၀)ရက် (၁၄:၀၀) နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ စတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာ အား ဝန်ကြီးဌာန၏ Web Portal (www.moee.gon.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း–၀၆၇–၃၄၁၀၂၀၉၊ ၀၆၇–၃၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Guard Rail | ၅ မိုင် |
| (ခ) | Transformer(11–6.6/0.4KV,315KVA) | ၁ လုံး |
| (ဂ) | ဓာတ်ခွဲခန်းသုံး Reagents များ | 1 Lot |
| (ဃ) | Pumping Unit With Fuel Flow Meter | ၃ စုံ |
| (င) | လိပ်သဲကျောက် (Chipping 3/4") | ၂၇၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀–၄–၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈–၅–၂၀၂၀ ရက် ၁၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအားမြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း–၀၁၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်
## Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄) မှ တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော ထားဝယ်–မြိတ်လမ်းပေါ်ရှိ သမုတ်–လွတ်လွတ်တံတား၊ လွတ်လွတ်ဘက်ကမ်းချဉ်းကပ်လမ်းပေါ်ရှိ ပေ ၁၀၀ တံတား၊မင်းသန်း–မောင်းလှော် ကျေးလက်လမ်းပေါ်ရှိ မင်းသန်း–မောင်းလှော်တံတား၊ တနင်္သာရီ–မောတောင်လမ်းပေါ်ရှိ ဗောဓိကမ်းတံတား၊ ရှမ်းကိုးရွာနယ်စပ်ပတ်လမ်း၊ ခမောက်ကြီးမြို့နယ်ရှိ ဖောင်ဆိပ်တံတားတည်ဆောက်ခြင်းနှင့် ထားဝယ်–မြိတ်–တနင်္သာရီလမ်းပေါ်ရှိ ကျွဲကူး–ကျောက်ဖျာတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး GRF ရန်ပုံငွေ၊ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အတွက်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများလုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ စက်ယာဉ်များငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်–

**ဝယ်ယူမည့်ပစ္စည်းများ** – H.S.D,Ready Mixed Concrete,M.S Rod,Cement, R/Sand, Chipping, J/Wood,2.3mm Thin Sheet(8'x4'), Sheet Pile, 300x300 H Beam, 100x50 C Channel

**ငှားရမ်းမည့်စက်/ယာဉ်များ** – Z–Craft,1200 Ton Working Barge

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၀–၄–၂၀၂၀ မှ ၂၈–၄–၂၀၂၀အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးအဖွဲ့ (၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ် (၂) ရန်ကုန်မြို့ ဖုန်း–၀၉–၄၂၂၄၈၆၀၈၇ နှင့် တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်း၊ တနင်္သာရီမြို့ ဖုန်း–၀၉–၅၁၅၄၀၁၃ တို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** – ၃၀–၄–၂၀၂၀၊နံနက်(၀၉:၃၀)နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** – တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၊ တနင်္သာရီမြို့

**တင်ဒါကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း (၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၄)လမ်း၊ (အောက်လမ်း)၊ မြေကွက်အမှတ်(၆၄၂–က) ဟုခေါ်တွင်သော အလျား ပေ (၆၀) x အနံ ၁၀ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ချို ၁၄/လမန(နိုင်)၀၂၇၃၀၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် အထက်ပါအိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဟေမာငြိမ်းချမ်းအောင် ၁၄/မမက(နိုင်)၁၈၁၈၇၅ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နော်ပါးလ်စံမင်း**
**(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်–၁၆၁၂၃/၂၀၁၉)**

**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၁၉၈၆/၂၀၁၇)**

**ရုံး–စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း–၀၉–၄၂၁၁၀၃၄၅၄**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့တွင် COVID-19 ကာကွယ်ကုသရေးအတွက် အပါအဝင် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၂၀ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂၂-၄-၂၀၂၀ ရက်
ညနေ ၄:၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၂၄၉၁၆၊ ၀၂-၄၀၂၄၉၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရပ်ကွက်၊ ကွင်းအမှတ်(၁၇/၂)၊ ဦးပိုင်အမှတ် (၃၇)၊ မြေရိယာ ၀ ဒသမ ၂၂၆ဧကရှိမြေကွက်ကို ဒေါ်ဂျာမူနာဒေဗီအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ နှစ်(၃၀)ဂရန်မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၁၁-၉-၁၉၉၅ ရက်တွင် ဒေါ်ဂျာမူနာဒေဗီထံမှ ဒေါ်ရေဝါက နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ရေဝါ ၁/မကန(နိုင်)၁၀၀၀၃၆ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် ၁၄-၁-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ် (၃၂/၂၀၂၀) ကို ၁၅-၁-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၆/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
### ယင်းမာပင်ခရိုင်တရားရုံး
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၉

ကမ္ဘာ့ရတနာဘဏ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်မြင့်ဦး) မုံရွာဘဏ်ခွဲ(၃) နှင့် ၁။ ဦးအောင်မြင့်ဦး
၂။ ဒေါ်ဝဲတင် (ကွယ်လွန်သူ ဦးဝံသ၏တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ချစ်သန်း (ကွယ်လွန် သူ ဦးကံထွန်း၏တရားဝင်ကိုယ်စာလှယ်)
၄။ ဦးဌေးအောင်
၅။ ဦးကျော်ဝင်း

တရားလို — တရားပြိုင်များ

ဒေါ်ချစ်သန်း (ကွယ်လွန်သူ ဦးကံထွန်း၏ တရားဝင်ကိုယ်စားလှယ်)၊ (ဘ) ဦးချစ်ထွမ်း၊ တောင်သူ၊ သဲပြင်ကျယ်ကျေးရွာ၊ အေးချမ်းသာအုပ်စု၊ ပုလဲမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဦးဇော်မြင့်ဦးက ဘဏ်ချေးငွေ ၃၃၈၈၃၇၆၉၈ ကျပ် ၂၈ ပြားအတွက် ပြန်လည်ပေးဆပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၇ရက် (၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းဆိုချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ယင်းမာပင်ခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၁၊ စီတာပူမြောက်)၊ ဦးပိုင်အမှတ် (၁၈၀/၁)၊ မြေရိယာ ၀ ဒသမ ၁၀၈ ဧကရှိ မြေကွက်အား ကက်သလစ်အသင်းတော်အမည်ဖြင့် အမှုတွဲအမှတ် -၈၀၆(၃)/(၂၀၀၄-၂၀၀၅)အရ ၂-၉-၂၀၁၉ ရက်ထိ ၁၅ နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ဦးလီယို (ကက်သလစ်အသင်းတော်) ထံမှ ဒေါ်ခင်မာဦးက မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၀-၅-၂၀၁၉ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၃၂၇/၂၀၁၉) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ခင်မာဦး ၁/မကတ(နိုင်)၀၈၇၄၂၁ အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၊ ကျောင်းရပ်)၊ဦးပိုင်အမှတ်(၆၇)၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ဒေါ်သောင်းမြင့် အမည်ဖြင့် အမှုတွဲအမှတ် ၄၈၂/V (၂၀၁၅-၂၀၁၆)အရ ၃၀-၁၁-၂၀၄၅ ရက်ထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်သောင်းမြင့်သည် ၄-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် ၎င်း၏ခင်ပွန်း ဦးခင်မောင်မှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၉-၈-၂၀၁၉ ရက်စွဲပါ စာမှတ်ပုံတင်အမှတ်(၄၀၇/၂၀၁၉)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဦးခင်မောင် ၁/မကန(နိုင်)၀၉၈၉၆၈ အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/လ၊ ကန်လမ်း၊ အမှတ်-၂၈ ဟု ခေါ်တွင်သော (၈)ထပ်ခွဲအဆောက်အအုံ၏ ပဥ္စမထပ်(၅-လွှာ)၊ အခန်းအမှတ် (အေ-၅)၊ ဧရိယာ (၁၉၅၀) စတုရန်းပေ အကျယ်ရှိ ကွန်ဒိုမီနီယံတိုက်ခန်းနှင့်ကားပါကင်တစ်နေရာအပါအဝင် အရောင်းအဝယ်အား အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါကွန်ဒိုမီနီယံတိုက်ခန်းနှင့်တကွ ကားပါကင်တစ်နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သဲမဥ္ဇူမြင့် ၉/ညဥန(နိုင်)၁၁၂၇၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ကွန်ဒိုမီနီယံတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တကွ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအားလုံးကို လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၇၃၅၈**
**အမှတ်-၅၀၊ A-1, ပထမထပ်၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၆၄၆၆၇**

## မီးသတိပြု

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေပုဒ်မ-၂၁၊နည်းဥပဒေ-၂၂)
### တောင်ကြီးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၃နှင့် ဆက်သွယ်သည့် ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် ၃၆

ဒေါ်အေးယိမ်း နှင့် ဦးစိုင်းလျှံ
ဒီကရီအနိုင်ရသူ — တရားရှုံး

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ စာသင်ကျောင်းလမ်း၊ နယ်မြေ(၁၁)၊ အမှတ်-၃၇၄ နေ ဦးစိုင်းလျှံ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် ဧပြီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅၊ ကူးတို့မြောက်)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ ၀ ဒသမ ၀၄၄ ဧကရှိ ဦးကျော်စိန်၊ ဒေါ်သိန်းဝင်းတို့အမည်ဖြင့် အမှုတွဲအမှတ် ၈၂/၁၉၉၆ အရ ၁၂-၆-၁၉၉၆ ရက်မှ ၁၁-၆-၂၀၂၆ ရက်အထိ နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသောမြေကို ဒေါ်ဝါဝါစိန် ၅/မရန(နိုင်)၀၄၆၆၇၈၊ ဒေါ်နီလာထွေး ၅/မရန(နိုင်)၀၀၀၃၁၆ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၄၅၁)၊ စေတနာ(၁)လမ်းဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း(၃၈ပေ x ၆၀ပေ)ရှိ ဗိုလ်မှူးရဲမြင့်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းနိုင် ၉/မရက(နိုင်)၀၇၃၈၀၄ ထံမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) (၁၉ပေx၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူသည် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအစုံအလင်ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်အေးရွှေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၇)**
**အခန်း(၁၄)၊အမှတ်(၈၃)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၂၆၂၆၁၁၄၈၄**

## ၅-၄-၂၀၂၀ ရက် (တနင်္ဂနွေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ ပါ ဒေါ်ခင်လှနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှကျော် (စဉ်-၃၀၆၉)၏ အများသိစေရန် အသိပေးကြေညာခြင်းအား ကန့်ကွက်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၃၅-ဂ)နေ ဦးသိန်းတန် ၁၀/မလမ(နိုင်)၁၅၁၂၃၅ ၏လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ ၅-၄-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းအား အောက်ပါအတိုင်း အသိပေးကန့်ကွက်အပ်ပါသည်။

လူကြီးမင်း၏ကြေညာခြင်းပါ ရောင်းချရန်အိမ်နှင့် အိမ်ရာမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းတန်မှ တရားဝင်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများဖြစ်ပါသည်။

ယင်းအိမ်ရာမြေကွက်အား ဦးသိန်းတန်၏မိခင် ဒေါ်ရင်နုအမည်ဖြင့် အငှားဂရန်ရရှိထားပြီးမော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်စာရင်း (၁-က) တွင် မိခင် ဒေါ်ရင်နုအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ မိခင် ဒေါ်ရင်နုကွယ်လွန်ပြီးနောက်သားသမီးအရင်းများဖြစ်သူ ဦးသိန်းတန်၊ ဦးဘသွင်၊ ဒေါ်တင်အေးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။

မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ယင်းအိမ်နှင့် အိမ်ရာမြေကွက်အား ဦးသိန်းတန်အပါအဝင် မောင်နှမ (၃)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၆-၈-၁၉၉၃ ရက်စွဲဖြင့် ကြေညာစာချုပ်မှတ်ပုံတင်အမှတ် IV ၁၉၉၃ အရ အထင်အရှားရှိပါသည်။

၅-၄-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉)ရှိ လူကြီးမင်း၏ ခေါ်ခင်လှနွယ်ကိုယ်စား ရောင်းချရန် အသိပေးကြေညာခြင်းပါအရောင်းအဝယ်အား တရားဝင်ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေက ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုကဲ့သို့ တားမြစ်ကန့်ကွက်နေသည့်ကြားမှ ဆက်လက်ဆောင်ရွက်ပါက ရောင်းသူ၊ ဝယ်သူနှင့်တကွ အားပေးကူညီသူများအား ဥပဒေအရ ဆက်လက်အရေးယူရလိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသိန်းတန်** | **ဦးနီနီယု B.A(Law),LL.B** |
| **၁၀/မလမ(နိုင်)၁၅၁၂၃၅** | **တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်** |
| **H/P-09-254538210** | **စဉ်-၁၄၅၆ H/P-09-5322885** |
| **ဦးဟန်စည်သူ (LL.B,D.B.L,D.I.L)** | **ဒေါ်သင်းသင်းဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၁၁၅၅** | **စဉ်-၈၁၆၂** |
| **H/P-09-5320429** | **H/P-09-255812299** |

**(ဦးသိန်းတန်၏အကျိုးဆောင်ရှေ့နေများ)**
**ရုံးခန်းအမှတ် (၄၄/ဘီ)၊ ကျိုက္ခမီလမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း-၂၀)
### မုံရွာခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၈

ဦးဝင်းသန်း နှင့် ၁။ ဦးအောင်မြင့်ကျော်
၂။ ဒေါ်တင်ဝါဝါမြင့်

တရားလို — တရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်နေ ၁။ ဦးအောင်မြင့်ကျော်၊ ၂။ဒေါ်တင်ဝါဝါမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဝင်းသန်းက အပ်နှံထားသည့်သီးနှံတင်ရေစုစုပေါင်း (၁၅၉၇ ဒသမ ၅)တင်းအတွက် စုစုပေါင်းတန်ဖိုးငွေ (၄၂၅၃၉၅၅၈/-)ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၄ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလို သည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း-၂၀)
### မုံရွာခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၉

ဦးဖိုးဝ နှင့် ၁။ ဦးအောင်မြင့်ကျော်
၂။ ဒေါ်တင်ဝါဝါမြင့်

တရားလို — တရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်နေ ၁။ ဦးအောင်မြင့်ကျော်၊ ၂။ ဒေါ်တင်ဝါဝါမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဖိုးဝက အပ်နှံထားသည့် သီးနှံဖိုးငွေစုစုပေါင်း (၃၉၉၂၆၃၆၉/-)ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မေ ၄ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ဦးအောင်ကိုကို ၁၂/ဒလန(နိုင်)၀၆၂၁၀၄ ကန်ထရိုက်တာနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (မြေရှင်)နှင့် လူကြီးမင်း(ကန်ထရိုက်တာ)တို့သည် အခန်းပေးအခန်းယူစနစ်ဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းအပ်နှံခြင်းကိုလက်ခံရယူသူတို့ဖြစ်ကြကြောင်း။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မြိုင်သာယာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၉/အေ)၊ မြေကွက်အမှတ် (၁၀/ဘီ) မြေကွက်ပေါ်၌ အလျား ၂၅ပေxအနံ၄၀ပေ ၊ (၂)ခန်းတွဲ (၄)ထပ်တိုက်(၂)လုံးအား လူကြီးမင်းကလက်ခံရယူကာ ၁၃-၈-၂၀၁၆ ရက်ကပထမအကြိမ်သဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ၌-

လူကြီးမင်းဘက်မှစာချုပ်ပါသတ်မှတ်ကာလဖြစ်သည့် ၁၇-၂-၂၀၁၉ ရက်ထိ ပြီးစီးနိုင်သည့်အခြေအနေမရှိသဖြင့် ၃၀-၁-၂၀၁၉ ရက်တွင် ဒုတိယအကြိမ် စာချုပ်ထပ်မံချုပ်ဆိုပေးခဲ့ရကြောင်း။

ဒုတိယအကြိမ်ချုပ်ဆိုသည့်စာချုပ်ပါအရလည်း ပထမတိုက်ခန်း (၁)လုံးအား ၁၇-၂-၂၀၁၉ ရက်ထိလည်းကောင်း၊ ဒုတိယတိုက်ခန်း (၁)လုံးအား ၃၁-၁၂-၂၀၁၉ ရက်အထိလည်းကောင်း၊ အပြီးအစီးဆောက်လုပ်အပ်နှံရန်သတ်မှတ်ကာလ နောက်ဆုံးထားရှိခဲ့သော်လည်းပြီးစီးနိုင်သည့်အခြေအနေမရှိပြန်သဖြင့် လူကြီးမင်းဘက်မှထပ်မံတောင်းဆိုသဖြင့် ၂၉-၉-၂၀၁၉ ရက်ကထပ်မံ၍ တတိယအကြိမ်ချုပ်ဆိုပေးခဲ့ရကြောင်း။

တတိယအကြိမ်ချုပ်ဆိုသည့်စာချုပ်အရ လူကြီးမင်းဘက်မှတိုက်ခန်း(၁)လုံးကိုသာ ၃၁-၁၀-၂၀၁၉ ရက်ကပြီးစီးနိုင်ခဲ့ပြီး၊ ကျန်တိုက်ခန်း (၁)လုံးကို ပြီးစီးနိုင်ခြင်းမရှိသဖြင့် အဆိုပါစာချုပ်ပါအပိုဒ် (၅)အရပင် လူကြီးမင်းဘက်မှအကြိမ်ကြိမ်ပျက်ကွက်မှုကြောင့် စာချုပ်များအားလုံးသည်ဖျက်သိမ်းပြီးဖြစ်၍ ပျက်ပြယ်ပြီးဖြစ်ပါကြောင်းနှင့်-

ထိုသို့ဖျက်သိမ်းပယ်ဖျက်ပြီးဖြစ်သည့်အပေါ် ၁၀-၁-၂၀၂၀ရက်က မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာများတွင် လူကြီးမင်းကန်ထရိုက်တာနှင့်အခန်းကြိုပွိုင့်ဝယ်ယူသူများနှင့် အများသိစေရန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်းကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

အဆိုပါသတင်းစာကြေညာချက်များအရလည်း ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် လူကြီးမင်းတို့၏ အခန်းပေးအခန်းယူစနစ်ဖြင့်ချုပ်ဆိုခဲ့သည့် ဆောက်လုပ်ခြင်းလုပ်ငန်းအားလည်း လူကြီးမင်းဘက်မှပျက်ကွက်သည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူဘက်မှ တရားဝင်လုပ်ငန်းရပ်စဲလိုက်ပြီးဖြစ်ကြောင်းကိုဤကြော်ငြာစာပါသည့်ရက်မှစ၍ တရားဝင်ရပ်စဲလိုက်ပါကြောင်း အထူးသိစေလိုက်ပါသည်။

လူကြီးမင်းအနေဖြင့်မြေရှင်နှင့်မပတ်သက်သည့် အခြားသောကြိုပွိုင့်အရောင်းအဝယ်များ၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း, လွှဲပြောင်းခြင်းကိစ္စရပ်များအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေမြေရှင်နှင့်သက်ဆိုင်ခြင်းမရှိသကဲ့သို့ ဖြေရှင်းရန်လည်းတာဝန်မရှိသည့်အပြင်လူကြီးမင်းကဖြေရှင်းဆောင်ရွက်ပေးရန်တစ်ပတ်အတွင်း တောင်းဆိုခဲ့သော်လည်းလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိ၊ ပျက်ကွက်နေသည်ဖြစ်၍ နောက်နောင်ကျွန်ုပ်မိတ်ဆွေ မြေရှင်နှင့်လူကြီးမင်းကန်ထရိုက်တာတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှလုပ်ငန်းပတ်သက်မှုမရှိတော့ကြောင်းနှင့် လူကြီးမင်းဘက်မှဝင်ရောက်နှောင့်ယှက်ဟန့်တားအရေးဆိုခြင်းများမပြုလုပ်ရန်ဖြစ်ကြောင်းကို အသိပေးတားမြစ်လိုက်ပါသည်။

သို့မဟုတ်ပါဘဲ တစ်စုံတစ်ရာပြုမူအရေးဆိုလာပါက ကျွန်ုပ်မိတ်ဆွေဖြစ်သူဘက်မှ ဥပဒေအရတရားစွဲဆိုအရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်းကို လူကြီးမင်းကိုယ်တိုင်နှင့်အများသိစေရန် အသိပေးအကြောင်းကြားလိုက်ပါသည်။

**-ဒေါ်ဝင်းဝင်းဌေး ၁၂/အစန(နိုင်)၁၅၅၂၅၈ (မြေရှင်)၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခက်ခက်နိုင်(အထက်တန်းရှေ့နေ)** | **ဦးကြည်စိုး(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်-၂၈၆၇၄)** | **(စဉ်-၇၃၇၂/၂၀၀၅)** |

**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၆၃၉၀၀၃၉၉၊ ၀၉-၇၉၂၅၈၂၀၈၈**

## ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
# ဦးညွန့်ဝင်းမောင်
### ရုပ်ရှင်လုပ်ငန်း(ငြိမ်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃/၁)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ(ဦးသာထွန်း)ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်း ရုံး- (ဒေါ်ခင်ညွန့်) ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံးတို့၏သားကြီး ဒေါ်ခင်မေတုတ်၏ ခင်ပွန်း၊ ဒေါက်တာဇေယျာညွန့်(ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင် အရာရှိချုပ်) SME Development Bank၊ (အဖွဲ့ဝင်) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊အဖွဲ့ဝင်(ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ)-သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘိုတို့၏ဖခင် မောင်ဥက္ကာညွန့်၊ မောင်ဘုန်းသစ်ညွန့်တို့၏အဘိုး ဦးညွန့်ဝင်းမောင်သည် ၈-၄-၂၀၂၀ ရက်နံနက် ၀၀:၄၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးသွားပါကြောင်း အသိပေးအကြောင်းကြားအပ် ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးညွန့်ဝင်းမောင်
### ရုပ်ရှင်လုပ်ငန်း(ငြိမ်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃/၁)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါက်တာဇေယျာညွန့် (ဒုတိယ ဥက္ကဋ္ဌ ၊ အမှုဆောင်အရာရှိချုပ်) SME Development Bank ၏ဖခင် ဦးညွန့်ဝင်းမောင်သည် ၈-၄-၂၀၂၀ရက် နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဝန်ထမ်းမိသားစု**
**SME Development Bank**

---

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၁၊ မြို့သစ်အနောက်)၊ ဦးပိုင် အမှတ် (၁၅၆)၊မြေရိယာ ၀ဒသမ ၀၈၃ ဧကရှိ မြေကွက်အား ဒေါ်မလီ အမည်ဖြင့် အမှုတွဲ အမှတ် ၇၀၈ /V (၂၀၁၀-၂၀၁၁) အရ ၂၇-၂-၂၀၄၂ ရက် ထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါ မြေငှား ဂရန် အမည်ပေါက်သူ ဒေါ်မလီတွင် (၁) ဦးသက်ဦး၊ (၂) ဒေါ်ဖြူဖြူဝင်း၊(၃) ဒေါ်နီနီဝင်း၊ (၄)ဒေါ်မေရီဝင်း၊ (၅) ဒေါ်ခိုင်ခိုင်ဝင်းတို့ သား/သမီး (၅)ဦးရှိပြီး ၎င်း(၅)ဦးအနက်မှ ဒေါ်နီနီဝင်းနှင့် ဒေါ်မေရီဝင်းတို့အား ဒေါ်မလီမှ မြစ်ကြီးနား မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ ၂၇-၈-၂၀၁၉ရက်စွဲပါ မှတ်ပုံတင် အမှတ် (၄၀၃/၂၀၁၉)ဖြင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နီနီဝင်း ၁/ မကန(နိုင်)၀၁၂၅၁၂၊ ဒေါ်မေရီဝင်း ၁/ မကန(နိုင်) ၀၈၃၆၆၃ တို့ (၂)ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူ မည်သူ မဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်ပြည့်မြောက် သည့်ရက် အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**အနိစ္စ**

---

### ဗိုလ်ကြီးအောင်သိန်းညွန့်(ငြိမ်း) O.T.S(40)
#### ဒု ဌာနမှူး၊ စည်ပင်
#### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တိုက် ၂၄၈၊ အခန်း ၁၀၊ တိုက်လေးလုံး၊ ရန်ကင်းမြို့နယ်နေ (ဦးဘရင်-ဒေါ်ငွေအုပ်)တို့၏သား၊ ဒေါ်လှဲ့လှဲ့ဝင်း၏ခင်ပွန်း၊ ဦးကျော်စွာအောင်၊ ဦးညီညီဇော်လင်း-ဒေါ်မေဝင်းအောင်၊ ဦးစစ်သူရိန်တို့၏ဖခင်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနော်ထွယ်(ပ/၄၄၆၇)
#### ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး
#### ပေါက်ခေါင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန
#### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်ထွယ်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြည်မြို့(ခုတင်-၅၀၀) ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများ**
**ပေါက်ခေါင်းမြို့နယ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနော်ထွယ်
#### (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
#### ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
#### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ် သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါ သည်။

**တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစောမော်ကြူး(B.V.S)
#### သက်ကြီးပူဇော်ကန်တော့ခံတိရစ္ဆာန်ဆေးကုဆရာဝန်ကြီး
#### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
#### အသက်(၇၈)နှစ်

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ရာသက်ပန်အသင်းဝင်၊ သက်ကြီးပူဇော်ခံကန်တော့ခံ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး ဒေါက်တာစောမော်ကြူး သည် ၃-၄-၂၀၂၀ ရက်၊နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိ ရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့(၂၀၁၉-၂၀၂၁)**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနော်ထွယ်(ပ/၄၄၆၇) အသက်(၄၇)နှစ်
#### ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး
#### ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
#### [ IDA 1st Batch]

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်ထွယ်(ပ/၄၄၆၇) [ IDA 1st Batch] သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)၊ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၀၃)**
**[ IDA 1st Batch] မှ**
**ကျောင်းဆင်းသင်တန်းသားများနှင့် သင်တန်းသားများ၏ မိသားစုများ**

---

## ဒေါ်ကြည်လှိုင်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၄၄၊ တတိယလွှာနေ (ဦးရွှေမြ-ဒေါ်စောလှ)တို့ ၏ သမီး၊ (ဦးကြင်-ဒေါ်စောခင်)တို့၏ချွေးမ၊ (ဦးရှိန်-ဒေါ်အေးသင်)တို့၏ညီမ၊ (ဦးထွန်းစိန်)၏ဇနီး၊ ဒေါ်ခင်အေး-ဦးမြင့်စိုး (ဒေါ်ခင်ငွေး)၊ (ဦးမောင်မောင်လတ်-ဒေါ်ချိုချို)၊ဒေါ်မြမြဝင်း-ဦးဖုန်းမြင့်၊ ဒေါ်လှလှဝင်း- Capt: ဦးဝင်းနိုင်(Uniteam Marine Co.,Ltd )၊ (ဦးပြည်စိုး)-ဒေါ်မြင့် မြင့်သိန်း တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားသည် ၇-၄-၂၀၂၀ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကျော့
### အသက်(၈၉)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ ဥက္ကလမ်း၊ အမှတ်(၂၁၅) နေ (ဦးမောင်ကြီး-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးရွှေဂေါင်-ဒေါ်ငွေစိန်)တို့၏သမီးချွေးမ၊ (ဦးသောင်းတင်)(ငွေစာရင်းအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)၊ ဒေါ်ကျင်သိန်း၏ ညီမ၊ (ဦးဖိုးတင်ယေ)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်အေး(အထက-၁၊ တောင်ကုတ်)၊ ဒေါ်ခင်ခင်ဆွေ(ကျောင်းအုပ်၊ အထက-၂၊ တောင်ကုတ်)၊ ဒေါ်ညွှန့်ညွှန့်ဆွေ(ကျေး/လက်စည်ပင်/တောင်ကုတ်)၊ (ဦးမြင့်အောင်)-ဒေါ်ခင်အေးနိုင်၊ ဦးတင်ဝင်း (မြို့တော်စည်ပင်-ငြိမ်း)-ဒေါ်မြင့်မြင့်ခင်၊ (ဦးသက်မျိုးလှိုင်)-ဒေါ်သီတာအေး(မြို့/မြေဌာန၊ မြို့တော်စည်ပင်)တို့၏မိခင်၊ ဦးတေဇဖြိုးမွန်၊ ဒေါ်ခင်သူသူဝင်း (ဥပဒေ၊ ပန်းတနော်)၊ မောင်မျိုးကိုကိုဝင်း၊ မတင်သူဇာဝင်း၊ မောင်ကျော်ထက်အောင်၊ မောင်မြတ်ထူးကျော် တို့၏အဘွား၊ မောင်ဝဏ္ဏဖုန်းမြင့်၏ဖီးဖီးကြီးသည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၄၅နာရီတွင်ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဘိုကြည် BSC(IC)
### GM.(RIEC Group of Companies)
### အသက်(၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊မထွဲကျေးရွာနေ (ဦးအောင်ခင်-ဒေါ်စံသွယ်)တို့၏သား၊ မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာနေ (ဦးဘရွှေ-ဒေါ်အေးသွယ်)တို့၏သားသမက်၊ (ဦးချစ်)-ဒေါ်အေးလှိုင်၊ (ဦးကျော်ရင်-ဒေါ်တင်တင်အိ)၊ ဦးကျော်ရှင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်နိုင်-ဒေါ်လှလှတို့၏ ညီ/မောင်၊ ဒေါ်ညွန့်ရီ(မူအုပ်/ငြိမ်း)၏အစ်ကို၊ ရန်ကုန်မြို့၊ FMI အိမ်ရာဝင်းနေ ဦးကြည်စိုး (Chairman-RIEC Group of Compaines)၏ယောက်ဖ၊ အရှေ့ကြို့ကုန်း၊ (၁၀) လမ်းတောင်၊ အမှတ်(၆၇၉)နေ ဒေါ်ရီနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်သာ စိုး၊ ဒေါ်မေဇွန်တို့၏ဖခင်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အရှေ့ကြို့ကုန်း၊ (၁၀)လမ်းတောင်၊ အမှတ်(၆၇၉)နေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
#### ဦးနော်ထွယ်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
#### ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
#### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ် သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်ကုန်းမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနော်ထွယ်
### (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
### ပေါက်ခေါင်းမြို့နယ်
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန် ထမ်းဆောင်နေသော ဦးနော်ထွယ်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူး နေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနော်ထွယ်(ပ/၄၄၆၇)
### ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
### ပေါက်ခေါင်းမြို့နယ်
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေး မှူး ဦးနော်ထွယ်(ပ/၄၄၆၇)သည် ၈-၄-၂၀၂၀ရက် နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့်ဇနီး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနော်ထွယ်
### (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
### ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းထိန်ဝင်း အသက်(၆၀)
#### ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာ ဌာနခွဲ၊ ရိုတ်သိမ်းချိန်လွန် နည်းပညာသင် တန်းကျောင်း(ထုံးဘို)ကျောင်းအုပ်ကြီး ဦးမင်း ထိန်ဝင်းသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီးကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေး မှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းထိန်ဝင်း အသက်(၆၀)
#### ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာ ဌာနခွဲ၊ ရိုတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း(ထုံးဘို)ကျောင်းအုပ်ကြီး ဦးမင်း ထိန်ဝင်းသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ် သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိ လားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ညွှန်ကြားရေးမှူးနှင့်**
**ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲ၊**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
#### ဦးနော်ထွယ်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)
#### ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
#### အသက်(၄၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ်သည် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်း-ဒေါ်အုံးမေ မိသားစု**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်ကုန်းမြို့**

# တရုတ်နိုင်ငံ ကူမင်းအခြေစိုက် ရွှေချိုက်ကုမ္ပဏီက ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေနှင့် ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ မြန်မာနိုင်ငံသို့ လှူဒါန်း

မူဆယ် ဧပြီ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ စီးပွားရေးဌာနနှင့် မြန်မာနိုင်ငံ စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်နေသော ကူမင်းအခြေစိုက် ရွှေချိုက်ကုမ္ပဏီက မြန်မာနိုင်ငံသို့ ယနေ့ နံနက် ၇ နာရီက မြန်မာ-တရုတ်နယ်စပ် မူဆယ် ကျယ်ဂေါင် ရွှေနန်းတော်ဂိတ်တွင် အလှူငွေနှင့် ကျန်းမာရေး အကာအကွယ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် ကူမင်းအခြေစိုက် ရွှေချိုက်ကုမ္ပဏီတာဝန်ရှိသူများက ကိုဗစ်-၁၉

စာမျက်နှာ ၈ ကော်လံ ၅ ❍



# ကချင်ပြည်နယ် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအား ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေး

နေပြည်တော် ဧပြီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများသည် မီးသတ်တပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ဖားကန့်စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအဖွဲ့၊ လူမှုကူညီရေးအဖွဲ့နှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ရှိသူများနှင့်အတူ ဧပြီ ၈ ရက်က

စာမျက်နှာ ၈ ကော်လံ ၅ ▼

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလိုအလျောက်ဆေးဖျန်းစက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်း



ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု အလိုအလျောက် ဆေးဖျန်းစက်ကို လက်တွေ့လုပ်ဆောင်ပြစဉ်။

မုံရွာ ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု အလိုအလျောက်ဆေးဖျန်းစက်တစ်ခုကို ယနေ့ နံနက် ၉ နာရီက လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Save Monywa အဖွဲ့နှင့် မုံရွာနည်းပညာတက္ကသိုလ်မှ ကျောင်းသားများ ပူးပေါင်း၍ အလိုအလျောက် ဆေးဖျန်းစက်ကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလိုအလျောက် ဆေးဖျန်းစက်လှူဒါန်းမှုကိုတိုင်းဒေသကြီး

စာမျက်နှာ ၈ ကော်လံ ၅ ✻

## ပေါက်ခေါင်းမြို့နယ်မှ ကျန်ရှိသည့် ရောဂါပိုးကူးစက်ခံ မိသားစုဝင်များကို မိခင်ဖြစ်သူ၏ဆန္ဒအရ ရန်ကုန် ဝေဘာဂီဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူမည်

စာ-၈

## ပညာရေးဝန်ကြီးဌာနကို Lock Down ချထားခြင်းမရှိ

စာ-၈

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ-၁၅

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ်အချပ်ပိုကိုဧပြီလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်း စာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေ အချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန် ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါ သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

# ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြည်တွင်း၊ ပြည်ပရိုးရာလက်ဝှေ့ပြိုင်ပွဲများ ရပ်ဆိုင်း

ရန်ကုန် ဧပြီ ၈

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြည်တွင်း၊ ပြည်ပ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ရပ်ဆိုင်းထားရကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် CEC၊ မြန်မာမာရှယ်ဂရုမှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ပြောသည်။

"ဒီရာသီမှာ ရိုးရာလက်ဝှေ့ကစားသမားတွေ ပြိုင်ပွဲယှဉ်ပြိုင်နေကျပါ။ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် တရုတ်၊ တိုင်ပေမှာ ကျင်းပမယ့် ပြိုင်ပွဲတွေနဲ့ ဇွန် ၆ ရက် ဂျပန်မှာကျင်းပမယ်လို့ စီစဉ်ထားတဲ့ ပြိုင်ပွဲတွေ ရပ်ဆိုင်းလိုက်ရပါတယ်။ ပြည်တွင်းမှာဆိုရင် သင်္ကြန်ရုံးပိတ်ရက် ဧပြီ ၁၀ ရက်ကနေ ၁၇ ရက်အထိ ပြုလုပ်မယ့် ကွင်းပိတ်ရိုးရာလက်ဝှေ့ပွဲကို ရုပ်သံမှာ ပြသဖို့အစီအစဉ်လည်း ရပ်ဆိုင်းလိုက်ရပါတယ်"ဟု ဦးဝဏ္ဏက ဆက်လက်ပြောသည်။

"ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရပ်နားနေရတဲ့ လက်ဝှေ့ကစားသမားတွေရဲ့စားဝတ်နေရေးအတွက်ကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် အလှူရှင်တွေက ကလပ် ၁၂ ခုကို အစားအစာတွေ ထောက်ပံ့လှူဒါန်းနေပါတယ်။ ကစားသမားများတဲ့ကလပ်ဆိုရင် ဆန်နှစ်အိတ်၊ ဆီငါးပိဿာ၊ ရေချိုငါးပိ ငါးပိဿာ၊ ငါးမြစ်ချင်း ၁၂ ပိဿာ၊ အာလူး ငါးပိဿာ ထောက်ပံ့ပေးသလို

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများ

တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ဓာတ်ပုံ – ကေကေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများအပါအဝင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည် –

**မေး ။** ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မကြာမီက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့အတွက် အတိုးနှုန်းတွေကို လျှော့ချခဲ့တာနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဖြေ ။** ။ နိုင်ငံတကာမှာ ဖြစ်ပွားနေတဲ့ COVID-19 ကြောင့် နိုင်ငံရဲ့စီးပွားရေးအပေါ် သက်ရောက်မှုကို သက်သာစေဖို့နဲ့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက်မှာ ဗဟိုဘဏ်ရဲ့ အတိုးနှုန်း (Bank Rate) ကို တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းကနေ ဝ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းကို ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

*အချပ်ပို (ခ) သို့*




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်










“ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေကျပ် တစ်ထောင်တန် ငွေစက္ကူ ပုံစံသစ်ကို ဂုဏ်ပြုထုတ်ဝေခဲ့ပါတယ်။ ဒီလို ထုတ်ဝေပြီးနောက် ကျန်ရှိတဲ့ တန်ဖိုးအလိုက် ငွေစက္ကူတွေဖြစ်တဲ့ ငွေကျပ် ၅၀ တန်၊ ငွေကျပ် ၁၀၀ တန်၊ ငွေကျပ် ၅၀၀ တန်၊ ငွေကျပ် ၅၀၀၀ တန်နဲ့ ငွေကျပ် ၁၀၀၀၀ တန် စတဲ့ ငွေစက္ကူတွေကို ဆက်လက်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်”



မြန်မာနိုင်ငံတော်ဗဟိုဘဏ် Board အဖွဲ့ဝင်များ

*အချပ်ပို (က) မှ*

ဒီလို ပြောင်းလဲသတ်မှတ်ရာမှာ အပ်ငွေတွေအပေါ်ပေးရမယ့် အနည်းဆုံးအတိုးနှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်းဖြစ်တဲ့ ၇ ဒသမ ၅ ရာခိုင်နှုန်းထက်မနည်းစေဖို့နဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်းရယူပြီး ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းအထက် ၃ ရာခိုင်နှုန်းဖြစ်တဲ့ ၁၂ ဒသမ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး ကောက်ခံခြင်းမပြုဖို့ သတ်မှတ်ခဲ့ပါတယ်။

ဒ့ါပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်းတွေမှအပ အခြားအာမခံပစ္စည်းရယူပြီးဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်းမပြုဘဲဖြစ်စေ ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၆ ရာခိုင်နှုန်းဖြစ်တဲ့ ၁၅ ဒသမ ၅ ရာခိုင်နှုန်းထက်ကျော်လွန်ပြီး ကောက်ခံခြင်းမပြုဖို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဒီလိုအတိုးနှုန်း ပြင်ဆင်ပြောင်းလဲသတ်မှတ်မှုတွေက ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်ကစပြီး အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး သတ်မှတ်ပြီးတဲ့နောက် နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိရောက်မြန်ဆန်စွာ အကျိုးသက်ရောက်မှုရှိနိုင်စေဖို့အတွက် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို တစ်နှစ်လျှင် ၉ ဒသမ ၅ ရာခိုင်နှုန်းကနေ ၁ ရာခိုင်နှုန်းထပ်မံလျှော့ချပြီး ၈ ဒသမ ၅ ရာခိုင်နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဒီလိုအတိုးနှုန်းတွေ ထပ်မံလျှော့ချလိုက်တဲ့အတွက် အပ်ငွေတွေအပေါ်မှာ ပေးရမယ့် အနည်းဆုံးအတိုးနှုန်းနဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းတွေက အရင်အတိုးနှုန်းထက် ၁ ရာခိုင်နှုန်း အသီးသီး လျှော့နည်းသွားပါတယ်။

အပ်ငွေတွေအပေါ်မှာ ပေးရမယ့် အနည်းဆုံး အတိုးနှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သွားပြီး ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းက ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သွားပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်းတွေမှအပ အခြားအာမခံပစ္စည်းရယူပြီးဖြစ်စေ၊ အာမခံပစ္စည်း ရယူခြင်းမပြုဘဲ ဖြစ်စေ ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချလိုက်ပါတယ်။ ဒီလိုအတိုးနှုန်းတွေ ထပ်မံလျှော့ချသတ်မှတ်ခြင်းက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်ကစပြီး အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

ဒီလိုအတိုးနှုန်းတွေကို လျှော့ချခဲ့တာက ငွေချေးယူမှုစရိတ်တွေ Borrowing Cost သက်သာလာပြီး စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာနိုင်စေဖို့နဲ့ ဈေးကွက်အတွင်း ကုန်စည်နဲ့ ဝန်ဆောင်မှုတွေအပေါ် ဝယ်လိုအားကို ပိုမိုလာနိုင်ပြီး စီးပွားရေးလုပ်ဆောင်ချက်တွေ (Economic Activities) အားကောင်းလာစေဖို့ ဖြစ်ပါတယ်။

**မေး ။ ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါ ငွေကျပ်တစ်ထောင်တန် ငွေစက္ကူပုံစံသစ် ထုတ်ဝေခဲ့တာကိုလည်း ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူပုံစံသစ်ကို ထုတ်ဝေဖို့ စီစဉ်ခဲ့တာကြာပါပြီ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေကျပ်တစ်ထောင်တန် ငွေစက္ကူပုံစံသစ်ကို ဂုဏ်ပြုထုတ်ဝေခဲ့ပါတယ်။ ဒီလို ထုတ်ဝေပြီးနောက် ကျန်ရှိတဲ့ တန်ဖိုး အလိုက် ငွေစက္ကူတွေဖြစ်တဲ့ ငွေကျပ် ၅၀ တန်၊ ငွေကျပ် ၁၀၀ တန်၊ ငွေကျပ် ၅၀၀ တန်၊ ငွေကျပ် ၅၀၀၀ တန်နဲ့ ငွေကျပ် ၁၀၀၀၀ တန်စတဲ့ ငွေစက္ကူတွေကို ဆက်လက်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ အပြောင်းအလဲကြီးမားစွာနဲ့ လျင်မြန်စွာ မဖြစ်ပေါ်စေဖို့နဲ့ နိုင်ငံတော်ရဲ့ နိုင်ငံခြားသီးသန့်အရန်ငွေကို ဖြည့်တင်းဖို့ ရည်ရွယ်ပြီး စည်းမျဉ်းအခြေခံတဲ့ နိုင်ငံခြားငွေဈေးပြိုင် လေလံနှစ်မျိုးကို ဆောင်ရွက်လျက်ရှိပါတယ်။

ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားမှု မရှိစေဖို့အတွက် Intervention Auction ပြုလုပ်ရာမှာ အရောင်းနဲ့အဝယ် နှစ်မျိုးစလုံးကို ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ နိုင်ငံခြားသီးသန့် အရန်ငွေကို ဖြည့်တင်းရာမှာ Accumulation Auction ဖြစ်တဲ့ အဝယ်တစ်မျိုးတည်း ဆောင်ရွက်တဲ့ နည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်။ Intervention Auction နဲ့ Accumulation Aution တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း နေ့စဉ်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဈေးပြိုင်စနစ်ခေါ်ယူပြီး နိုင်ငံခြားငွေဈေးကွက် ဝင်ရောက်ထိန်းကျောင်းရာမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကို အဆင့်တစ်ဆင့်မှာ ရောက်ရှိနေစေဖို့ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ခြင်း မဟုတ်ဘဲ ငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားခြင်းကို လျှော့နည်းစေဖို့အတွက် နိုင်ငံခြားငွေဈေးကွက်အတွင်း ငွေကြေးလွယ်ကူမှုကို ပံ့ပိုးပေးခြင်းသာ ဖြစ်ပါတယ်။

**မေး ။ ။ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို သိပါရစေရှင့်။**

ဖြေ ။ ။ နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငွေကြေးစနစ်တည်ငြိမ်မှုက အရေးကြီးပါတယ်။ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့နဲ့ ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းဖို့အတွက် စည်းမျဉ်းနဲ့ ညွှန်ကြားချက်တွေကို ထုတ်ပြန်လျက်ရှိပါတယ်။

ဘဏ်တွေအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်တွေနဲ့အညီ စနစ်တကျ လုပ်ငန်းဆောင်ရွက်နေမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်းနဲ့ စောင့်ကြည့်ကွပ်ကဲခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိမှာ အများပြည်သူတွေ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတွေကို လွယ်ကူစွာရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေနဲ့ ဒီဘဏ်တွေရဲ့ ဘဏ်ခွဲတွေကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နဲ့ ဘဏ်ခွဲပေါင်း ၂၀၀၀ ခန့် တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ဘဏ်ခွဲတွေ ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ နေရာတွေမှာ သူတို့ရဲ့ ကိုယ်စားလှယ်တွေက တစ်ဆင့် ဘဏ်လုပ်ငန်းကို မိုဘိုင်းနည်းပညာအသုံးပြုပြီး ဝန်ဆောင်မှုပေးနိုင်ဖို့ ခွင့်ပြုပေးလျက်ရှိရာ ပုဂ္ဂလိကဘဏ် ၁၂ ဘဏ်ကို မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်) ကို တွေ့ရစဉ်။

ဒ့ါပြင် ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီတဲ့ ဒေသတွေက ပြည်သူတွေ ငွေကြေးဝန်ဆောင်မှုတွေကို အလွယ်တကူရရှိစေဖို့အတွက် မိုဘိုင်းနည်းပညာအသုံးပြုပြီး ငွေပေးချေမှုနဲ့ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေကို ဘဏ်နဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းတွေအပြင် မိုဘိုင်းကွန်ရက် အော်ပရေတာတွေကပါ ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ပြီး မိုဘိုင်း ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေ

*အချပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

ဆောင်ရွက်ဖို့ မိုဘိုင်းကွန်ရက်အော်ပရေတာလေးခုနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း (Non–Bank Financial Institution–NBFI) တစ်ခုတို့ကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ချေးငွေလိုအပ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ အများပြည်သူတွေကို တစ်ဖက်တစ်လမ်းက ချေးငွေပံ့ပိုးပေးနိုင်ပြီး ငွေရေးကြေးရေးတွင် အလုံးစုံပါဝင်မှု (Financial Inclusion)ကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေ (Non–Bank Financial Institutions – NBFIs)ကို တည်ထောင် ခွင့်ပြုလျက်ရှိရာ NBFI ၂၉ ခုကို တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေအနေနဲ့ ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ ဘဏ်လုပ်ငန်းတွေ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲစုစုပေါင်း (၁၃)ခုဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေ ဆောင်ရွက်ခွင့်ပေးထားပါတယ်။

ယခုတတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားဘဏ်နဲ့ ဘဏ်ခွဲ (Branches) တွေအပြင် နိုင်ငံခြားဘဏ်တွေရဲ့ လက်အောက်ခံဘဏ် (Subsidiaries)တွေကို လုပ်ကိုင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် ပြည်တွင်းဘဏ်တွေနဲ့ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Equity Participation) ကို ကိစ္စရပ်တစ်ခုချင်းအလိုက် ခွင့်ပြုသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ငွေကြေးကဏ္ဍ တည်ငြိမ်ဖို့အတွက် ဘဏ်တွေကို ကြီးကြပ်စစ်ဆေးခြင်းနဲ့ စောင့်ကြပ်ကြည့်ရှုခြင်းတို့နဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းတွေကို တည်ထောင်ခွင့်ပြုပြီးနောက် ငွေရေးကြေးရေး အဖွဲ့အစည်းတွေအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဆုံးရှုံးနိုင်ခြေကို အခြေခံပြီး ကြီးကြပ်စစ်ဆေးခြင်း (Risk – Based Supervision) နည်းလမ်းနဲ့ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်တွေရဲ့ ငွေကြေးခိုင်မာတောင့်တင်းမှုက အဓိကအရေးကြီးတဲ့အတွက် ဘဏ်တွေ ခိုင်မာမှု ရှိ/မရှိနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ Ratios တွေအတိုင်း ထားရှိ ဆောင်ရွက်မှု ရှိ/မရှိ စတာတွေကို အနီးကပ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။

ဆုံးရှုံးနိုင်ခြေကို High၊ Medium နဲ့ Low ဆိုပြီး အဆင့်သတ်မှတ်ကာ ကြီးကြပ်စစ်ဆေးခြင်း နည်းဗျူဟာနဲ့ အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်စစ်ဆေးမည့် လုပ်ငန်းနယ်ပယ် သတ်မှတ်ခြင်း၊ လုပ်ငန်းတွင်း စီမံအုပ်ချုပ်နေမှုအပေါ် ဘဏ်ရဲ့ ဒါရိုက်တာတွေ၊ စီမံခန့်ခွဲသူတွေနဲ့ တွေ့ဆုံမေးမြန်းပြီး ဘဏ်တွေက ပြုပြင်လိုက်နာရမယ့် အချက်တွေကို Timeline သတ်မှတ်ပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်တွေ၊ ငွေရေးကြေးရေးကုမ္ပဏီတွေနဲ့ မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေ လိုက်နာရမယ့် လိုအပ်ချက်တွေကို ပြင်ပစာရင်းစစ်အဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းထိန်းကျောင်းလျက်ရှိပါတယ်။

**မေး ။ ။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ AML/CFT ဆိုတာ Anti Money Laundering/ Countering the Financing of Terrorism ဖြစ်ပြီး ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးဖြစ်ပါတယ်။

ဘဏ်တွေအနေနဲ့ သတ်မှတ်ထားတဲ့ AML/CFT ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာမှု ရှိ/မရှိကို နိုင်ငံတကာသတ်မှတ်ချက်စံတွေနဲ့အညီ စစ်ဆေးလျက်ရှိပါတယ်။

စစ်ဆေးရာမှာ အဓိက အချက်ကြီး ၁၂ ချက်ကို အခြေခံပြီး စစ်ဆေးပါတယ်။ ဒီ(၁၂) ချက်က Governance၊ Customer Due Diligence၊ Transactions and Account Monitoring၊ Risk Assessment System and Procedures for Customers and Products/ Services၊ STR Reporting၊ Threshold Transaction Reporting၊ Politically Exposed Persons (PEPs)၊ Correspondent Banking၊ Wire Transfers၊ Record Keeping၊ Internal Controls နဲ့ Staff Training တို့ဖြစ်ပါတယ်။

ဘဏ်တွေကို အကြီး၊ အလတ်နဲ့ အငယ်ဆိုပြီး အဆင့်သတ်မှတ်စစ်ဆေးပါတယ်။ ယခုဘဏ်ကြီး ငါးဘဏ် စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အလယ်အလတ်ရှိတဲ့ ဘဏ်ခြောက်ဘဏ်စစ်ဆေးခြင်းကို ဖေဖော်ဝါရီလအတွင်းမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အရွယ်အစားသေးငယ်တဲ့ ဘဏ်တွေကို ဆက်လက်စစ်ဆေးသွားမှာ ဖြစ်ပါတယ်။

ဘဏ်တွေ ခိုင်မာတောင့်တင်းစေဖို့နဲ့ နိုင်ငံတကာဘဏ်စနစ်တွေနည်းတူ တရားမဝင်ငွေတွေ ဘဏ္ဍာရေးစနစ်အတွင်း ဝင်ရောက်မလာစေဖို့ မတည်ငွေရင်း တိုးမြှင့်တဲ့အခါ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတဲ့အခါ အစုရှယ်ယာတွေ လွှဲပြောင်းတဲ့အခါတွေမှာ ငွေကြေးရင်းမြစ် (Source of Funds)ကို ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိနဲ့ အခွန်ကင်းရှင်းခြင်း ရှိ/မရှိ အဓိကထားစစ်ဆေးလျက်ရှိပါတယ်။

AML/CFT နဲ့ စပ်လျဉ်းပြီး နိုင်ငံတကာသတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း လိုက်နာမှု ရှိ/မရှိ ကို မြန်မာနိုင်ငံအနေနဲ့ ၂၀၀၇ – ၂၀၀၈ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှု (Mutual Evaluation – ME) ပုံစံနဲ့ အကဲဖြတ်ခြင်းကို ခံယူခဲ့ပါတယ်။ အကြံပြုချက် ၄၀ အနက် မြန်မာနိုင်ငံအနေနဲ့ လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေနဲ့ ထပ်မံဆောင်ရွက်ဖို့ ရှိတာတွေကို Mutual Evaluation ပြုလုပ်ခြင်းနဲ့ ဖော်ထုတ်လိုက်နာစေပါတယ်။

၂၀၁၉ ခုနှစ် ဩဂုတ်လက အာရှ – ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering – APG) ရဲ့ ထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ၉၉ ချက် သတ်မှတ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တရုတ်နိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ APG အစည်းအဝေးက လုပ်ငန်းစဉ် ၉၉ ချက်နဲ့စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုတွေကို မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းတင်ပြနိုင်ခဲ့တဲ့အတွက် လိုက်နာရမယ့် လုပ်ငန်းစဉ် ၁၄ ချက် ကျန်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ထပ်မံရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် (၈)ချက်သာ ကျန်ရှိပါတော့တယ်။

အဲဒီလုပ်ငန်းစဉ် (၈) ချက်အနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ဖို့ အချက် (၂) ချက်ရှိပါတယ်။ ပထမအချက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ ဩဇာတိက္ကမကြီးမားသူတွေ၊ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ ဒေသတွေ၊ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပေးပို့ချက်စတဲ့ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ နယ်ပယ်တွေကို ကြီးကြပ်စစ်ဆေးမှုအနေနဲ့ ဘဏ်ကြီးတွေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း လုပ်ငန်းစဉ် (On–Site Examination)နဲ့

*အချပ်ပို (ဃ) သို့*



၂၂-၄-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



၂၆-၉-၂၀၁၉ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် People’s Bank of China, Kunming Central Sub–Branch မှ ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို (ဂ) မှ*

အလတ်စားဘဏ်တွေကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အတွင်း အပြီးသတ် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဒုတိယအချက်က လက်ရှိထုတ်ပြန်ပြီး ဖြစ်တဲ့ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းအကောင်အထည်ဖော်မှုတွေကို သရုပ်ပြနိုင်ရေးအတွက် တရားဝင်လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ဖို့၊ ဒီစည်းမျဉ်းပျံ့နှံ့ရောက်ရှိဖို့နဲ့ ကြီးကြပ်စစ်ဆေးဖို့ အချက်တွေကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် အပြီးဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

Financial Action Task Force (FATF) အနေနဲ့ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်မှုနဲ့ တိုးတက်မှုတွေကို စောင့်ကြည့်လျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုနဲ့ တိုးတက်မှုအခြေအနေတွေနဲ့ စပ်လျဉ်းတဲ့ တိုးတက်မှုအစီရင်ခံစာကို အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) ကို လေးလတစ်ကြိမ် ပေးပို့ရပါတယ်။

**မေး ။ ။ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကမ္ဘာ့ဘဏ်ရဲ့ ကျွမ်းကျင်မှုအကူအညီနဲ့ ငွေပေးချေမှုစနစ်တစ်ခုလုံးအတွက် ဥပဒေပိုင်းဆိုင်ရာ လိုအပ်တဲ့ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့ Central Bank Network System (CBM – Net System)ကို ပိုမိုပြီး တဖြည်းဖြည်း တိုးတက်ကျယ်ပြန့်လာစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာမှာ အသုံးပြုမှု တွင်ကျယ်လာတဲ့ ငွေပေးချေမှု နည်းလမ်းတစ်ခုဖြစ်တဲ့ QR Code Payment ကို အသုံးပြုနိုင်ဖို့ လျင်မြန်တဲ့ ငွေပေးချေမှုနည်းလမ်းအတွက် မြန်မာနိုင်ငံရဲ့ စံသတ်မှတ်ချက် (National Standard for QR Code) ဖြစ်တဲ့ MMQR ကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်မှာ နေရာရယူထားပြီး ဖြစ်တဲ့ International Card တွေဖြစ်တဲ့ Master Card ၊ VISA ၊ JCB နဲ့ UPI တို့ရဲ့ Acquiring တွေ သာမက e-wallet provider တွေဖြစ်တဲ့ Alipay နဲ့ WeChat Pay တို့အတွက် Acquiring ဝန်ဆောင်မှုတွေကို စည်းစနစ်ကျစွာ မူဘောင်အတွင်းက ခွင့်ပြုဆောင်ရွက်နိုင်ဖို့အတွက် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း (Merchant Acquiring Service) ဆိုင်ရာ အမိန့်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၃ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

ဘဏ်တွေအနေနဲ့ အလိုအလျောက် ငွေထုတ်စက် (Automatic Teller Machine – ATM) တွေတပ်ဆင်ပြီး ငွေထုတ်ယူနိုင်ဖို့ ဝန်ဆောင်မှုပေးလျက်ရှိရာ တချို့ဘဏ်တွေက ငွေထုတ်ယူမှုနဲ့ ငွေပေးသွင်းမှုပြုနိုင်တဲ့ အလိုအလျောက် ငွေသွင်း/ငွေထုတ်စက် (Cash Recycling ATM/ Cash Recycler Machine – CRM) စက်တွေ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ATM သို့မဟုတ် CRM စက်တွေ တပ်ဆင်ရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ တပ်ဆင်ဆောင်ရွက်ဖို့နဲ့ အနည်းဆုံး လိုက်နာဆောင်ရွက်ရမယ့် လိုအပ်ချက်တွေနဲ့ စပ်လျဉ်းပြီး ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်မှာ ဘဏ်တွေကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်သူတွေ လွယ်ကူအဆင်ပြေဖို့ ဘဏ်ကို သွားရောက်ပြီး ငွေတွေ စုပြုံထုတ်မယ့်အစား မိုဘိုင်းလ်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသုံးပြုခြင်း၊ အလိုအလျောက်ငွေထုတ်စက် (ATM)တွေ အသုံးပြုခြင်းနဲ့ အလိုအလျောက် ငွေသွင်း/ငွေထုတ်စက် (Cash Recycling ATM/Cash Recycler Machine – CRM) တွေ အသုံးပြုခြင်းစတဲ့ ဘဏ်ဝန်ဆောင်မှုတွေကို ရယူနိုင်ပါတယ်။

ဘဏ်တွေကို ဘဏ်ဝန်ဆောင်မှုတွေ စဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက် ATM စက်တွေမှာ ငွေမပြတ်လပ်စေဖို့နဲ့ စက်တွေ မပျက်အောင်ထားရှိဖို့ ဘဏ်တွေကို ညွှန်ကြားထားပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအနေနဲ့ ပြည်သူလူထုကို အသိပေး ပြောကြားလိုတာတွေရှိရင် ပြောကြားပေးစေလိုပါတယ်ရှင့်။**


ဖြေ ။ ။ အထူးအလေးပေး ပြောကြားချင်တာက တိုးတက်ဖွံ့ဖြိုးလာတဲ့ ဆက်သွယ်ရေး ကွန်ရက် (Telecommunication Network)ကို အသုံးပြုပြီး အလွဲသုံးစားလုပ်မှုတွေ၊ ငွေကြေးလိမ်လည်မှုတွေနဲ့ တရားဝင်ငွေအပ်နှံခြင်းနဲ့စပ်လျဉ်းပြီး ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေမှုတွေ ပိုမိုများပြားလာတာကို တွေ့ရပါတယ်။

လိမ်လည်သူတွေက အွန်လိုင်းမှာ ရင်းနှီးမှုရယူပြီး လက်ဆောင်၊ ငွေနဲ့ ပစ္စည်းတွေကို ပို့လိုက်တယ်လို့ပြောဆိုပြီး လေဆိပ်မှာ လာရောက်ရွေးချယ်ဖို့အတွက် သူတို့ပေးတဲ့ ဘဏ်ငွေစာရင်းတွေကို ငွေလွှဲပို့စေခြင်းမျိုး၊

> “အများပြည်သူတွေ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို လွယ်ကူစွာရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေနဲ့ ဒီဘဏ်တွေရဲ့ ဘဏ်ခွဲတွေကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ပုဂ္ဂလိကဘဏ် (၂၇) ဘဏ်နဲ့ ဘဏ်ခွဲပေါင်း (၂၀၀၀) ခန့် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်”

တချို့လိမ်လည်သူတွေက အွန်လိုင်းကနေ အတိုးပေးမယ်လို့ ယုံကြည်အောင်ပြောဆိုပြီး အပ်နှံငွေတွေလက်ခံခြင်းမျိုး၊ တချို့လိမ်လည်သူတွေက Facebook Account အသုံးပြုပြီး လေလံစုမဲတာဝန်ခံဒိုင်အဖြစ် ဆောင်ရွက်ပြီး အပ်နှံငွေတွေ လက်ခံတာ၊ လေလံစုမဲတွေကို အမြတ်ငွေနဲ့ ပြန်လည်ရောင်းချတာတွေ ပြုလုပ်တဲ့အပြင် လက်ခံထားတဲ့ ငွေတွေကို လိမ်လည်တာမျိုးတွေ ပြုလုပ်နေကြပါတယ်။

ဒီလိုမျိုး လိမ်လည်မှုတွေ လျော့ကျသွားဖို့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်လာတဲ့ ဆက်သွယ်ရေးနည်းပညာတွေကို လေ့လာပြီး ကောင်းမွန်စွာအသုံးချနိုင်ဖို့ လိုအပ်သလို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ မသမာမှုနဲ့ လိမ်လည်မှုတွေကို ထိရောက်စွာထိန်းချုပ်ဖို့ လိုအပ်ပါတယ်။



၂၈-၅-၂၀၁၉ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် လာအိုဗဟိုဘဏ်မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



ဂျာမနီနိုင်ငံထုတ် အဆင့်မြင့်စက်ကြီးများဖြင့် ငွေစက္ကူများ ရေတွက်စစ်ဆေးစဉ်။